တက္ကသိုလ်

# သီဟဒေအာင်

လျှံ ယှ ဝိ မ်း ၏ ထ င်း ရှ ကျ န်း ရှူး

## မိုးကြိုးဓားနှင့်ကြေးစုတ်တံ

ပထမပိုင်း



စိုးတက်ရေး-၈၁၈

တက္ကသိုလ်

# သီဟအောင်

# မိုးကြိုးဓားနှင့်ကြေးစုတ်တံ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၉၅၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၄၈၀၂၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ဈေးတက်ရေး-စာဆော

## ကယ်တင်ရှင်

နှင်းများ တဖွဲဖွဲ ကျဆင်းနေသည်။

အရိုးကွဲမတတ်သော အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

အလွန်အေးမြနေသော အချိန်အခါ သမယတွင် လမ်းများပေါ်၌ သွားလာလှုပ်ရှားနေကြသူများသည် လူတိုင်းအနွေးထည် ကိုယ်စီဝတ်ဆင်ကာ သွားလာလှုပ်ရှားနေကြသော်လည်း ကောင်လေးတစ်ယောက်ကမူ ချည်ထည်ပါးပါးလေးတစ်ထည် ဝတ်လျက် သွားလာနေပါသည်။

ထိုကောင်လေးသည် နေစရာ စားစရာ မရှိ ကြည့်ရှုစောင့်ရှောက်မည့်သူ မရှိသော တစ်ကောင်ကြွက် လေလွင့်ဗေဒါလေးတစ်ယောက် ဖြစ်ပုံရလေသည်။

ကောင်လေးမှာ အရိုးပေါ်အရေတင် ပိန်ချုံးချည့်နည့် နေပါသည်။

အစာရေစာကိုလည်း ကောင်းမွန်စွာ စားသောက်ရပုံ မရှိသည့်အလား။

ကောင်လေးသည် ဒယီးဒယိုင်ဖြင့် လျှောက်လာယင်း စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာလေသည်။

စားသောက်ဆိုင်ထဲ၌ လူစည်ကားနေသည်။

မွှေးကြိုင်သင်းပျံ့သော ဟင်းရနံ့များက ဆိုင်အပြင်ဘက်သို့တိုင် လွင့်ပျံနေသည်။

ကောင်လေးက ဆိုင်အပြင်ဘက်၌ ခြေလှမ်းရပ်လိုက်လေသည်။

ရီဝေကာ ဝါကျင့်ကျင့်အရောင်သန်းနေသော မျက်လုံးများဖြင့် စားသောက်ဆိုင်ထဲ လှမ်းကြည့်လေသည်။

ထိုစဉ် ဆိုင်လုလင်တစ်ယောက်က ဆိုင်ထဲမှ ထွက်လာပြီး အော်ငေါက်မောင်းထုတ်လိုက်လေသည်။

"ဟိတ် ဆိုင်ရှေ့က မြန်မြန်ထွက်သွားစမ်း"

ကောင်လေးသာ ထွက်သွားခြင်း မပြုလျှင် ရိုက်နှက်မောင်းထုတ်တော့မည် ထင်ရလေသည်။

ကောင်လေးက ဆိုင်လုလင်အား တစ်ချက်ကြည့်ပြီး ထွက်သွားလေတော့သည်။

သို့သော်...

ကောင်လေးမှာ ဝေးဝေးလံလံ သွားနိုင်ခြင်း မရှိပါချေ။

ဆိုင်နှင့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်သို့ရောက်လျှင် လုံးဝမဟန်နိုင်တော့သည့်အလား။



"ဝုန်း"

မြေပေါ် လဲကျသွားတော့သည်။

ထိုအချိန်မှာ လူတစ်ယောက်က ကောင်လေးအနီးသို့ရောက်ရှိလာလေသည်။

ထိုလူမှာ မုတ်ဆိတ်ဖြူများ ရှိနေသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

အဘိုးအိုက ကောင်လေးအနီး၌ ဒူးထောက်ကာ နဖူးကို စမ်းသပ်ကြည့်လိုက်လေသည်။

ကောင်လေး၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေပါသည်။

မုတ်ဆိတ်ဖြူကြီး သက်ပြင်းချလိုက်သည်။

သတိလစ်နေပြီ ဖြစ်သော ကောင်လေးကို ပွေ့ချီကာ ပခုံးပေါ် ထမ်းလိုက်သည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။

လမ်းသွားလမ်းလာများသည်လည်းကောင်း၊ စားသောက်ဆိုင်ထဲ၌ ရှိနေကြသူများသည်လည်းကောင်း ထိုဖြစ်ရပ်ကို ကောင်းစွာ တွေ့မြင်ခဲ့ကြလေသည်။

သို့သော်...

လမ်းပေါ်၌ လေလွင့်နေသော ကောင်လေးတစ်ယောက်နှင့် ပတ်သက်ပြီး မည်သူမျှ စိတ်မဝင်စားကြပါ။

ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသော မုတ်ဆိတ်ဖြူအဘိုးအိုကိုလည်း မည်သူကမျှ စိတ်မဝင်စားကြချေ။

မုတ်ဆိတ်ဖြူကြီးက ကောင်လေးအား ပခုံးပေါ်ထမ်းကာ ထွက်သွားယင်း တဖြည်းဖြည်း ဝေးသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

အကယ်၍...

မုတ်ဆိတ်ဖြူကြီးသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပြီး တပည့်မိုက်တစ်ယောက်ကြောင့် သိုင်းလောကကို ကျောခိုင်းဇာတ်မြုပ်ခဲ့သော ထိပ်သီးသိုင်းဆရာကြီးတစ်ဦး ဖြစ်သည်ကို သိနိုင်ခဲ့ကြမည်ဆိုပါလျှင်...

လမ်းပေါ်၌ လေလွင့်ကာ ကံဆိုးနေခဲ့သော ကောင်လေးသည် မုတ်ဆိတ်ဖြူကြီးနှင့် တွေ့လိုက်ရသဖြင့် ကံကောင်းသွားပြီး တစ်နေ့တွင် သိုင်းလောက အန္တရာယ်ကို ဖယ်ရှားနိုင်သည့် သူရဲကောင်းတစ်ယောက် ဖြစ်လာမည်ဆိုသည်ကိုသာ သိနိုင်ခဲ့ကြမည်ဆိုပါလျှင်...

➤ ➤ ➤

နွေ...

မိုး...

ဆောင်း...

ရာသီအလီလီ ပြောင်းလဲသွားခဲ့လေသည်။

ကျင်းစန်းမှာ ဂူဟန်စန်းတောင်ပေါ်သို့ ရောက်ရှိလာခဲ့သည်မှာ ဆယ့်ငါးနှစ်တင်းတင်း ပြည့်သွားပြီ ဖြစ်သည်။



ထိုဆယ့်ငါးနှစ်ဟူသော အချိန်ကာလသည် ကျင်းစန်းအတွက် အရာရာကို အပြောင်းအလဲ ဖြစ်စေခဲ့ပါသည်။

တစ်ချိန်က စားရမဲ့ သောက်ရမဲ့ ဘဝဖြင့် လမ်းပေါ်၌ ကျင်လည်ကျက်စားနေခဲ့ရလေသည်။

အစာရေစာပြတ်ကာ လမ်းပေါ်လဲကျ သတိလစ်ခဲ့ပြီး သူသတိရလာသောအခါ ဂူဟန်စန်းတောင်ပေါ်မှ မုတ်ဆိတ်ဖြူကြီး၏ နေအိမ်၌ ရောက်ရှိနေခဲ့လေသည်။

မုတ်ဆိတ်ဖြူကြီးက သူ့အား အစာရေစာဝအောင် ကျွေးမွေးသည်။

ဆေးဝါးကုသပေးသည်။

ကျန်းမာလာသောအခါ စာပေပညာ၊ သိုင်းပညာ သင်ကြားပေးခဲ့လေသည်။

ထို့ကြောင့်...

မုတ်ဆိတ်ဖြူကြီးနှင့် ဆုံတွေ့လိုက်ရပြီး ကျင်းစန်း ဘဝ အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့ရတော့သည်။

ကျင်းစန်းသည် မုတ်ဆိတ်ဖြူကြီးထံမှ ပညာအမွေရကာ ငယ်ငယ်ရွယ်ရွယ်နှင့် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာခဲ့လေသည်။

➤ ➤ ➤

ဆယ့်ငါးနှစ်ဟူသော အချိန် ကုန်ဆုံးသွားပြီး တစ်ခုသော နံနက်ခင်းတွင်...

နှင်းများ တဖွဲဖွဲ ကျဆင်းနေသည်။

အရိုးကွဲမတတ်သော အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

မုတ်ဆိတ်ဖြူကြီး၏အိမ်ကလေးရှေ့၌ နှင်းပွင့်များ စုပုံနေသည်။

မုတ်ဆိတ်ဖြူကြီးက ကျောက်ထိုင်ခုံတစ်လုံး၌ ထိုင်ကာ နှင်းဖွဲများကို ငေးမောကြည့်နေ၏။

ကျင်းစန်းက ရေနွေးကြမ်းအိုးကို ဆွဲကာ အိမ်ထဲမှ ထွက်လာပြီး မုတ်ဆိတ်ဖြူကြီးအတွက် ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်လေသည်။

မုတ်ဆိတ်ဖြူကြီးသည် အငွေ့တထောင်းထောင်း ထနေသော ရေနွေးကြမ်းခွက်ကိုယူကာ တဖူးဖူး မှုတ်သောက်လိုက်လေသည်။

ကျင်းစန်းက အခြားသော ဝေယျာဝစ္စကိစ္စများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အိမ်ထဲ လှည့်ဝင်သွားဖို့ ဟန်ပြင်လိုက်လေသည်။

"ကျင်းစန်း ခဏနေဦး"

မုတ်ဆိတ်ဖြူကြီးက ဟန့်တားလိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

ကျင်းစန်းလည်း ဦးညွှတ်ပြီး ဆရာအနီးသို့ ပြန်လည်ချဉ်းကပ်သွားလိုက်လေသည်။



"ထိုင်ဦး"

မုတ်ဆိတ်ဖြူကြီးက ထိုင်ရန်ပြောသဖြင့် ကျင်းစန်းက မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ရ၏။

ဆယ့်ငါးနှစ်လုံးလုံး အတူနေထိုင်ခဲ့ရခြင်းကြောင့် သူတို့နှစ်ယောက်မှာ ဆရာတပည့်ဆိုသည်ထက် တစ်ယောက်ကိုတစ်ယောက် ပိုပြီး သံယောဇဉ်တွယ်တာနေကြပြီ ဖြစ်ပါသည်။

မုတ်ဆိတ်ဖြူကြီးက ကျင်းစန်းအား စိုက်ကြည့်လိုက်သည်။

"ကျင်းစန်း၊ သည်ကနေ့ ဘာနေ့လဲဆိုတာ မင်းသိသလား" ဟု မေးလာလေသည်။

"ဗျာ"

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

မုတ်ဆိတ်ဖြူကြီးက သူ့မေးခွန်းကို သူပင် အဖြေပေးလိုက်လေသည်။

"သည်ကနေ့ဟာ မင်းနဲ့ ငါ ဆုံတွေ့ခဲ့တဲ့ ဆယ့်ငါးနှစ်တင်းတင်းပြည့်တဲ့နေ့ပဲကွ"

ထိုစကားကြားလျှင် ကျင်းစန်း၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ချက်ချင်း ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဆရာသာ ကျွန်တော့်ကို မကယ်တင်ခဲ့ဘူးဆိုယင် ကျွန်တော် ခုချိန်အထိ အသက်ရှင်နေနိုင်တော့မှာ မဟုတ်ပါဘူး ခင်ဗျာ"

မုတ်ဆိတ်ဖြူကြီး ပြုံးလိုက်သည်။

"မင်းက ငါ့ကို ကျေးဇူးတင်နေတယ် ဟုတ်လား"

"ဆရာ့ ကျေးဇူးကြီးမားလှပါတယ်၊ ဘယ်လိုမှ ဆပ်လို့ ကုန်နိုင်မှာ မဟုတ်ပါဘူး ခင်ဗျာ"

ကျင်းစန်း လှိုက်လှိုက်လှဲလှဲ ပြောလိုက်ခြင်း ဖြစ်လေသည်။

မုတ်ဆိတ်ဖြူကြီး ခေါင်းခါယမ်းလိုက်သည်။

"ငါ့ကို ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ ဘာကြောင့်လဲဆိုယင် ငါက မင်း ဒုက္ခရောက်နေတာကို မြင်လို့ သနားဂရုဏာသက်ပြီး ကယ်တင်ခဲ့တာ မဟုတ်ပါဘူး၊ တစ်ချိန်မှာ ငါ့ရဲ့ အကျိုးအတွက် မင်းကို အသုံးချမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကယ်တင်ခဲ့တာ၊ ငါ့ရဲ့ စေတနာက မှန်ကန်တာမှ မဟုတ်ဘဲကွာ"

"ဗျာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ကျင်းစန်း တအံ့တဩ ဖြစ်သွားလေသည်။

မုတ်ဆိတ်ဖြူကြီးအား မယုံနိုင်စွာ ကြည့်လိုက်မိလေသည်။

မုတ်ဆိတ်ဖြူကြီးက...

"ကျင်းစန်း၊ မင်းကို ငါက အသုံးချဖို့ ခေါ်လာပြီး ကျွေးမွေးပြုစုထားတာ၊ သိုင်းပညာသင်ပေးထားတာဆိုယင် မင်း ဘာပြောချင်သလဲ"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ကျွန်တော့်အသက်ကို ဆရာပိုင်ဆိုင်နေပါပြီ ခင်ဗျာ၊ ကျွန်တော့်ကို ဆရာကြိုက်သလို စီရင်ဆုံးဖြတ်နိုင်ပါတယ်၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး ခင်ဗျာ"

မုတ်ဆိတ်ဖြူကြီးက...



"မင်း တကယ် ပြောတာလား ကျင်းစန်း"

"ကျွန်တော် ကတိပေးပါတယ် ဆရာ"

"ကောင်းတယ်..ကောင်းတယ်"

မုတ်ဆိတ်ဖြူကြီး သဘောကျကာ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ တဖူးဖူး မှုတ်သောက်လိုက်သည်။

ကျင်းစန်းက ငေးကြည့်နေသည်။

မုတ်ဆိတ်ဖြူကြီးက...

"ကျင်းစန်း၊ မင်းကို ငါ တကယ်ပဲ အားကိုးလို့ ရမရ၊ ငါခိုင်းတာကို လုပ်နိုင် မလုပ်နိုင်ဆိုတာ လက်တွေ့သိရအောင် အယင်ဦးဆုံး အလုပ်တစ်ခု ခိုင်းလိုက်မယ်၊ ဒါကို အောင်မြင်အောင် လုပ်နိုင်မှ ရှေ့ဆက်ခိုင်းမယ်၊ တကယ်လို့ ငါခိုင်းတဲ့အတိုင်း အောင်မြင်အောင် မဆောင်ရွက်နိုင်ဘူးဆိုယင် ငါ့ဆီကို ဘယ်တော့မှ ပြန်လာစရာ မလိုတော့ဘူး"

ဟု တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

ကျင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဆရာ ဘယ်လိုကိစ္စမျိုး ဖြစ်ပါစေ အောင်မြင်အောင် ဆောင်ရွက်မယ်လို့ ကျွန်တော် ကတိပေးပါတယ် ခင်ဗျာ"

ဟု ကပျာကယာ ပြောလိုက်လေသည်။

မုတ်ဆိတ်ဖြူကြီးက...

"ငါက ဘာပဲခိုင်းခိုင်း မင်းအောင်မြင်အောင် ဆောင်ရွက်

ပေးမှာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

ကျင်းစန်း ကတိပေးလိုက်သော်လည်း ရင်ထဲ လေးလံသွားလေတော့သည်။

မုတ်ဆိတ်ဖြူကြီးက မကောင်းသော ကိစ္စတစ်ခုခု ခိုင်းစေမည်ဆိုလျှင် မည်သို့ ရှိမည်နည်း။

သူ၏အတွေးကို မုတ်ဆိတ်ဖြူကြီးက ရိပ်မိနေသည့်အလား။

"ငါက မကောင်းတဲ့ ကိစ္စတစ်ခုခု ခိုင်းမယ်ဆိုယင်ကော"

ကျင်းစန်း ကျိတ်မှိတ်ကာ ပြောလိုက်လေသည်။

"ဘယ်လိုကိစ္စမျိုးမဆို ကျွန်တော် ဆောင်ရွက်မှာပါ ဆရာ"

"ဟား..ဟား..ဟား"

မုတ်ဆိတ်ဖြူကြီး သဘောကျသွားသည့်အလား ရယ်မောလိုက်လေသည်။

"ကျွန်တော် တကယ် ပြောတာပါ ဆရာ"

ကျင်းစန်း အလေးအနက် ပြောလိုက်လေသည်။

မုတ်ဆိတ်ဖြူကြီး ခေါင်းညိတ်လိုက်သည်။

"အေးပါ၊ မင်း တကယ် ပြောနေတယ်ဆိုတာ ငါယုံကြည်ပါတယ်၊ ဒါကြောင့် မင်း ပထမဆုံး လုပ်ရမယ့် အလုပ်က တောင်ပေါ်က ဆင်းသွားပြီး 'လင်းကျို'ဆိုတဲ့လူတစ်ယောက်ကို သွားတွေ့ရမယ်"

"ဟုတ်ကဲ့"

"လင်းကျိုကို တွေ့ယင်.."



မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ရမည်ကို ပြောပြလေသည်။

မုတ်ဆိတ်ဖြူကြီး ခိုင်းစေသောကိစ္စကို သိလိုက်ရသော အခါ ကျင်းစန်း အထိတ်တလန့် ဖြစ်သွားလေသည်။

သို့တိုင်...

"စိတ်ချပါ ဆရာ၊ ဆရာ ခိုင်းတဲ့အတိုင်း တသွေမတိမ်း လုပ်ကိုင်ဆောင်ရွက်သွားမယ်လို့ ကျွန်တော် ကတိပေးပါတယ် ဆရာ"

ဟု ကတိပေးလိုက်လေသည်။

မုတ်ဆိတ်ဖြူကြီးက...

"သည်ကနေ့ဟာ ငါတို့နှစ်ယောက် ဆုံတွေ့ခဲ့ကြတဲ့ ဆယ့်ငါးနှစ်ပြည့်မြောက်တဲ့နေ့ ဖြစ်တာကြောင့် နေ့ထူးနေ့မြတ်ပါပဲ၊ ဒါကြောင့် သည်ကနေ့ပဲ မင်း တောင်ပေါ်က ဆင်းသွားပြီး တာဝန်ထမ်းဆောင်ရလိမ့်မယ်"

ဟု ပြောကာ သူ၏စကားကို အဆုံးသတ်လိုက်လေတော့သည်။

➤ ➤ ➤

## ဇာတိမြေ

မုတ်ဆိတ်ဖြူကြီးနှင့် လမ်းခွဲကာ ကျင်းစန်း ထွက်လာခဲ့ပြီ ဖြစ်ပါသည်။

လမ်းပေါ်၌ လေလွင့်နေခဲ့သော ကောင်လေးတယ်ယောက် မဟုတ်တော့ဘဲ ထိပ်တန်းသိုင်းပညာများ တတ်မြောက်ထားသော လူငယ်တစ်ဦး ဖြစ်နေချေပြီ။

သိုင်းလောက၌ ကျင်းစန်း၏အသက်အရွယ်နှင့် ကျင်းစန်းကဲ့သို့ သိုင်းပညာ ရထားသူ ရှိမည်မဟုတ်ပါ။

ကျင်းစန်းသည် မုတ်ဆိတ်ဖြူကြီး ပေးလိုက်သော တာဝန်ကို ထမ်းဆောင်ရန် သိုင်းလောကထဲ ဆင်းလာခဲ့ခြင်း ဖြစ်လေသည်။

ဦးစွာ ပထမ ကျူးနန်းမြို့သို့ ရောက်ရှိလာခဲ့လေသည်။

ကျူးနန်းမြို့သို့ ကျင်းစန်း ရောက်လာခဲ့သည်မှာ အကြောင်း ရှိပေသည်။



ကျင်းစန်းသည် တိတ်ဆိတ်ငြိမ်သက်နေသော သင်္ချိုင်းမြေထဲသို့ လှမ်းဝင်လာခဲ့လေသည်။

သင်္ချိုင်းမြေတစ်နေရာ၌ ဟောင်းနွမ်းအိုမင်းနေပြီ ဖြစ်သော အုတ်ဂူနှစ်လုံး ရှိနေ၏။

ထိုအုတ်ဂူများကား ကျင်းစန်း၏မိဘနှစ်ပါးအား မြှုပ်နှံထားသော အုတ်ဂူများ ဖြစ်လေသည်။

ကျင်းစန်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

အုတ်ဂူနှစ်လုံးရှေ့၌ ဒူးထောက်ကာ ရှိခိုးကန်တော့လိုက်လေသည်။

"ဖေဖေနဲ့ မေမေ ကျွန်တော်ကျင်းစန်း ဂါရဝပြုပါတယ် ခင်ဗျာ၊ ကျွန်တော် အရွယ်ရောက် ကြီးပြင်းလာခဲ့ပါပြီ၊ သိုင်းပညာလည်း တတ်မြောက်ခဲ့ပါပြီ၊ ဒါကြောင့် လူယုတ်မာကြီးဖုံးကျူးကို သုတ်သင်ရှင်းလင်းပစ်ပါမယ်လို့ ကတိပေးပါတယ် ခင်ဗျာ"

အလွန်ကြေကွဲသော အသံဖြင့် ပြောလိုက်လေသည်။

ဖုံးကျူး...

ဖုံးကျူးကား သူ၏ဘဝကို ဖျက်ဆီး[illegible]ပြီး သူ့အား လမ်းပေါ်သို့ ရောက်သွားစေခဲ့သူ ဖြစ်ပါသည်။

ကျင်းစန်း၏မိဘများ ကွယ်လွန်သွားသောအခါ ဆွေမျိုးတော်စပ်သော ဖုံးကျူးအား ကျင်းစန်းကို စောင့်ရှောက်ဖို့ အပ်နှံခဲ့သော်လည်း ဖုံးကျူးက ကျင်းစန်းကို အကောက်ကြံပြီး မိဘများ၏ ပစ္စည်းဥစ္စာများကို ရယူသွားခြင်းကြောင့် ကျင်းစန်းမှာ လမ်းပေါ်သို့

ရောက်ရှိသွားခဲ့ရလေတော့သည်။

ကျင်းစန်းသည် ဖုံးကျူး၏မကောင်းသော လုပ်ရပ်များကို လုံးဝမမေ့ဘဲ တစ်နေ့နေ့ တစ်ချိန်ချိန်၌ ဆုံးမမည်ဟု ဆုံးဖြတ်ခဲ့လေသည်။

ကျင်းစန်းက မိဘနှစ်ပါး၏အုတ်ဂူ၌ သန့်ရှင်းရေး ပြုလုပ်ပေးလိုက်လေသည်။ ထိုအချိန်တွင်...

"ဘယ်လိုလဲ သည်နေရာကို မင်းသဘောကျရဲ့လား"

မေးမြန်းသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ငါ့ကို မေးတာများလား"

တွေးတောယင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး လူသူကင်းရှင်းနေပြီး မည်သူ့ကိုမှ မတွေ့ရပါချေ။

ကျင်းစန်း ရင်ထိတ်သွားလေသည်။

"ဘယ်သူမှလည်း မရှိဘဲ စကားသံ ကြားလိုက်ရတာ ဘယ်လိုလဲ၊ သင်္ချိုင်းမြေထဲမှာမို့ တစ္ဆေသရဲများ ခြောက်တာလား"

ထိုစဉ်...

"ဟား...ဟား...ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။



ရယ်သံနှင့်အတူ...

"သိပ်ကောင်းတာပေါ့ကွာ၊ သိပ်သဘောကျတာပေါ့"

နောက်ထပ် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြေပုံမှတ်တိုင်များ၊ အုတ်ဂူများ တစ်ဘက်တွင် သစ်ပင်ချုံနွယ်များ ရှိနေပါသည်။

စကားသံ၊ ရယ်မောသံများသည် သစ်ပင်ချုံနွယ်များ တစ်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း ကျင်းစန်း သိလိုက်ရလေတော့သည်။

"ဘယ်သူတွေပါလိမ့်"

သင်္ချိုင်းမြေထဲသို့ ရောက်လာကြသူများမှာ လူကောင်းများ ဖြစ်နိုင်ပါမည်လော။

ကျင်းစန်းက ခပ်သုတ်သုတ် လှမ်းသွားလိုက်လေသည်။

သစ်ပင်ချုံနွယ်များ တစ်ဘက်၌ မြေကွက်လပ်တစ်ခု ရှိနေပါသည်။

မြေကွက်လပ်၌ လူနှစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူနှစ်ယောက်မှာ ကျင်းစန်းနှင့် မတိမ်းမယိမ်းရှိသည့် လူငယ်လူရွယ်နှစ်ယောက် ဖြစ်လေသည်။

နှစ်ယောက်စလုံး သိုင်းပညာတတ်မြောက်ထားပုံရပြီး တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ကြမည့်အသွင်မျိုး ရှိလေသည်။

ကျင်းစန်း စိတ်ဝင်စားသွားလေသည်။

"သူတို့နှစ်ယောက် ကြည့်ရတာ ယှဉ်ပြိုင်တိုက်ခိုက်ကြမယ့်ပုံပဲ"

အဘယ်ကြောင့် ယှဉ်ပြိုင်တိုက်ခိုက်ချင်ရသည်ကို နားမလည်နိုင်အောင် ဖြစ်နေ၏။

လူငယ်နှစ်ယောက်အနက် တစ်ယောက်က...

"ကဲ မင်းက စမလား ကျုပ်က စရမလား"

ဟု မေးလိုက်လေသည်။

ကျန်တစ်ယောက်က...

"ဘယ်သူကပဲစစ အရေးမကြီးပါဘူး၊ အနိုင်ရဖို့က အဓိကပဲ"

"ဒါဖြင့် မင်းအယင်ပေါ့"

"ကောင်းပြီ"

ထိုလူငယ်က စတင်တိုက်ခိုက်လိုက်လေသည်။

ကျန်တစ်ယောက်ကလည်း ပြန်လည်ရင်ဆိုင်လိုက်၏။

သို့ဖြင့်...

နှစ်ယောက်သား သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေတော့သည်။

➤ ➤ ➤



လူငယ်နှစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

ကျင်းစန်းက သစ်ပင်တစ်ပင် နောက်ကွယ်မှနေ၍ တိတ်တဆိတ် ကြည့်နေမိလေသည်။

ထိုလူငယ်နှစ်ယောက်မှာ သိုင်းပညာ မခေကြသဖြင့် အချိန်အတန်ကြာ ယှဉ်ပြိုင်ပြီးသည့်တိုင်အောင် တစ်ယောက်ကိုတစ်ယောက် အနိုင်မရနိုင်ဘဲ ဖြစ်နေကြ၏။

တစ်ယောက်က တိုက်ခိုက်နေရာမှ နောက်ဆုတ်လိုက်လေသည်။

"နေဦး"

ဟုလည်း ဟန့်တားလိုက်လေသည်။

ကျန်တစ်ယောက်က...

"ဘာဖြစ်လို့လဲကွ"

ဟု မေးရာ ပထမလူငယ်က...

"ငါတို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတာ အတော်ကြာသွားပြီ၊ တစ်ယောက်ကိုတစ်ယောက် အနိုင်မယူနိုင်ကြသေးဘူး"

"အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ၊ ဆက်ပြီး တိုက်ခိုက်ကြယင်လည်း ဘယ်အချိန်ရောက်မှ အနိုင်အရှုံး အဖြေပေါ်မလဲ မပြောနိုင်ဘူး၊ သည်တော့ ခဏလောက် အနားယူကြမယ်၊ ဗိုက်ပြည့်အောင် စားသောက်ကြမယ်၊ ပြီးယင် တရေးတမော အိပ်မယ်"

"ဩော်"

"ပြီးမှ ထပ်ပြီး ယှဉ်ပြိုင်ကြတာပေါ့ မကောင်းဘူးလား"

သူတို့နှစ်ယောက် ပြောဆိုနေသော စကားများကြားလျှင် ကျင်းစန်း လွှတ်ခနဲ ရယ်မောမိလိုက်လေသည်။

သူ၏ရယ်သံကြောင့် လူငယ်နှစ်ယောက် လှမ်းကြည့်လာကြလေသည်။

ကျင်းစန်းလည်း မထူးတော့ဟု သဘောထားကာ သစ်ပင်နောက်ကွယ်မှ လှမ်းထွက်လိုက်လေသည်။

လူငယ်နှစ်ယောက်က ကျင်းစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်ကြသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်က အဖြူရောင်ဝတ်ထားပြီး ကျန်တစ်ယောက်က အနက်ရောင်ဝတ်ထား၏။

အဖြူရောင်ဝတ်ထားသူက...

"နေပါဦး၊ မင်းက ဘာသဘောနဲ့ ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်နေတာကို လာပြီး ချောင်းကြည့်ရတာလဲ"

ဟု မေးလာလေသည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က တမင်သက်သက် လာပြီး ချောင်းကြည့်တာ မဟုတ်ပါဘူးဗျာ၊ ကျုပ်မိဘနှစ်ပါးရဲ့ အုတ်ဂူကို လာပြီးကန်တော့တာပါ၊ သည်ဘက်မှာ တိုက်ခိုက်သံတွေ ကြားနေရတာကြောင့် ဘာများ ဖြစ်နေတာလဲဆိုပြီး လာကြည့်မိတာပါ"

လူငယ်နှစ်ယောက် အချင်းချင်း ကြည့်လိုက်ကြလေသည်။

အဖြူရောင်ဝတ်ထားသူက...



"မိဘအုတ်ဂူကို လာပြီး ကန်တော့တဲ့ လူတစ်ယောက်၊ ကျုပ်တို့ကြောင့် အနှောင့်အယှက် ဖြစ်သွားရပြီ ဒုက္ခပဲ"

ဟု ညည်းတွားလိုက်သည်။

အနက်ရောင်ဝတ်ထားသူကလည်း...

"ဟုတ်ပါရဲ့ဗျာ၊ သူများကို နှောင့်ယှက်သလို ဖြစ်သွားတာ ဘယ်ကောင်းပါ့မလဲ"

ကျင်းစန်းသည် သူတို့နှစ်ယောက် ပြောဆိုနေသော စကားများကို နားထောင်ယင်း စိတ်ထဲ တွေးလိုက်မိလေသည်။

"သူတို့နှစ်ယောက်ဟာ စိတ်နေသဘောထား မဆိုးကြပါဘူး"

အဖြူရောင်ဝတ်ထားသူက...

"ကျုပ်တို့က သည်မှာ လူရှင်းတယ်ဆိုပြီး လာခဲ့ကြတာပါဗျာ၊ ကျုပ်တို့ကြောင့် အနှောင့်အယှက် ဖြစ်သွားတယ်ဆိုယင် တောင်းပန်ပါတယ်"

အနက်ရောင်ဝတ်ထားသူကလည်း လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"ကျုပ်လည်း တောင်းပန်ပါတယ်ဗျာ"

ကျင်းစန်း ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်အတွက် အနှောင့်အယှက် မဖြစ်ပါဘူး၊ ဒါထက် ခင်ဗျားတို့နှစ်ယောက်က ဘာကြောင့် တိုက်ခိုက်နေကြတာလဲဗျ"

အနက်ရောင်ဝတ်ထားသူနှင့် အဖြူရောင်ဝတ်ထားသူတို့

အချင်းချင်း ကြည့်လိုက်ကြလေသည်။

အနက်ရောင်ဝတ်ထားသူက...

"ကျုပ်က နဂါးလေးပါ၊ အတွေ့အကြုံရှာဖွေဖို့ သိုင်းလောကထဲ ဆင်းလာခဲ့တာပါ၊ မြို့ကလေးတစ်မြို့ ရောက်တဲ့အခါ ပြဿနာတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ်"

အဖြူရောင်ဝတ်ဆင်ထားသူက...

"ဟုတ်တယ်၊ ကျုပ်က ဝီကျောင်းပါ"

နှစ်ယောက်သား သူတို့အမည်ကို ပြောပြကြလေသည်။

နဂါးလေးက ဆက်ပြောသည်။

"မြို့ထဲဝင်လိုက်တော့ လူသုံးယောက်က မိန်းကလေးတစ်ယောက်ကို ဒုက္ခပေးနေတာတွေ့ရတယ်၊ ဒါကြောင့် လက်ပိုက်ကြည့်မနေနိုင်တာနဲ့ ဝင်ပြီးကူညီခဲ့တာ"

ဝီကျောင်းကို ညွှန်ပြလိုက်သည်။

"သူက မိန်းကလေးကို ဒုက္ခပေးတဲ့ လူသုံးယောက်ဘက်က ဝင်ပြီး ကူညီခဲ့တယ်လေ"

ဝီကျောင်းက...

"ကျုပ် ကူညီရမှာပေါ့၊ ဟိုမိန်းကလေး မတရားလုပ်တာကို ဟိုလူသုံးယောက်က ခံခဲ့ရတာဗျ"

"ဘာဟုတ်ရမှာလဲ"

"ဟုတ်တယ်"

"မဟုတ်ဘူး"

ဝီကျောင်းနှင့် နဂါးလေးတို့ အငြင်းအခုန်ဖြစ်လာကြပြန်လေ



တော့သည်။ ကျင်းစန်းက...

"ခဏနေကြပါဦးဗျာ၊ ခင်ဗျားတို့ ဘယ်လိုဖြစ်ခဲ့ကြတယ်ဆိုတာ အယင်ပြောပါဦး"

ဟုကြားဝင် တားဆီးပြီး မေးလိုက်လေသည်။

နဂါးလေးက...

"မိန်းကလေးကို လူသုံးယောက်က ဒုက္ခပေးနေတာကို မြင်နရပါလျက်နဲ့ ကျုပ်က လက်ပိုက်ကြည့်နေရမှာလားဗျာ"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်ပါတယ်ဗျာ"

ဝီကျောင်းက...

"မဟုတ်သေးဘူးဗျ၊ သူပြောတဲ့ မိန်းကလေးက ဟိုလူသုံးယောက်ရဲ့ပိုက်ဆံကို ခိုးယူပြီးထွက်ပြေးသွားတာ"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"အခု သူတို့ဘယ်ရောက်သွားကြပြီလဲဗျာ"

"သူတို့..."

ဝီကျောင်းကော နဂါးလေးပါ ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်သွားကြလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

"ကျုပ်ထင်တာက ခင်ဗျားတို့နှစ်ယောက် အငြင်းပွားနေတာနဲ့ သူတို့ကို သတိမထားမိတော့ဘူးထင်တယ်၊ ဟုတ်ရဲ့လားဗျာ"

ဝီကျောင်းတို့ ငြိမ်နေကြလေသည်။

ကျင်းစန်းက...

“နေပါဦး၊ သည်ကိစ္စဖြစ်ပျက်ခဲ့တာ ဘယ်နှစ်ရက်လောက်ရှိသွားပြီလဲ ပြောပါဦး”

နဂါးလေးက…

“သုံးရက်လောက် ရှိပြီဗျ”

“သည်ကျူးနန်မြို့မှာ ဖြစ်ခဲ့တာလား”

“မဟုတ်ဘူး၊ တခြားမြို့ကလေးတစ်မြို့မှာ ဖြစ်ခဲ့တာဗျ”

“ဒါဖြင့် သည်ကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ၊ ပြောပါဦး”

“ကျုပ်တို့နှစ်ယောက် တိုက်ခိုက်လိုက်၊ အနားယူလိုက်၊ စားသောက်လိုက်နဲ့”

“ဟုတ်ကယ်၊ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ကောင်းတဲ့ နေရာတစ်နေရာရွေးပြီး ယှဉ်ပြိုင်ခဲ့ကြယင်း နောက်ဆုံး သည်နေရာကို ရောက်လာတာပဲဗျ”

ဗိုကျောင်းနှင့် နဂါးလေးတို့အဖြစ်က ငိုအားထက်ရယ်အားသန်ရသော အဖြစ်အပျက်တည်း။

ကျင်းစန်းသည် ဗိုကျောင်းနှင့် နဂါးလေး နှစ်ယောက်စလုံးကို သဘောကျသွားလေသည်။

“သူတို့နှစ်ယောက်ကို ကြည့်ရတာ ခွကျကြပေမယ့်၊ စိတ်ရင်းကောင်းကြပုံရတယ်၊ ခင်စရာကောင်းတဲ့ လူနှစ်ယောက်ပဲ”

ထို့နောက်….

“ခင်ဗျားတို့ ဖြေရှင်းပေးချင်တဲ့ မိန်းကလေးကော လူသုံးယောက်ကော သည်မှာမရှိဘူး၊ ဘယ်ရောက်နေပြီလဲဆိုတာတောင်



ပြောနိုင်မယ် မထင်ဘူး၊ ခင်ဗျားတို့ဆက်ပြီး ယှဉ်ပြိုင်တိုက်ခိုက်နေကြမယ်ဆိုယင် ဘာများ အကျိုးထူးမှာလဲဗျာ”

ဟုမေးလိုက်လေသည်။

ဗိုကျောင်းနှင့် နဂါးလေးတို့ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

အချင်းချင်း ကြည့်လိုက်ကြလေသည်။

ကျင်းစန်းက….

“ခင်ဗျားတို့နှစ်ယောက် ယှဉ်ပြိုင်နေပုံကြည့်ရတာ တစ်ရက်နှစ်ရက်မပြောနဲ့ သုံးလေးလလောက် ယှဉ်ပြိုင်တာတောင် အနိုင်အရှုံးအဖြေပေါ်မယ် မထင်ဘူးဗျ”

ဗိုကျောင်းက…

“ဘာပဲပြောပြော နောက်ဆုံးကျယင် ကျုပ်ပဲအနိုင်ရမှာဗျ”

ဟုပြောလျှင် နဂါးလေးက အားကျမခံ ပြန်ပြောလေသည်။

“အံမယ် ခင်ဗျား စကားကြည့်ပြောပါ၊ တကယ်တမ်းအနိုင်ရမှာက ကျုပ်ပါ”

ဗိုကျောင်းက…

“ဒါဖြင့် ကျုပ်တို့နှစ်ယောက် ထပ်ပြီးယှဉ်ပြိုင်ကြမယ်လေ”

“စိမ်လိုက်စမ်းပါ”

နဂါးလေးက ကျင်းစန်းဘက်သို့ လှည့်လိုက်သည်။

“ကျုပ်တို့ ယှဉ်ပြိုင်ကြမယ်၊ ဘယ်သူသာတယ်ဆိုတာကို ခင်ဗျား အကဲဖြတ်ပေးနိုင်မလား”

ဗိုကျောင်းက…

“ဟုတ်တယ်၊ ခင်ဗျားကိုကြည့်ရတာ သမာသမတ်ရှိပုံရတယ်၊ ကျုပ်တို့ ယှဉ်ပြိုင်ပွဲကို ခင်ဗျား ဝေဖန်အကဲဖြတ်ပေးနိုင်မလား”

ဟုမေးလေသည်။

ကျင်းစန်းက ငြင်းရန်ဟန်ပြင်လိုက်လေသည်။

သို့သော်...

တစ်စုံတစ်ခုကို တွေးတော စဉ်းစားမိလိုက်သဖြင့် လက်ခံလိုက်လေသည်။

“ကောင်းပြီလေ၊ ကျုပ်ဆုံးဖြတ်တာကို ခင်ဗျားတို့ လက်ခံမယ်ဆိုယင် ကျုပ်တာဝန်ယူပါ့မယ်”

ဝီကျောင်းနှင့် နဂါးလေးတို့က ဘာမှစဉ်းစားမနေဘဲ သဘောတူလိုက်ကြလေသည်။

“ကျုပ် သဘောတူတယ်”

“ကျုပ်လည်း သဘောတူတယ်”

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ၊ ခင်ဗျားတို့နှစ်ယောက် ယှဉ်ပြိုင်ကြပါဗျာ၊ ဘယ်သူသာတယ်ဆိုတာ ကျုပ် အကဲဖြတ်ပေးပါ့မယ်”

ဝီကျောင်းနှင့် နဂါးလေးတို့ ဝမ်းသာအားရဖြစ်ကာ စတင်ယှဉ်ပြိုင်လိုက်ကြလေတော့သည်။

➤ ➤ ➤



နဂါးလေးနှင့်ဝီကျောင်းတို့က စိတ်မကျေပွဲနွှဲကာ ထပ်မံယှဉ်ပြိုင်လိုက်ကြလေသည်။

ကျင်းစန်းက ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေလိုက်သည်။

နဂါးလေးတို့က အနိုင်ရရေးအတွက် သူတပြန်ကိုယ်တပြန် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလေသည်။

သို့သော် အချိန်များ တဖြည်းဖြည်းကုန်ဆုံးသွားသော်လည်း မည်သူမျှ အသာမရဘဲ လက်ရည်ညီမျှနေကြလေတော့၏။ နှစ်ယောက်စလုံးလည်း မောဟိုက်နွမ်းနယ်လာကြလေသည်။

“ရပ်လိုက်”

အခြေအနေစောင့်ကြည့်နေသော ကျင်းစန်းက ဟန့်တားလိုက်လေ၏။ နဂါးလေးနှင့် ဝီကျောင်းတို့ နောက်ဆုတ်လိုက်ကြ၏။

ကျင်းစန်းကို လှမ်းကြည့်လိုက်ကြသည်။

ကျင်းစန်းက ပြုံး၍ပြောလိုက်သည်။

“ခင်ဗျားတို့နှစ်ယောက် နောင်ဘဝရောက်တဲ့အထိ ဆက်ပြီးယှဉ်ပြိုင်မယ်ဆိုယင်လည်း ဘယ်သူမှအသာမရဘဲ လက်ရည်ညီပြီးသရေပွဲဖြစ်နေမှာပဲဗျ”

နဂါးလေးနှင့် ဝီကျောင်းတို့ စိတ်ပျက်သွားကြလေသည်။

ဝီကျောင်းက...

“ကျုပ်က တကယ်ပဲ အနိုင်မရနိုင်တော့ဘူးလားဗျ”

ဟုမေးသည်။ ကျင်းစန်းက...

“ဟုတ်ပါတယ်ဗျာ”

နဂါးလေး ရယ်မောလိုက်သည်။

"ကျုပ်ပြောသားပဲ၊ ကျုပ်ကို ဘယ်တော့မှ အနိုင်မရနိုင်ဘူး ဆိုတာလေ"

ဝီကျောင်း နှာခေါင်းရှုံ့လိုက်သည်။

"မင်းကကော ငါ့ကိုအနိုင်ရမှာမို့လား"

ထိုစကားကြောင့် နဂါးလေး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။ ကျင်းစန်း ကြားဝင်လိုက်သည်။

"ခင်ဗျားတို့ဟာ တစ်ယောက်ကိုတစ်ယောက် အနိုင်မရနိုင်ပေမယ့် ပြိုင်ဘက်ကောင်းတွေ ဖြစ်ကြတာကြောင့် မိတ်ဆွေဖြစ်သင့်တာပေါ့ဗျာ"

မိတ်ဆွေဆိုသော စကားကြောင့် နဂါးလေးနှင့်ဝီကျောင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ကျင်းစန်းက...

"ခင်ဗျားတို့ အချင်းချင်း ဘာကြောင့်မိတ်ဆွေ မဖြစ်နိုင်ရမှာလဲဗျာ"

ဝီကျောင်း ပြုံးလိုက်သည်။

"အင်း...သူနဲ့ တကျက်ကျက်နဲ့ ယှဉ်ပြိုင်ခဲ့ပြီးပြီ၊ မိတ်ဆွေဘဝနဲ့နေကြည့်ရဦးမယ်ဆိုယင်လည်း မဆိုးပါဘူးဗျာ"

နဂါးလေးက...

"မိတ်ဆွေဟုတ်လား၊ ကျုပ်က သိုင်းလောကထဲဆင်းလာပြီး မိတ်ဆွေတစ်ယောက် ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်ထားခဲ့တာမဟုတ်ဘူး၊ အင်· ငြင်းရခုန်ရမယ့် မိတ်ဆွေတစ်ယောက်ရမယ်ဆိုယင်လည်း မဆိုးပါဘူးလေ"

ကျင်းစန်း ရယ်မောလိုက်သည်။



"ခင်ဗျားတို့နှစ်ယောက်ဟာ မကောင်းသူပယ် ကောင်းသူကယ် သူရဲကောင်းစိတ်ထားရှိကြတယ်၊ ဒါကြောင့် မိတ်ဆွေဖြစ်ထိုက်ပါတယ်ဗျာ"

ဝီကျောင်းနှင့်နဂါးလေးလည်း တဟားဟားရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ၊ မင်းက ငါ့ကို မိတ်ဆွေတစ်ယောက်လို့ လက်ခံနိုင်ပါ့မလား"

"ဘာကြောင့် လက်မခံနိုင်ရမှာလဲ၊ မင်းကကော"

"ငါက လက်ခံနိုင်ပါတယ်လေ"

ဝီကျောင်းနှင့် နဂါးလေးတို့ မိတ်ဆွေများဖြစ်သွားကြလေတော့သည်။ ကျင်းစန်းက...

"ခင်ဗျားတို့ ယှဉ်ပြိုင်ခဲ့ရတာလဲ မောပန်းနေကြပြီ၊ မိတ်ဆွေတွေလည်းဖြစ်သွားကြပြီ၊ သည်တော့ အထိမ်းအမှတ်လက်ဆုံစားတဲ့အနေနဲ့ မြို့ထဲသွားပြီး တစ်ခုခုစားသောက် ကြပေါ့ဗျာ"

ဟုပြောရာ ဝီကျောင်းနှင့် နဂါးလေးတို့ လက်ခံလိုက်ကြ၏။

"ဟုတ်တယ်၊ ကျုပ်တို့ တစ်ခုခုသွားပြီး စားသောက်ကြရအောင်"

"ကောင်းသားပဲ၊ ကျုပ်လည်း ဗိုက်ဆာနေပြီ"

ထို့နောက် နှစ်ယောက်သား တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ ထွက်သွားကြ၏။

ကျင်းစန်း ပြုံး၍ကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

➤ ➤ ➤

## လူထူးဆန်း

ကျင်းစန်းသည် မိဘနှစ်ပါး၏အုတ်ဂူ၌ သွားရောက်ဂါရဝပြုပြီးလျှင် ငယ်စဉ်က သူ့အားလမ်းပေါ်သို့ရောက်အောင် ဒုက္ခပေးခဲ့သည့် ဆွေမျိုးတော်စပ်သည့် ဖိုးကျူးအား လိုက်လံရှာဖွေခဲ့လေသည်။

ဖိုးကျူးက ကျင်းစန်းမိဘများ ပိုင်ဆိုင်သောပစ္စည်းများကို မတရားရယူကာ ထွက်သွားသည်မှာ ကြာပြီဖြစ်ကြောင်း သိရလေသည်။

ဖိုးကျူးအား ရုတ်တရက်ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်သဖြင့် ကျင်းစန်းလည်း မုတ်ဆိတ်ဖြူကြီးမှာကြားလိုက်သည့်အတိုင်း 'လင်းကျို' ဆိုသူနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

မုတ်ဆိတ်ဖြူကြီး လမ်းညွှန်ပေးလိုက်သည့်အတိုင်း ခရီးနှင်လာရာ နေဝင်ဆည်းဆာအချိန်၌ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့လေသည်။



မြို့ကလေးမှာ မီးရောင်ထိန်ထိန်ညီးကာ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားသိုက်မြိုက်နေသည်။

ကျင်းစန်း ဟိုဟိုသည်သည် ငေးမောကြည့်ယင်း မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ရာ တစ်နေရာသို့ရောက်လျှင် တစ်စုံတစ်ယောက်က သူ့အားအကဲခတ်နေသည်ဟူသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကို မသိမသာ ပြန်လည်အကဲခတ်လိုက်ရာ မလှမ်းမကမ်းမှ အမျိုးသမီးကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

"အဖြေပေါ်အောင် လုပ်ရမယ်"

ဟုတီးတိုးရေရွတ်ပြီး အမှောင်ရိပ်လွှမ်းနေသော လမ်းကြားလေးတစ်ခုအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

မကြာပါချေ။

လူတစ်ယောက် လိုက်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ကျင်းစန်းက....

"ကျွန်တော်က ဒေါ်ဒေါ့ကို စောင့်နေတာပါ"

ဟုပြောလိုက်၏။

အမျိုးသမီးကြီးက ကျင်းစန်းနှင့် မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်လေသည်။

လမ်းကြားထဲ၌ လူရှင်းနေပြီး ကျင်းစန်းတို့နှစ်ယောက်ထဲ

သာရှိနေပါသည်။

အမျိုးသမီးကြီးက...

"ကျုပ် နောက်ယောင်ခံလိုက်နေတာကို မင်းသိသွားတာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်တစ်ယောက်ထဲ မဟုတ်ဘူးဆိုတာကို မင်းမသိသေးဘူးထင်တယ်"

"ဗျာ"

ကျင်းစန်း အံ့သြသွားလေသည်။

"ကျွန်တော့်ကို နောက်ယောင်ခံလိုက်နေတဲ့ တခြားလူတွေ ရှိနေကြသေးတယ် ဟုတ်လား"

"ဟုတ်တယ်ကွဲ့"

"ဘယ်သူတွေများလဲ"

"ကျုပ်တို့ပါပဲ"

စကားသံနှင့်အတူ အမှောင်ထဲမှ လူသုံးယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိကြသူများ ဖြစ်လေသည်။

ထိုလူများ ရောက်ရှိလာသည်နှင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားသည်ဟု ကျင်းစန်း ခံစားလိုက်ရလေသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ကျင်းစန်း သတိထားပြီး မေးလိုက်သည်။

အမျိုးသမီးက...

"ကျုပ်က မေချောင်ဖုံး"



သူမ၏အမည်ကို ပြောပြလေသည်။

ကျန်သုံးယောက်က...

"ကျုပ် ဟန်ကျောင်း"

"ကျုပ်က ဝမ်းရှောင်"

"မင်းကြုံးဆိုတာ ကျုပ်ပဲ"

ဟု ကိုယ့်အမည် ကိုယ်ထုတ်ဖော်လိုက်ကြလေသည်။

ကျင်းစန်း ထိတ်လန့်သွားလေသည်။

သူက မုတ်ဆိတ်ဖြူကြီးနှင့် နှစ်ပေါင်းအတန်ကြာ နေထိုင်ခဲ့ပြီး သိုင်းပညာ သင်ကြားခဲ့ရသလို သိုင်းလောကအကြောင်းကို သိခဲ့ရလေသည်။

တစ်ချိန်က သိုင်းလောက၌ 'လူစွမ်းကောင်းငါးယောက်' ဟူသော အမည်ဖြင့် သိုင်းသမားငါးယောက် ထင်ရှားခဲ့လေသည်။

လူစွမ်းကောင်းငါးယောက်သည် သိုင်းလောက၏ အစွမ်းအထက်ဆုံး ဖြစ်သော 'မိုးကြိုးဓား'နှင့် ပတ်သက်ခဲ့ကြလေသည်။

မိုးကြိုးဓားသည် သိုင်းလောက်တစ်ခုလုံး လိုချင်မက်မောနေသော ဓားတစ်လက် ဖြစ်လေသည်။

ကျင်းစန်း ကပျာကယာ ဦးညွှတ်လိုက်လေသည်။

"သိုင်းလောကရဲ့ လူစွမ်းကောင်းတွေကို တွေ့ရလို့ လေးစားဂုဏ်ယူမိပါတယ် ခင်ဗျာ"

အမျိုးသမီးကြီးမေချောင်ဖုံးက...

"ငါတို့ကလည်း မင်းကို တွေ့ရတာ ဝမ်းသာပါတယ်၊ နှစ်ပေါင်းအတော်ကြာတဲ့တိုင်အောင် ငါတို့ မစွမ်းဆောင်နိုင်ခဲ့တဲ့ ကိစ္စ

တစ်ခုကို မင်းက စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့လဲ ယုံကြည်ထားပါတယ်"

ဟန်ကျောင်းက...

"ဟုတ်တယ်၊ တစ်ချိန်ကျယင် သိုင်းလောကရဲ့ ရတနာလက်နက်နှစ်မျိုး ဖြစ်တဲ့ 'ကြေးစုတ်တံ'နဲ့ 'မိုးကြိုးဓား' ကိစ္စကို ဖြေရှင်းနိုင်တဲ့ လူတစ်ယောက် သိုင်းလောကထဲကို ဆင်းလာလိမ့်မယ်ဆိုတာ ကျုပ်တို့ သိထားပြီးပါပြီ"

ဝမ်းရှောင်က ကျင်းစန်းအား လက်ညှိုးညွှန်လိုက်၏။

"အဲသည်လူဟာ မင်းပါပဲ"

"ဗျာ"

ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မင်းကြီးက...

"ကျုပ်တို့က မင်းကို စောင့်ဆိုင်းနေကြတာပါ"

"ကျွန်...ကျွန်တော်..."

ကျင်းစန်း မယုံနိုင်အောင် ဖြစ်နေ၏။

မေချောင်ဖုံးက...

"ကျုပ်တို့ဟာ ဆရာမုတ်ဆိတ်ဖြူကြီးနဲ့ ပတ်သက်နေတဲ့ လူတွေဆိုယင် မင်း ဘာပြောဦးမလဲ"

ဟု မေးလေသည်။

ကျင်းစန်းမှာ ကြုံတွေ့နေရသည့် အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

ဟန်ကျောင်းက...



"မုတ်ဆိတ်ဖြူကြီးက သိုင်းလောကထဲ ရောက်ယင် ကျုပ်တို့နဲ့ ဆုံတွေ့ရလိမ့်မယ်ဆိုတာ ပြောပြလိုက်မယ် ထင်တယ်"

ဟု မေးလေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဆရာက သိုင်းသမားလင်းကျိဆီကို သွားယင်း လမ်းခရီးမှာ လူစွမ်းကောင်းငါးယောက်နဲ့ ဆုံတွေ့ရလိမ့်မယ်လို့ ပြောခဲ့ပါတယ်"

သူက တောင်ပေါ်မှ ဆင်းခါနီး၌ သိုင်းသမားလင်းကျိထံသို့ သွားရန်နှင့် သိုင်းလောက၌ မည်သို့မည်ပုံ တွေ့ကြုံရမည်ကိုလည်းကောင်း၊ မည်သို့ ဆောင်ရွက်လုပ်ကိုင်ရမည်ဆိုသည်ကိုလည်းကောင်း ပြောပြခဲ့လေသည်။

ဟန်ကျောင်းက...

"မင်းကို သိုင်းဆရာလင်းကျိဆီကို ဘာကြောင့် သွားခိုင်းသလဲဆိုတာကော မင်းသိသလား"

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မသိပါဘူး ခင်ဗျာ"

ဝမ်းရှောင်က ကြားဝင်ရှင်းပြလိုက်လေသည်။

"သိုင်းလောကရဲ့ လက်နက်တွေထဲမှာ အထူးခြားဆုံး၊ အထက်မြက်ဆုံးဆိုတဲ့ လက်နက်အဖြစ် 'မိုးကြိုးဓား'ကို သတ်မှတ်ထားကြတယ်၊ ဒါပေမယ့် မိုးကြိုးဓားကို ယှဉ်နိုင်တဲ့ 'ကြေးစုတ်တံ' လက်နက်တစ်ခု ရှိခဲ့တာကို သိတဲ့လူ ရှားတယ်"

ကျင်းစန်းသည် သိုင်းလောက ရတနာလက်နက်များ အ

ကြောင်း သိရသဖြင့် စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

ဝမ်းရှောင်က...

"ကြေးစုတ်တံလက်နက်ရဲ့ ပိုင်ရှင်အစစ်ဟာ နယ်ခြားမြို့စားပါ၊ သူဟာ သိုင်းလောကထဲ လုံးဝမထွက်ဘဲ ခပ်ကင်းကင်း နေခဲ့ပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိတ်ပြီး ကြံစည်နေတယ်လို့ သတင်းကြီးတဲ့လူပဲ"

မင်းကြိုးက...

"နယ်ခြားမြို့စား သိုင်းလောကထဲ ထွက်မလာ သေးတာက မိုးကြိုးဓားကြောင့်လို့ ပြောကြသလို၊ သူ့ရဲ့ ကြေးစုတ်တံဟာ မမျှော်လင့်ဘဲ ပျောက်ဆုံးသွားတာကြောင့်လို့လဲ ပြောကြတယ်ကွာ"

ကျင်းစန်း အံ့ဩသွားလေသည်။

မှတ်ဆိတ်ဖြူကြီးက သူ့အား သိုင်းဆရာလင်းကျိုထံသို့ စေလွှတ်ခြင်းမှာ လင်းကျိုထံမှ 'စုတ်တံ'တစ်ချောင်းကို ရယူဖို့ ဖြစ်လေသည်။

မင်းကြိုး ပြောသည့် စကားအရဆိုလျှင် လင်းကျို ရထားသော စုတ်တံသည် နယ်ခြားမြို့စား ပျောက်ဆုံးသွားသော စုတ်တံ ဖြစ်ပေမည်။

မှတ်ဆိတ်ဖြူကြီးက...

"ကျင်းစန်း၊ မင်း သိုင်းလောကထဲ ဆင်းသွားရမယ်၊ သိုင်းလောကရဲ့ အရှုပ်အထွေးဆုံးဆိုတဲ့ ပြဿနာတစ်ခုကို ဖြေရှင်းရလိမ့်မယ်"

ဟု အလေးအနက် မှာကြားလိုက်သေးသည် မဟုတ်ပါလား။ မင်းကြိုးက...



"လင်းကျိုဆီကို ဆရာမှတ်ဆိတ်ဖြူကြီးက ဘာကြောင့် မင်းကို စေလွှတ်လိုက်သလဲဆိုတာ မင်းသိသလား"

ဟု မေးလာလေသည်။

ကျင်းစန်း ဘာမှမပြောဘဲ နေလိုက်လေသည်။

မင်းကြိုးက...

"လင်းကျိုက ကြေးစုတ်တံကို ရထားတယ်လို့ သတင်းထွက်နေတယ်"

မေချောင်ဖုံးက...

"ဆရာမှတ်ဆိတ်ဖြူကြီးက လင်းကျိုဆီက ကြေးစုတ်တံကို ရယူပြီး 'မြေလတ်သိုင်းသုံးဖော်'ကို ကူညီဖို့ မင်းကို မှာလိုက်တယ် မဟုတ်လား"

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

"ဒေါ်ဒေါ်တို့က ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ အားလုံး သိနေတာကိုး"

မေချောင်ဖုံး ရယ်မောလိုက်သည်။

"တကယ်တော့ ငါတို့ မဆောင်ရွက်နိုင်ခဲ့တဲ့ ကိစ္စကို မင်း ဆောင်ရွက်ရမှာပါလေ၊ ဘာတွေ ဖြစ်ပျက်ခဲ့တယ်၊ ဘယ်လိုဘယ်ဟာဆိုတာ တဖြည်းဖြည်း မင်းသိရှိပြီး နားလည်သဘောပေါက်လာမှာပါ၊ အခု ငါတို့ လာခဲ့တာ ငါတို့ကိုယ်စား မင်းလုပ်ကိုင်ဆောင်ရွက်ပေးရမယ့်ကိစ္စအတွက် ကျေးဇူးတင်တဲ့အနေနဲ့ မင်းကို ငါတို့ရဲ့ အကောင်းဆုံး သိုင်းတစ်ကွက်စီ သင်ကြားပေးဖို့ပဲ"

"ဗျာ"

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွား ပြန်လေသည်။

ဟန်ကျောင်းက...

"ဟုတ်တယ်၊ မင်းကို ငါတို့ သိုင်းတစ်ကွက်စီ သင်ပေးလိုက်မယ်၊ ဒါမှ မင်းက ဂူချန်းရိုနဲ့ နယ်ခြားမြို့စားကို ယှဉ်နိုင်မှာ သေချာတယ်"

ကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် လက်ခံနိုင်မှာ မဟုတ်ပါဘူး"

"မင်းက ဘာကြောင့် ငြင်းချင်ရတာလဲ"

"ကျွန်တော့်ကို ဆရာမုတ်ဆိတ်ဖြူကြီးက လုံလောက်အောင် သိုင်းပညာ သင်ပေးထားပြီးပါပြီဗျာ"

မေချောင်ဖုံးက...

"ဆရာမုတ်ဆိတ်ဖြူကြီးရဲ့ ပညာဟာ အစွမ်းထက်တယ်ဆိုတာ သိုင်းလောကသားတိုင်း သိကြပါတယ်၊ ဂူချန်းက သည်လောက်မဟုတ်ပေမယ့် နယ်ခြားမြို့စားက အတော့်ကို ကြောက်စရာကောင်းတယ်၊ သူ့ဆီမှာ ကြေးစုတ်တံ မရှိတော့ပေမယ့် ရင်ဆိုင်ဖို့ ခက်တယ်၊ ငါအမှန်အတိုင်း ဝေဖန်သုံးသပ်ရယင် ဆရာမုတ်ဆိတ်ဖြူကြီးတောင် ရင်ဆိုင်ဖို့ မလွယ်ဘူး"

ကျင်းစန်း လက်မခံချင်အောင် ဖြစ်သွားလေသည်။

မေချောင်ဖုံးက...

"မင်းက ငါတို့ရဲ့ သိုင်းတစ်ကွက်စီကို လက်မခံယင် မင်း



သွားမယ့် လမ်းခရီးတစ်လျှောက်မှာ ငါတို့ လိုက်ပြီး နှောင့်ယှက်ရလိမ့်မယ်"

ထိုစကားကြောင့် ကျင်းစန်း မငြင်းနိုင်အောင် ဖြစ်သွားလေတော့သည်။

မေချောင်ဖုံးတို့ထံမှ သိုင်းတစ်ကွက်စီ သင်ယူရလျှင်လည်း မဆိုးဟု သဘောထားလိုက်သည်။

သိုင်းလောကသို့ ရောက်လာပြီးနောက် သူထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကား အန္တရာယ်ကြီးမားလှသည်။

ထို့ကြောင့် ထူးခြားထက်မြက်သည့် သိုင်းကွက်များ ရှိထားပါက ပို၍ အဆင်ပြေမည်ဟု တွေးကာ...

"ကောင်းပါပြီဗျာ၊ ကျွန်တော်သင်ယူပါ့မယ်"

ဟု ပြောလိုက်ရလေတော့သည်။

➤ ➤ ➤

## စောရညီနောင်

ကျင်းစန်းသည် မေချောင်ဖုံးတို့နှင့် တွေ့ဆုံခဲ့ပြီးနောက် ရှေ့ခရီး ဆက်လာခဲ့လေသည်။

ရတ်တရက်...

လူနှစ်ယောက်က ပြေးလွှားရောက်ရှိလာပြီး လမ်းပိတ်ထားလိုက်လေသည်။

ကျင်းစန်း ခြေလှမ်းရပ်ကာ လမ်းပိတ်ထားသူနှစ်ယောက်အား ကြည့်လိုက်လေသည်။

ထိုလူနှစ်ယောက်သည် အစိမ်းရောင်ဆင်တူဝတ်ဆင်ထားပြီး ရုပ်ချင်းဆင်ကာ အမြွှာညီအစ်ကိုများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။



ကျင်းစန်းသည် မုတ်ဆိတ်ဖြူကြီး ပြောလိုက်သည့် စောရအမြွှာညီနောင်နှစ်ယောက်ကို သတိရလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက်ဟာ စောရညီနောင်ဆိုတဲ့ ကွမ်းကြုံးညီနောင်လားဗျာ"

ဟု မေးလိုက်လေသည်။

ထိုလူနှစ်ယောက် ရယ်မောလိုက်ကြလေသည်။

"သိပ်မှန်တာပေါ့ကွာ"

"မင်းကကော မုတ်ဆိတ်ဖြူကြီး လွှတ်လိုက်တဲ့လူ မဟုတ်လား"

"ဗျာ"

ကွမ်းကြုံးညီနောင်က သူ့အား သိနေခြင်းကြောင့် ကျင်းစန်းအံ့သြသွားလေသည်။

အစ်ကိုဖြစ်သောကွမ်းကြုံးကြီးက...

"မင်းက ကြေးစုတ်တံနောက်ကို လိုက်ဖို့ စိတ်မကူးဘဲ အေးအေးဆေးဆေး နောက်လှည့်ပြန်သွားယင် ကောင်းမယ်"

ဟု ငေါက်လိုက်သည်။

ကျင်းစန်း ဘာမှ မပြောဘဲ နေလိုက်လေသည်။

ကွမ်းကြုံးလေးက...

"ကြေးစုတ်တံဟာ ငါတို့အတွက်ပဲကွ၊ ဒါကြောင့် မင်းနောက်ဆုတ်လိုက်တာ အကောင်းဆုံးပဲ"

ကျင်းစန်း ပြုံးလိုက်သည်။

"ခင်ဗျားတို့ကတော့ ကြေးစုတ်တံကို ယူမယ်၊ တခြားလူက

ယူခွင့် မရှိဘူးဆိုတာ ဘယ်လိုသဘောလဲ”

ကွမ်းကြိုးလေးက…

“ဘာလဲ ငါတို့က ကြေးစုတ်တံကိုများ လိုချင်မက်မောနေတယ်များ ထင်နေသလား၊ ကြေးစုတ်တံက ဘယ်လောက် အစွမ်းထက်ထက် ငါတို့ ဂရုမစိုက်ဘူး”

ကွမ်းကြိုးကြီးက…

“ငါတို့က ကိုယ့်ကျိုးအတွက် မဟုတ်ဘဲ မိတ်ဆွေကို ကူညီဖို့ လိုချင်နေကြတယ်ဆိုတာ မှတ်ထားပါ”

ကျင်းစန်းက…

“ကျုပ်ကလည်း ဆရာမုတ်ဆိတ်ဖြူကြီးအတွက် လိုချင်မက်မောနေတယ်များ ထင်နေကြတာလားဗျာ”

ကွမ်းကြိုးကြီး ခေါင်းခါယမ်းလိုက်လေသည်။

“ဒါတွေ ငါတို့ နားမလည်ဘူး၊ မင်းနောက်ဆုတ်လိုက်ယင်ကောင်းမယ်”

ကျင်းစန်းက…

“ကျုပ်က နောက်မဆုတ်ဘူးဆိုယင်ကော”

“သိကြသေးတာပေါ့ကွာ”

ကွမ်းကြိုးကြီးက စတင်တိုက်ခိုက်လိုက်လေသည်။

ကွမ်းကြိုးလေးကလည်း…

“ကျုပ်လည်း ရှိနေပါသေးတယ်”

ဟု ပြောကာ ခုန်ဝင်လာလေသည်။

ကျင်းစန်းသည် ကွမ်းကြိုးညီနောင်နှင့် တိုက်ခိုက်ခြင်း မပြု



လိုပါချေ။

ထို့ကြောင့် ကပျာကယာ နောက်သို့ ခုန်ဆုတ်ကာ ပြေးလွှားသွားလေတော့သည်။

“မပြေးနဲ့”

ကွမ်းကြိုးညီနောင် အော်ငေါက်ကာ ပြေးလိုက်သွားကြလေသည်။

သို့သော်…

ကျင်းစန်းသည် တခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ကွမ်းကြိုးညီနောင် လိုက်မမီတော့သဖြင့် ဗိုလ်၍ ဒေါပွသွားကြလေသည်။

“တောက် သည်ကောင် လွတ်သွားတာ နာတာပဲ”

ကွမ်းကြိုးကြီး မကျေမနပ် ရေရွတ်လိုက်လေသည်။

ကွမ်းကြိုးလေးက…

“သည်ကောင် ထွက်ပြေးသွားတယ်၊ သတ္တိတော်တော်နည်းတာပဲ၊ ဒါနဲ့များ သူက ကြေးစုတ်တံကို ရယူဦးမယ် ကြံစည်နေသေးတယ်”

နှစ်ယောက်သား မကျေမနပ် ဖြစ်နေစဉ် လူတစ်ယောက်က သူတို့အနီးသို့ ရောက်ရှိလာလေသည်။

“ခင်ဗျားတို့ ဘာကြောင့်များ သည်လောက်တောင် ဒေါသဖြစ်နေကြတာလဲဗျ”

ကွမ်းကြိုးညီနောင်မှာ ထိုလူကို မြင်လျှင် လှုပ်လှုပ်ရှားရှား

ဖြစ်သွားကြလေသည်။

"ဟင် မိတ်ဆွေကြီးစုထင်းပါလား"

စုထင်းသည် သိုင်းလောက၌ ထင်ရှားသည့် သိုင်းသမားတစ်ဦးဖြစ်ပြီး အာမခံဌာန ဖွင့်လှစ်ထားသူလည်း ဖြစ်လေသည်။

စုထင်း၏အာမခံဌာနမှ ပစ္စည်းများအား ကျွမ်းကြိုးညီနောင်က ခိုးယူဖို့ ကြိုးစားခဲ့ဖူးသည်။

စုထင်းက ကျွမ်းကြိုးညီနောင်အား လက်ရဖမ်းဆီးနိုင်ခဲ့လေသည်။

သို့သော် စုထင်းက ကတိတစ်ခုတောင်းကာ ကျွမ်းကြိုးညီနောင်အား ပြန်လွှတ်ပေးခဲ့သည်။

သူ့အတွက် အကူအညီ တစ်ခုခု လိုအပ်လာလျှင် ကူညီပါမည်ဟူသော ကတိ ဖြစ်လေသည်။

စုထင်းသည် အာမခံပစ္စည်း ပို့ဆောင်ပေးရန် လာရောက်ငှားရမ်းထားသူများ ရှိနေခြင်းကြောင့် များမကြာမီ နယ်ခြားသို့ ခရီးထွက်ရမည် ဖြစ်လေသည်။

ထိုအချိန်တွင် မမျှော်လင့်ဘဲ သတင်းတစ်ခု ကြားခဲ့ရလေသည်။

နယ်ခြားမြို့စား၏ကြေးစုတ်တံအား သိုင်းဆရာလင်းကျိက ရရှိထားသည်ဟူသော သတင်း ဖြစ်လေသည်။

ထိုသတင်းကြားလျှင် စုထင်းသည် လင်းကျိထံမှ ကြေးစုတ်တံအား လိုချင်စိတ်များ ဖြစ်ပေါ်လာလေသည်။

နယ်ခြားဒေသ၌ နယ်ခြားမြို့စားမှာ ဩဇာတိက္ကမ ကြီးမား



လှပေသည်။

ကြေးစုတ်တံပိုင်ရှင်လည်း ဖြစ်သည်။

ကြေးစုတ်တံကိုသာ ယူဆောင်သွားနိုင်မည်ဆိုပါလျှင် နယ်ခြားဒေသသို့ အာမခံပစ္စည်း သွားရောက်ပို့ဆောင်ရမည့် ခရီးမှာ အေးချမ်းဖြောင့်ဖြူးသွားလိမ့်မည် ဖြစ်လေသည်။

ထို့အတွက် လင်းကျိထံ၌ ကြေးစုတ်တံ ရှိနေသည်ဆိုသော သတင်းမှာ အမှန်တကယ် ဟုတ်မဟုတ် စုံစမ်းပြီး ဟုတ်မှန်နေသည်ဆိုပါက ခိုးယူပေးဖို့ စောရညီနောင်ဖြစ်သော ကျွမ်းကြိုးညီနောင်ကို အကူအညီ တောင်းခဲ့ခြင်း ဖြစ်လေသည်။

ကျွမ်းကြိုးညီနောင်က စုထင်းအား ကတိပေးထားသည့်အတိုင်း သိုင်းသမားလင်းကျိထံ၌ ကြေးစုတ်တံ ရှိမရှိ စုံစမ်းခဲ့ကြရာမှ သတင်းပေါက်ကြားကာ သိုင်းလောကသားများ သိရှိသွားကြခြင်း ဖြစ်ပါတော့သည်။

ကျွမ်းကြိုးညီနောင်သည် စုထင်းကို မြင်လျှင် မျက်နှာပျက်သွားကြလေသည်။ ကျွမ်းကြိုးကြီးက...

"ကျုပ်တို့က မိတ်ဆွေကို ပေးထားတဲ့ ကတိအတိုင်း လင်းကျိဆီမှာ ကြေးစုတ်တံ ရှိမရှိ စုံစမ်းခဲ့ကြပါတယ်ဗျာ၊ ဒါပေမယ့်.."

ကျွမ်းကြိုးလေးက စကားဆက်လိုက်လေသည်။

"နေရာတကာ ဝင်ရှုပ်တတ်တဲ့ လေလွင့်ဂိုဏ်းက လူတွေကြောင့် ကျုပ်တို့က လင်းကျိဆီက ကြေးစုတ်တံအကြောင်း လိုက်စုံစမ်းနေတယ်ဆိုတာ သတင်းပေါက်ကြားသွားတာ လေလွင့်ဂိုဏ်းက လူတွေက လင်းကျိနဲ့ ခင်မင်ရင်းနှီးကြတော့ ဝင်ပြီး ကူညီကြဖို့ စီစဉ်

ထားကြတယ်"

ကွမ်းကြုံးကြီးက…

"လေလွင့်ဂိုဏ်းက တင်းရီနဲ့ ရှမ်းစုကို သိတယ် မဟုတ်လား"

စုထင်း ခေါင်းညိတ်လိုက်သည်။

"သူတို့ဟာ လေလွင့်ဂိုဏ်းမှာ နာမည်ရှိကြတဲ့ လူတွေပဲဗျာ၊ ကျုပ်သိတာပေါ့"

"အင်း သူတို့က ကျုပ်တို့ညီအစ်ကိုကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြလို့ လှုပ်ရှားရတာ အတော့်ကို ခက်ခဲနေတယ်ဗျ၊ သည်ကြားထဲ မုတ်ဆိတ်ဖြူကြီးနဲ့ လူစွမ်းကောင်းတွေကလည်း တစ်စခန်း ပြန်ထလာကြတော့ အခြေအနေက ပိုပြီး ရှုပ်ထွေးသွားတာပေါ့ဗျာ"

စုထင်း သက်ပြင်းချလိုက်သည်။

"ကြေးစုတ်တံကိစ္စမှာ မုတ်ဆိတ်ဖြူကြီးနဲ့ ပတ်သက်ခဲ့ဖူးတာကိုး"

"ဒါပေါ့ဗျာ၊ မုတ်ဆိတ်ဖြူကြီးက သည်ကိစ္စထဲ ဝင်ရှုပ်ဖို့ ကောင်လေးတစ်ယောက်ကို သိုင်းလောကထဲ စေလွှတ်လိုက်တယ်ဗျ၊ သည်ကောင်လေးကို တွေ့လို့ ကျုပ်တို့က ဆုံးမမလို့ ဒါပေမယ့် သူက ထွက်ပြေးသွားတယ်လေ"

စုထင်း မျက်မှောင်ကုပ်သွားလေသည်။

"သူက ခင်ဗျားတို့နဲ့ ရင်မဆိုင်ဘဲ ထွက်ပြေးရှောင်တိမ်းသွားတယ် ဟုတ်လား"



"ဟုတ်တယ်"

စုထင်း ခေါင်းခါယမ်းလိုက်သည်။

"သည်ကောင်လေးဟာ မုတ်ဆိတ်ဖြူကြီးရဲ့တပည့် ဖြစ်တာကြောင့် ခေမှာ မဟုတ်တဲ့အပြင် ခုတလော သိုင်းလောကထဲမှာ ပြန်ပြီး လှုပ်ရှားလာကြတဲ့ 'လူစွမ်းကောင်း'တွေနဲ့လည်း ပတ်သက်နေနိုင်တယ်၊ သူက ရင်မဆိုင်ဘဲ ထွက်ပြေးသွားတာ အကြောင်းရှိလိမ့်မယ်"

ကွမ်းကြုံးညီနောင် အချင်းချင်း ကြည့်လိုက်ကြလေသည်။

စုထင်းက…

"သိုင်းသမားလင်းကျိုဟာ ကိစ္စတစ်ခုနဲ့ ခရီးထွက်လာတယ်လို့ ကျုပ်သတင်းကြားထားတယ်၊ အဲဒါ.."

"ဒါဆို သည်ကောင်က ကျုပ်တို့ထက် လက်ဦးအောင် ထွက်သွားတာပဲ ဖြစ်မယ်"

"ဟုတ်တယ်..ဟုတ်တယ်"

ကွမ်းကြုံးညီနောင် ပိုပြီး မကျေမနပ် ဖြစ်သွားကြလေတော့သည်။

"ကျုပ်တို့ လိုက်သွားကြမယ်"

"ကောင်းပြီ"

နှစ်ယောက်သား ပြေးထွက်သွားကြရန် ဟန်ပြင်လိုက်လေသည်။

"ခဏနေပါဦးဗျ"

စုထင်းက ဟန့်တားလိုက်လေသည်။

ကွမ်းကြိုးကြီးက…

"ခင်ဗျား ဘာပြောချင်သေးလို့လဲ"

စုထင်းက…

"ကျုပ်က ခရီးထွက်ရတော့မယ် အချိန်မရှိတော့ဘူး၊ ဒါ ကြောင့် ခင်ဗျားတို့က ကြေးစုတ်တံကို ရခဲ့ယင် ကျုပ်နောက်ကို လိုက် ခဲ့ကြပါဗျာ"

"စိတ်ချ၊ ကျုပ်တို့ ကြေးစုတ်တံကို ယူပြီး လိုက်ခဲ့ပါ့မယ်ဗျာ"

ကွမ်းကြိုးညီနောင် ထွက်သွားရန် ဟန်ပြင်လိုက်ကြပြန် သည်။ စုထင်းက…

"ကျုပ်စကားနားထောင်ပါဦးဗျာ"

ဟု ပြောလိုက်ပြန်သည်။

ကွမ်းကြိုးညီနောင် ခြေလှမ်းရပ်လိုက်ရပြန်လေတော့ သည်။ စုထင်းက…

"ကျုပ် တစ်ခုတော့ အလေးအနက် ပြောချင်ပါတယ်ဗျာ၊ အဲဒါက ကြေးစုတ်တံကို ခင်ဗျားတို့ မရဘဲ တခြားလူတစ်ယောက် ယောက်က ရသွားမယ်ဆိုယင်လည်း အဲသည် လူကို ကျုပ်ဆီကို ရောက်အောင် လွှတ်ပေးလိုက်ဖို့ မေတ္တာရပ်ခံချင်တာပါ"

"ဟင်"

ကွမ်းကြိုးညီနောင် သဘောမကျနိုင်အောင် ဖြစ်သွားကြ ၏။ သို့သော် စုထင်း ကျေနပ်အောင် ကတိပေးလိုက်ကြသည်။

ထို့နောက် ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

➤ ➤ ➤



## လေလွင့်သူ

"ဟူး…ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေ၏။

လူရိပ်တစ်ခုက ကိုယ်ဖော့ပညာ အသုံးပြုကာ လျင်မြန်စွာ ပြေးလွှားသွားနေသည်။

ကျင်းစန်း ဖြစ်လေသည်။

ကျင်းစန်းသည် သိုင်းသမားလင်းကျိ၏ [illegible]တင်းကို ကြားသိ ထားပြီးပြီ ဖြစ်ရကား ကွမ်းကြိုးညီနောင်နှင့် ရင်ဆိုင်ခြင်း မပြုဘဲ ရှောင်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

အတန်ကြာ ပြေးလွှားလာပြီးနောက် တောင်ကုန်းလေးတစ် ခုအနီးသို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်လေသည်။

ရှေ့ဆက် ပြေးလွှားသွား၍လည်း မဖြစ်တော့ပါ။

လူနှစ်ယောက်က လမ်းပိတ်ဟန့်တားထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ထိုလူနှစ်ယောက်သည် ဖာထေးရာဗရပွ ရှိနေသော အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

"လေလွင့်ဂိုဏ်းက လူတွေပဲ"

ကျင်းစန်း လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

ထိုလူနှစ်ယောက်မှာ လေလွင့်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမားနှစ်ယောက် ဖြစ်လေသည်။

တင်းရီနှင့် ရှမ်းစုဆိုလျှင် သိုင်းလောကသားတိုင်း လေးလေးစားစား ရှိကြလေသည်။

တင်းရီက...

"ကောင်လေး၊ မင်းကို ကြည့်ရတာ အရေးတကြီး ဖြစ်နေပုံရှိတယ်"

ရှမ်းစုက...

"ဘာလဲ မင်းက လူတစ်ယောက်ကို လိုက်ရှာနေတာ မဟုတ်လား"

ဟု မေးကြလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

မှတ်ဆိတ်ဖြူကြီးထံမှ ထွက်လာခဲ့သည်မှာ မကြာသေး



သော်လည်း သူ၏အကြောင်းကို သိုင်းလောကသားများ သိနေကြပြီဖြစ်၍ မငြင်းတော့ချေ။

ရှမ်းစုက...

"မင်းလိုက်ရှာနေတာ လင်းကျိ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"လင်းကျိဟာ ကျုပ်တို့နဲ့ ရင်းနှီးတဲ့ မိတ်ဆွေပဲ၊ ဒါကြောင့် သူ့ကို ဒုက္ခပေးမှာ ကျုပ်တို့ မလိုလားဘူး"

ကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်တော်က သူ့ကို ဒုက္ခပေးမလို့ မဟုတ်ပါဘူးဗျာ၊ သူ့ဆီက ပစ္စည်းတစ်ခု ငှားရမ်းချင်လို့ပါ"

တင်းရီကလည်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်တို့ကလည်း ဘယ်လိုကိစ္စမျိုးနဲ့မှ ကျုပ်ရဲ့ မိတ်ဆွေကို နှောင့်ယှက်ဒုက္ခပေးတာကို လက်မခံနိုင်ဘူး"

ကျင်းစန်းက...

"ကျွန်တော့်ကို လမ်းဖယ်ပေးဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"

"မင်းက ကျုပ်တို့ကို ကျော်ဖြတ်နိုင်တယ်ဆိုယင် သွားလို့ရပါတယ်"

"ခင်ဗျားတို့က.."

"ကျုပ်တို့ကတော့ မင်းကို နောက်ကြောင်းလှည့်သွားအောင် လုပ်ရလိမ့်မယ်"

"ကျွန်တော်ကလည်း ရှေ့ဆက်သွားနိုင်အောင် ကြိုးစားသွားမှာပါ"

တင်းရီနှင့် ရှမ်းစုတို့ မကျေမနပ် ဖြစ်သွားကြလေသည်။

"ကောင်းပြီ၊ မင်း ဘယ်လောက် အစွမ်းအစ ရှိမလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် တင်းရီက စတင်တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်းက လက်ဝါးနှစ်ဘက် အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တင်းရီမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သည်။

သို့သော် ကျင်းစန်းနှင့် ရင်ဆိုင်လိုက်ရာ သိုင်းသုံးလေးကွက်ရင်ဆိုင်ပြီးလျှင်...

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

"ဟင်"

တင်းရီ ရင်ထိတ်သွားလေသည်။

ကျင်းစန်းအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ကျင်းစန်းက...

"ကျွန်တော် ထွက်သွားလို့ ရပြီလားဗျာ"

ဟု မေးလိုက်သည်။ ရှမ်းစုက...

"မရသေးဘူးကွ၊ ငါတစ်ယောက်လုံး ရှိသေးတယ်၊ မင်းသွားချင်ယင် ငါ့ကို အနိုင်ယူပြီးမှ ထွက်သွားလို့ ရမယ် မှတ်ထားပါ"

"ကောင်းပါပြီဗျာ၊ ကျွန်တော် အနိုင်ရအောင် ယှဉ်ပြိုင်ပါ့မယ်"



"မင်းသတိထားပါ"

ရှမ်းစုက စတင်တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်းကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ရှမ်းစုက ကြိုးစားတိုက်ခိုက်လိုက်ပါသော်လည်း တင်းရီကဲ့သို့ပင် ကျင်းစန်းအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားလေတော့သည်။

"ဝုန်း"

"အား"

ရှမ်းစု အဝေးသို့ လွင့်စင်သွားလေတော့သည်။

ကျင်းစန်းက...

"ကျွန်တော်သွားလို့ ရပြီလားဗျာ"

ဟု မေးလိုက်သည်။

တင်းရီကော ရှမ်းစုပါ ဘာမှ မပြောကြတော့ပါ။

ကျင်းစန်းက သူတို့၏နံဘေးမှ ဖြတ်ကာ ထွက်လာခဲ့လေတော့သည်။

➢ ➢ ➢

## သတင်း

ယခုနှစ်ပိုင်းအတွင်း၌ သိုင်းလောက၌ ထူးခြားသော လှုပ်ရှားမှုများ ဖြစ်ပေါ်လာခဲ့လေသည်။

တိမ်မြုပ်နေခဲ့သော မိုးကြိုးဓားကိစ္စ ပေါ်ပေါက်လာသည်။

ကြေးစုဟတ်တံကလည်း အရေးပါလာသည်။

နယ်ခြားမြို့စားက သိုင်းလောကအား လွှမ်းမိုးမည်ဆိုသော သတင်းက ပို၍ ထွက်ပေါ်လာသည်။

ထို့အပြင်...

မိုးကြိုးဓားအား ရရှိထားသည်ဆိုသော ဂူချန်းက နယ်ခြားမြို့စားနှင့် မဟာမိတ်ဖွဲ့မည်ဆိုသော သတင်း ထွက်ပေါ်လာသောအခါ သိုင်းလောကတစ်ခုလုံး အထိတ်တလန့် ဖြစ်သွားလေတော့၏။

➤ ➤ ➤

## နိဒါန်း

ပူပြင်းသော နေရောင်ခြည်အောက်၌ မြင်းလှည်းတစ်စီးနှင့် မြင်းစီးသမားတစ်စုက ခရီးနှင်နေကြလေသည်။

မြင်းစီးသမားများအား ဦးဆောင်လာသူမှာ စုထင်းနှင့် ကျားယုတို့ ဆရာတပည့်နှစ်ယောက် ဖြစ်လေသည်။

စုထင်းတို့လူစုက မြင်းလှည်းတစ်စီးကို ခြံရံစောင့်ရှောက်ကာ နယ်ခြားဒေသသို့ ဦးတည်ခရီးနှင်နေကြခြင်း ဖြစ်လေသည်။

မြင်းလှည်း...

အာမခံပစ္စည်း သယ်ဆောင်လာသော မြင်းလှည်း ဖြစ်သည်၊

ထို့အပြင် လှည်းအား မိန်းကလေးတစ်ယောက်က မောင်းနှင်လာခြင်း ဖြစ်သည်။

မြင်းလှည်းမှာ အနက်ရောင်ဖြစ်ကာ အလုံပိတ်ထားသော မြင်းလှည်းတစ်စီး ဖြစ်သည်။

မြင်းလှည်းအိမ်ထဲ၌ မည်သို့သော ပစ္စည်းများ သယ်ဆောင်လာသည်ကို တာဝန်ယူသယ်ဆောင်လာခဲ့သော စုထင်းနှင့် ကျားယုတို့ ဆရာတပည့်နှစ်ယောက်ပင် မသိကြပါချေ။

စုထင်းသည် ထိုမြင်းလှည်းနှင့် ပတ်သက်ခဲ့ရပုံကို ပြန်လည်တွေးတောစဉ်းစားမိလေသည်။

ထိုစဉ်က ညအချိန် ဖြစ်သည်။

အာမခံဌာန တံခါးပိတ်ထားလိုက်ပြီ ဖြစ်သည်။

ကျားယုက မီးအိမ်များ ထွန်းညှိလိုက်လေသည်။

တဖန် စုထင်းအတွက် ညစာ ပြင်ပေးလေသည်။

"ကျားယု၊ တခြား ဘာမှလုပ်စရာမရှိတာ၊ မင်းလည်း တစ်ခါထဲ ဝင်စားလိုက်"

"ဟုတ်ကဲ့ ဆရာ"

ကျားယုက စုထင်းနှင့်အတူ စားသောက်ရန် စားပွဲ၌ ဝင်ထိုင်ဖို့ ဟန်ပြင်လိုက်စဉ်...

"ဒေါက်..ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

စုထင်းနှင့် ကျားယုတို့ လှမ်းကြည့်လိုက်ကြသည်။

စုထင်းက...

"ဧည့်သည် ရောက်လာတယ် ထင်တယ်၊ တံခါးသွားဖွင့်ပေးလိုက်ပါ"



"ဟုတ်ကဲ့ ဆရာ"

ကျားယု တံခါးသွားဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားလျှင် အပြင်ဘက်၌ လှပချောမောသော မိန်းကလေးတစ်ယောက် ရှိနေသည်ကို တွေ့ရလေသည်။

"ဟင်"

ကျားယု ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မိန်းကလေး ပြုံးလိုက်သည်။

"ကျွန်မက ချင်းယဉ်ပါရှင်၊ ဆရာစုထင်းနဲ့ တွေ့ချင်လို့ပါ"

သူမကိုယ်ကို မိတ်ဆက်ပေးကာ စုထင်းနှင့် တွေ့ခွင့်တောင်းလာလေသည်။

ကျားယုက...

"ဆရာစုထင်း ရှိပါတယ် ကြွပါဗျာ"

အတွင်းဘက်သို့ ဖိတ်ခေါ်လိုက်လေသည်။

"ကျေးဇူးပါပဲ"

မိန်းမချောလေးချင်းယဉ်က အတွင်းဘက်သို့ လှမ်းဝင်လာလေသည်။

စုထင်းကလည်း ဖိတ်ခေါ်လိုက်သည်။

"ထိုင်ပါဗျာ"

ချင်းယဉ်က စုထင်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ချလိုက်လေသည်။

စုထင်းက...

"မိန်းကလေးက ကျုပ်ကို ဘယ်လိုကိစ္စနဲ့ တွေ့ချင်တယ်ဆို

တာ ပြောပါဗျာ”

ဟု လာရင်း ကိစ္စကို မေးလိုက်လေသည်။

ချင်းယဉ်က...

“ကျွန်မဟာ နယ်ခြားဒေသကို အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် သွားစရာ ရှိနေပါတယ်၊ ကျွန်မနဲ့အတူ အဖိုးတန်ပစ္စည်းတစ်ချို့ ပါမှာဖြစ်လို့ လမ်းခရီးမှာ လူဆိုးဓားပြတွေရဲ့ အန္တရာယ်ကို စိုးရိမ်ရပါတယ်၊ ဒါကြောင့် ဦးတို့ လိုက်လံစောင့်ရှောက်ပြီး ပို့ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်ရှင်”

ဟု ရှင်းပြလေသည်။

စုထင်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

“လက်စသပ်တော့ ကျုပ်တို့ကို စောင့်ရှောက်ပို့ဆောင်ပေးစေချင်တာကိုး၊ ရပါတယ် မိန်းကလေး၊ ကျုပ် တာဝန်ယူနိုင်ပါတယ်၊ မိန်းကလေးဘက်ကသာ ကျုပ်တို့အတွက်..”

“စိတ်ချပါရှင်၊ ဦးတို့ မနစ်နာစေရပါဘူး၊ ထိုက်ထိုက်တန်တန်ပေးမှာပါရှင်”

စုထင်း ကျေနပ်သွားလေသည်။

“ကောင်းပြီ၊ မိန်းကလေးတို့ ဘယ်တော့များ ခရီးထွက်ချင်သလဲ ပြောပါ”

“သည်ညပဲ ခရီးထွက်ချင်ပါတယ်ရှင်”

“ဟင်”

စုထင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

“ခုညပဲ ခရီးထွက်ချင်တယ် ဟုတ်လား”



“ဟုတ်ပါတယ်ရှင်၊ ကျွန်မနဲ့အတူ မြင်းလှည်းတစ်စီး ပါလာပါတယ်၊ ဦးတို့ စောင့်ရှောက်ပြီး လိုက်ပို့ပေးမယ်ဆိုယင် ရပါပြီရှင်”

စုထင်းက ကျားယုကို ကြည့်လိုက်သည်။

ကျားယုက...

“ကျုပ် အခု ချက်ချင်း စီစဉ်လိုက်ပါ့မယ်”

ဟု ပြော၏။

ဤသို့ဖြင့် နယ်ခြားသို့ ခရီးထွက်ဖို့ အကြောင်းဖန်လာခဲ့လေတော့သည်။

➤ ➤ ➤

အမှန်တော့ ချင်းယဉ်ကိုယ်တိုင် ရောက်မလာမီ နယ်ခြားသို့ ပစ္စည်းတစ်ချို့ ပို့ဆောင်ရာ၌ လိုက်လံပို့ဆောင်ပေးနိုင်ခြင်း ရှိမရှိ စုထင်းထံသို့ စုံစမ်းမှုတစ်ခု ရှိခဲ့လေသည်။

စုထင်းကလည်း ငြင်းမရနိုင်သော အကြောင်းတစ်ခုကြောင့် လိုက်လံပို့ဆောင်ပေးရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထို့ကြောင့်လည်း ရေးမဆွကပင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခဲ့ပြီး ချင်းယဉ် ရောက်လာသည်နှင့် လိုက်လံပို့ဆောင်ပေးရန် အသင့်ဖြစ်သွားခြင်းပင်။

စုထင်း မည်မျှကြာအောင် တွေးတောငေးမောနေမိမှန်းမသိ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့မှ သတိဝင်လာတော့သည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

စုထင်း ကြည့်လိုက်သောအခါ အနီရောင်ဝတ်ဆင်ထားသူ တစ်စု ရုတ်တရက် ရောက်ရှိလာကာ တိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရလေသည်။

ကျားယုနှင့် သူ၏အဖွဲ့သားများကလည်း ပြန်လည်တိုက်ခိုက်နေကြသည်ကို တွေ့ရ၏။

"ခွမ်း"

စုထင်းက ဓားဆွဲထုတ်လိုက်သည်။

"သေချင်လို့ ကျုပ်စုထင်းကို လာပြီး စော်ကားကြတာပဲ"

ညာသံပေးကာ အနီရောင်ဝတ်ထားသူများအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

စုထင်းနှင့် ကျားယုတို့ ဦးဆောင်ကာ ပြင်းပြင်းထန်ထန် ခုခံရင်ဆိုင်လိုက်ကြရာ အနီရောင်ဝတ်ထားသူများ အထိနာသွားပြီး ဖရိုဖရဲ ဆုတ်သွားကြလေတော့သည်။

စုထင်းက မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

မြင်းလှည်းမောင်းသည့်မိန်းကလေးနှင့် ချင်းယဉ်တို့သည်



ပြင်းထန်လှသည့် သွေးထွက်သံယို တိုက်ပွဲကြီးကို တွေ့မြင်ရသော်လည်း ဘာမှ မဖြစ်သကဲ့သို့ ရှိနေကြသည်။

စုထင်းက...

"သခင်မလေးတို့ ထိခိုက်ဒဏ်ရာရသွားကြသေးသလား ဗျာ"

ချင်းယဉ် ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မတို့ ဘာမှမဖြစ်ပါဘူးရှင်၊ ဆရာစုထင်းတို့ကော အခြေအနေက.."

"ကျုပ်ရဲ့လူသုံးယောက် ကျဆုံးသွားပြီး တစ်ချို့ ထိခိုက်ဒဏ်ရာ ရသွားကြပါတယ်၊ ဒါပေမယ့် လူဆိုးတွေကို မောင်းထုတ်နိုင်လိုက်တော့ အောင်မြင်မှုတစ်ရပ်လို့ ဆိုနိုင်ပါတယ်ဗျာ"

ချင်းယဉ်က...

"ဒါဆိုယင်လည်း ကျွန်မတို့ ရှေ့ဆက်သွားကြမယ် ဘယ်လိုလဲ"

"ရပါတယ်၊ သွားကြတာပေါ့"

စုထင်းက အဖွဲ့သားများအား စုစည်းကာ ရှေ့ခရီးဆက်ရန် အမိန့်ပေးလိုက်လေတော့သည်။

➤ ➤ ➤

ည...

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

အရွက်ဖားဖားရှိသော သစ်ပင်ကြီးတစ်ပင်အောက်၌ မြင်းနှစ်ကောင် ချည်နှောင်ထားလေသည်။

မြင်းစီးသမားနှစ်ယောက်ကား သစ်ပင်ပေါ်မှ သစ်ကိုင်းကြီးတစ်ကိုင်းပေါ်၌ ရောက်ရှိနေသည်။

သစ်ကိုင်းကြီးပေါ်၌ နှစ်ယောက်သား လှဲလျောင်းနေကြသည်။

ထိုလူနှစ်ယောက်မှာ ဝီကျောင်းနှင့် နဂါးလေးတို့ ဖြစ်သည်။

သူတို့နှစ်ယောက်သည် ကျင်းစန်းနှင့် တွေ့ဆုံပြီးနောက် မိတ်ဆွေများ ဖြစ်သွားကြပြီး အတူလက်တွဲကာ သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ကြလေသည်။

နှစ်ယောက်သား အိပ်မပျော်နိုင်ကြသေးဘဲ သစ်ကိုင်းပေါ် လှဲလျောင်းကာ အနားယူနေကြခြင်း ဖြစ်လေသည်။

ဝီကျောင်းက...

"တို့နှစ်ယောက် သိုင်းလောကထဲ ရောက်လာမှပဲ သိုင်းလောကမှာ ထူးခြားမှုတွေဖြစ်ပေါ်လာတော့တယ်၊ နေရာတကာမှာ 'မိုးကြိုးဓား'နဲ့ 'ကြေးစုတ်တံ' အကြောင်းကို ပြောဆိုနေတာကြားရတယ်"

ဟု စကားစလိုက်သည်။



နဂါးလေးက....

"အေး...မိုးကြိုးဓားနဲ့ ကြေးစုတ်တံဆိုတဲ့လက်နက်တွေကို ငါလည်း တွေ့ချင်လိုက်တာ၊ ရများရခဲ့မယ်ဆိုယင် တို့နှစ်ယောက် တစ်ယောက်တစ်ခု ယူကြမယ်၊ မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ကွာ"

ဝီကျောင်းက ရယ်မောယင်း ပြောလေသည်။

သူတို့နှစ်ယောက်၏ သိုင်းပညာ မဆိုးကြပါ။

မကောင်းသူပယ် ကောင်းသူကယ် သူတပါးကို ကူညီလိုစိတ်ရှိကြသူများလည်း ဖြစ်သည်။

သို့သော်...

နှစ်ယောက်စလုံး သိုင်းလောကအတွေ့အကြုံ နုနယ်ကြသည့်အပြင် သိုင်းလောက ဗဟုသုတနည်းပါးကြသူများလည်း ဖြစ်လေသည်။

နှစ်ယောက်သား သိုင်းလောကသားများ ပြောဆိုနေကြသည့် မိုးကြိုးဓားနှင့် ကြေးစုတ်တံအကြောင်းကို စိတ်ဝင်တစားပြောဆိုနေကြစဉ်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

အဝေးမှ မြင်းခွာသံများ၊ မြင်းလှည်းဘီးလှိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝီကျောင်းက...

"ညဘက်ကြီး ခရီးသွားတွေ ရှိနေကြပါလားကွ"

နဂါးလေး ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ သည်လို ခရီးသွားတဲ့လူတွေဟာ အာမခံ႒ာန က လူတွေဖြစ်တာများတယ်"

သူတို့ ဝေဖန်သုံးသပ်နေစဉ် တိုက်ခိုက်သံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေတော့သည်။

➤ ➤ ➤

ကျင်းစန်း...။

ကျင်းစန်းသည် တင်းရီနှင့်ရှမ်းစုတို့အား ကျော်ဖြတ်ပြီးလျှင် 'ကောင်း'တည်းခိုခန်းသို့ အရောက်သွားနိုင်ခဲ့လေသည်။

သို့သော်...

စောရညီနောင်ဖြစ်သော ကွမ်းကြုံးညီနောင်က သူ့ထက် အယင် တည်းခိုခန်း၌ရောက်နေသည်ကို တွေ့ရလေသည်။

ကျင်းစန်း စိတ်ပျက်သွားလေသည်။

"သူတို့က ငါ့ထက်တောင် ခြေတစ်လှမ်းဦးနေကြပါလား"

ကွမ်းကြုံးညီနောင်က ကောင်းတည်းခိုခန်း၌ တည်းခိုနေသော သိုင်းသမားလင်းကျိုနှင့် ထိပ်တိုက်တွေ့ဆုံနေကြလေသည်။

ကွမ်းကြုံးကြီးက ဦးညွှတ်လိုက်သည်။

"ဆရာလင်းကျိုကို ဂါရဝပြုပါတယ်ဗျာ"

လင်းကျို ပြုံးလိုက်သည်။

"သိုင်းလောကရဲ့နာမည်ကြီး စောရညီနောင်ပါလား၊ ဘယ်



လို အကြောင်းကိစ္စနဲ့ ကျုပ်ဆီကိုရောက်လာကြတာလဲ၊ ပြောပါဦး"

ကွမ်းကြုံးကြီးကပင် ပြောလိုက်သည်။

"ဆရာလင်းကျိုက သိုင်းလောကရဲ့ရတနာတစ်ပါးဖြစ်တဲ့ ကြေးစုတ်တံကိုရထားတယ် သတင်းကြားလို့ ကျုပ်တို့ လာခဲ့ကြတာ ပါ"

လင်းကျိုက...

"နေပါဦး၊ ကျုပ်လက်ထဲမှာ ကြေးစုတ်တံ ရောက်နေတယ် လို့ ဘယ်သူကပြောတာလဲ"

"ဟဲ..ဟဲ..မငြင်းချင်ပါနဲ့ဗျာ၊ သိုင်းလောကတစ်ခုလုံး သိနေ ကြတာပဲဗျာ"

"ဩော်"

လင်းကျို ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ခင်ဗျားတို့ သိနေတယ်ဆိုမှတော့ ကျုပ်လည်း မငြင်းချင် တော့ပါဘူး၊ ကြေးစုတ်တံ ကျုပ်လက်ထဲမှာ ရှိနေပါတယ်၊ ကျုပ်က ဘယ်လိုရခဲ့တယ်ဆိုတာကော သိချင်ကြသေးသလားဗျာ"

ကွမ်းကြုံးကြီးက...

"ဆရာလင်းကျို ပြောပြမယ်ဆိုယင် သိပ်ကောင်းတာပေါ့ ဗျာ"

လင်းကျိုက...

"တစ်နေ့ ကျုပ် ခရီးထွက်ယင်း သမ်းခရီးမှာ ဒဏ်ရာတွေ နဲ့လဲနေတဲ့လူတစ်ယောက်ကို တွေ့ခဲ့ရတယ်၊ ကျုပ်က သူ့ကိုကယ် တင်ပြီး ဆေးဝါးကုသပေးခဲ့ပေမယ့် ဒဏ်ရာတွေက ပြင်းလွန်းတော့

သေဆုံးသွားခဲ့တယ်”

ကွမ်းကြိုးလေးက…

“သည်လူဟာ ကြေးစုတ်တံနဲ့ ပတ်သက်နေတာလားဗျာ”

“ဟုတ်ပါတယ်ဗျာ၊ သူသေဆုံးခါနီးမှာ သူဟာ နယ်ခြားမြို့စားရဲ့အိမ်ဖော်တစ်ယောက်ဖြစ်တဲ့အကြောင်း၊ နယ်ခြားမြို့စားက သူတို့မိသားစုအပေါ် ရက်စက်တာကြောင့် အခန်း သန့်ရှင်းရေးလုပ်ပေးယင်း ကြေးစုတ်တံကို ခိုးယူပြီး ထွက်ပြေးလာတဲ့အကြောင်း၊ လမ်းမှာ လူဆိုးဓားပြတွေနဲ့တွေ့ပြီး ဒုက္ခရောက်ခဲ့ရတဲ့အကြောင်း ပြောပြသွားခဲ့တယ်”

ကွမ်းကြိုးလေးက…

“ဆရာလင်းကျို ကံကောင်းသွားတာပေါ့ဗျာ”

လင်းကျို ပြုံးလိုက်သည်။

“သည်လက်နက်ကို ရလိုက်လို့ ကျုပ်ကံကောင်းတယ် မထင်ပါဘူးဗျာ၊ သိုင်းလောကတစ်ခုလုံးက လိုချင်မက်မောနေကြတာကြောင့် အန္တရာယ်ဝိုင်းနေတာပဲ မဟုတ်လား”

ကွမ်းကြိုးလေး ခေါင်းညိတ်လိုက်သည်။

“ဒါတော့ ဟုတ်တယ်၊ ကျုပ်တို့ကလည်း ကြေးစုတ်တံကို လိုချင်လို့ လာခဲ့ကြတာဗျ”

“ကျုပ်သိပါတယ်၊ ကြေးစုတ်တံကို ဟောဟိုက စားပွဲပေါ်မှာ တင်ထားပါတယ်၊ ခင်ဗျားတို့ လိုချင်ယင် သွားယူနိုင်ပါတယ်ဗျာ”

မလှမ်းမကမ်းရှိ စားပွဲပေါ်၌တင်ထားသော ကြေးစုတ်တံတစ်ချောင်းကို ညွှန်ပြလိုက်လေသည်။



ကြေးစုတ်တံကိုမြင်လျှင် ကွမ်းကြိုးညီနောင်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားလေသည်။

ညီအစ်ကိုနှစ်ယောက် အချင်းချင်းကြည့်လိုက်ကြ၏။

ထို့နောက် စားပွဲဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော်…

“ဟိတ်”

လင်းကျိုက ဟန့်တားလိုက်သည်။

ကွမ်းကြိုးညီနောင်လည်း တိုက်ခိုက်လိုက်ကြလေသည်။

လင်းကျိုက တုန့်ပြန်လိုက်ရာ ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

ထိုစဉ်…

တိတ်တဆိတ် အကဲခတ်နေသော ကျင်းစန်းက လျှပ်တပြက် လှုပ်ရှားလိုက်လေသည်။

ကျင်းစန်း လှုပ်ရှားလိုက်သည့် တဒင်္ဂအချိန်လေးမှာပင်…

“ဆရာလင်းကျို ကျုပ်တို့ရောက်လာပြီဗျို”

တင်းရှီနှင့်ရှမ်းစုတို့ ရောက်လာကြလေတော့သည်။

အခြေအနေ ရှုပ်ထွေးသွားသကဲ့သို့ ကြေးစုတ်တံသည်လည်း…

➤ ➤ ➤

လမ်းကလေး၏တစ်ဘက်၌ တောင်ကုန်းတစ်ခုရှိပြီး ကျန်တစ်ဘက်၌ တောအုပ်ရှိလေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်အောက်မှ ကျဉ်းမြောင်းသော လမ်းကလေးအတိုင်း စုထင်းတို့လူစု ခရီးနှင်လာကြလေသည်။

နယ်ခြားသို့ လာခဲ့သည့် လမ်းတလျှောက်တွင် လူဆိုးဓားပြများနှင့် အကြိမ်ကြိမ် တွေ့ဆုံခဲ့ရလေသည်။

တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ခဲ့ရသည်။

စုထင်းတို့လူစုသည် ချင်းယဉ်တို့အား ကာကွယ်စောင့်ရှောက်ယင်း ထိခိုက်ဒဏ်ရာရခဲ့ကြသည်။

အသက်များစွာ စွန့်လွှတ်ခဲ့ကြရလေသည်။

သို့တိုင် စုထင်းတို့က စိတ်မပျက်ဘဲ ရှေ့ခရီးဆက်ခဲ့ကြလေသည်။

စုထင်းက အဘယ်ကြောင့် ချင်းယဉ်အား နယ်ခြားသို့တိုင်လိုက်လံပို့ဆောင်ပေးလိုရပါသနည်း။

စုထင်းထံ၌ လျှို့ဝှက်ချက်တစ်ခု ရှိနေပါသည်။

ကျဉ်းမြောင်းသော လမ်းကလေးအတိုင်း ခရီးနှင်လာကြယင်း တစ်နေရာသို့အရောက်တွင်...

"ဝုန်း...ဝုန်း...ဝုန်း"

ကျယ်လောင်မြည်ဟီးသံများနှင့်အတူ ကျောက်တုံးကျောက်ခဲများ တောင်ကုန်းပေါ်မှ တဝုန်းဝုန်း ကျဆင်းလာလေတော့သည်။



"သတိထား"

စုထင်းက သတိပေးလိုက်ပြီး မြင်းပေါ်မှခုန်ထွက်လိုက်လေသည်။

ကျားယုလည်း ရှောင်တိမ်းလိုက်၏။

ရှေ့ဆုံးမှ ဦးဆောင်လာကြသော အဖွဲ့သားများမှာ ရှောင်တိမ်းရန် နောက်ကျသွားခြင်းကြောင့် ကျောက်တုံးများ ထိမှန်ကာ သေဆုံးသွားကြလေတော့သည်။

စုထင်း ဒေါသထွက်သွားလေသည်။

"ခိုးကြောင်ခိုးဝှက်လုပ်တာ ဘယ်သူလဲ ထွက်ခဲ့စမ်း"

ဟု အော်ပြောလိုက်လေသည်။

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံနှင့်အတူ တောင်ပေါ်မှ လူရိပ်တစ်ခု ခုန်ဆင်းလာလေသည်။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထားပြီး ဝတ်ရုံနက်ကြီး လွှမ်းခြုံထားလေသည်။

"မဟူရာဘီလူး"

စုထင်း ထိတ်လန့်သွား၏။

နယ်ခြားသို့ လာခဲ့သည့် လမ်းတစ်လျှောက် ရင်ဆိုင်ခဲ့ရသော လူဆိုးဓားပြများတွင် ယခု ဆုံတွေ့လိုက်ရသော မဟူရာဘီလူးမှာ ကြောက်စရာ အကောင်းဆုံး ဖြစ်ကြောင်း နားလည်ထားလေသည်။

သူ၏သိုင်းပညာဖြင့် မဟူရာဘီလူးအား ယှဉ်နိုင်မည်

မဟုတ်ကြောင်းလည်း နားလည်ထား၏။

ထို့ကြောင့်…

“သခင်မလေး မြန်မြန်နောက်ကြောင်း ပြန်လှည့်သွားပါ”

ဟု ချင်းယဉ်အား အော်ပြောလိုက်လေသည်။

ချင်းယဉ်က…

“ဘာဖြစ်လို့လဲရှင်”

“မဟူရာဘီလူးက အတော့်ကို ကြောက်စရာကောင်းတယ်၊ ကျုပ်က သူ့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး”

ထိုစဉ်…

“ဘာမှ မပူပါနဲ့ဗျာ၊ သူ့ကို ကျုပ်ဆုံးမပေးပါ့မယ်”

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေသည်။

လူငယ်တစ်ယောက် ဖြစ်ပြီး ယောကျ်ားပီသစွာ ချောမောခန့်ညားသူ ဖြစ်လေသည်။

ထိုလူငယ်မှာ ကျင်းစန်းပင် ဖြစ်လေသည်။

စုထင်းက…

“မိတ်ဆွေလေး၊ မဟူရာဘီလူးဟာ သိုင်းပညာ ထက်မြက်တဲ့အပြင် သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဓားလှံလက်နက် ထိုးမဖောက်နိုင်တဲ့ ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားတယ်၊ မိတ်ဆွေလေး ဒုက္ခရောက်သွားပါလိမ့်မယ်”

ဟု သတိပေးလိုက်လေသည်။

ကျင်းစန်း ပြုံးလိုက်၏။

“ကိစ္စမရှိပါဘူးဗျာ၊ သူ့ကို ကျုပ် ဆုံးမပေးပါ့မယ်၊ ဆရာစုထင်းတို့ကို ကူညီပါ့မယ်”



စုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

“သူက ငါ့ကို သိနေပါလား”

ဟု တွေးပြီး သေသေချာချာ ကြည့်လိုက်မှ မှတ်မိသွားလေသည်။

“လက်စသပ်တော့ မုတ်ဆိတ်ဖြူကြီးရဲ့တပည့်ကိုး”

ကျင်းစန်းအား သိုင်းလောကသားများက သိရှိနေကြပြီ ဖြစ်လေသည်။

ကျင်းစန်းက နှောင့်ယှက်မည့်အကြောင်းကို ကွမ်းကြိုးညီနောင်ကလည်း ပြောပြဖူးသည် မဟုတ်ပါလား။

“သူရောက်လာတာ အကြောင်းရှိမယ်”

ဟု တွေးပြီး နောက်ဆုတ်လိုက်လေသည်။

ချင်းယဉ်နှင့် မြင်းလှည်းမောင်းသော မိန်းကလေးတို့ကလည်း ကျင်းစန်းအား အကဲခတ်နေကြ၏။

ကျင်းစန်းက မဟူရာဘီလူးနှင့် ရင်ဆိုင်လိုက်လေသည်။

မဟူရာဘီလူး မဲ့ပြုံးပြုံးလိုက်သည်။

“သည်ကောင်လေး သေချင်ပြီ ထင်တယ်”

ဟု အော်ငေါက်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်းကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

➤ ➤ ➤

လရောင်အောက်၌ ဟိုက်ပွဲ ဖြစ်ပေါ်နေ၏။

ကျင်းစန်းနှင့် မဟူရာဘီလူးတို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေကြလေသည်။

မဟူရာဘီလူးမှာ ထိပ်တန်းသိုင်းပညာရှိသော ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် ကျင်းစန်းကဲ့သို့ လူငယ်လေးတစ်ယောက်အား လွယ်လင့်တကူ အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်လိုက်ကြပြီး သိုင်းကွက်သုံးဆယ်ကျော်သည်အထိ ကျင်းစန်း၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိသောအခါ ဒေါသထွက်လာလေတော့သည်။

"တောက် သေလိုက်စမ်း"

လက်နှစ်ဘက် ဝှေ့ယမ်းကာ လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

တဆက်တည်းပင်...

"ဟူး"

ရှေ့သို့ ပြေးဝင်လာပြီး လက်ဝါးနှစ်ဘက်ဖြင့် ရိုက်ချလိုက်လေသည်။

"ဟင်"

"ဟာ"

စုထင်း၊ ကျားယုနှင့် ချင်းယဉ်တို့ ထိတ်လန့်သွားကြ၏။

မဟူရာဘီလူး၏လက်ချက်ဖြင့် ကျင်းစန်း လဲကျသေဆုံး



သွားတော့မည် ထင်မိကြလေသည်။

ကျင်းစန်းက ရှောင်တိမ်းခြင်း မပြုဘဲ ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

ပစ်လွှင့်လာသော လက်နက်ပုန်းလေးများအား အင်္ကျီလက်ကို ဝှေ့ယမ်းကာ ရိုက်ထုတ်လိုက်သည်။

တဆက်တည်းပင် သိုင်းသမားလင်းကျိုထံမှ ရယူလာခဲ့သော ကြေးစုတ်တံကို ထုတ်ယူကာ မဟူရာဘီလူး၏ရင်ဝကို ထိုးစိုက်ချလိုက်လေသည်။

မဟူရာဘီလူးသည် ဓားလှံလက်နက် ထိုးမပေါက်သည့် သံမဏိကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားသော်လည်း အစွမ်းထက်လှသော ကြေးစုတ်တံက ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

"အား"

မဟူရာဘီလူး စူးရှစွာ အော်ဟစ်လိုက်လေသည်။

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

ကျင်းစန်းကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း...မင်း..."

မယုံနိုင်ခြင်း၊ ဒေါသဖြစ်ခြင်းများနှင့်အတူ မြေပေါ် လဲကျကာ အသက်ပျောက်သွားလေတော့သည်။

➤ ➤ ➤

## အပေါင်းအဖော်များ

မဟူရာဘီလူး မြေပေါ် လဲကျ သေဆုံးနေပြီ ဖြစ်လေသည်။

ကျင်းစန်း အနိုင်ရလိုက်ခြင်းကြောင့် အားလုံး မယုံနိုင်အောင် ဖြစ်နေကြပါသည်။

စုထင်းက...

"မဟူရာဘီလူးဟာ ဓားလှံထိုးဖောက်လို့ မရနိုင်တဲ့ သံမဏိကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားတာ"

ဟု ရေရွတ်လိုက်လေသည်။

သူက ကျင်းစန်း၏လက်ထဲ၌ လက်နက်တစ်ခု ရောက်ရှိလာပြီး မဟူရာဘီလူးအား အဆုံးစီရင်လိုက်ခြင်း ဖြစ်ကြောင်း ရိပ်ခနဲ တွေ့မြင်လိုက်လေသည်။



ယခုတော့...

ကျင်းစန်း၏လက်ထဲ၌ မည်သည့်လက်နက်ကိုမှ မတွေ့ရတော့ပါချေ။

မည်သို့ဆိုစေ...

ကျင်းစန်းသည် ကွမ်းကြိုးညီနောင်ထက် လက်ဦးအောင် လင်းကျိုထံမှ ကြေးစုတ်တံကို ရယူနိုင်ခဲ့ပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ချင်းယဉ်က...

"နယ်ခြားဒေသမှာ မဟူရာဘီလူးရဲ့လက်ချက်နဲ့ သေဆုံးခဲ့ရတဲ့လူ မနည်းတော့ဘူး၊ သူအမိုက်ဇာတ်သိမ်းသွားတာပဲ ကောင်းပါတယ်လေ"

ဟု ရေရွတ်လိုက်၏။

တဖန်...

"မဟူရာဘီလူး သေဆုံးသွားပြီဆိုယင်တော့ သူ့ရဲ့သွေးသောက်မိတ်ဆွေသုံးယောက်က သည်းခံနေကြမှာ မဟုတ်ဘူး"

ဟု ဆက်ပြောလိုက်လေသည်။

စုထင်း ရင်ထိတ်သွား၏။

"မဟူရာဘီလူးရဲ့သွေးသောက်မိတ်ဆွေတွေဆိုတာ ကြယ်သုံးလုံးကို ပြောတာ မဟုတ်လား"

ဟု မေးလိုက်မိ၏။

ချင်းယဉ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ဟော ပြောယင်းဆိုယင်း သူတို့ရောက်

လာကြပြီ ထင်တယ်"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် လူသုံးယောက် ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

➢ ➢ ➢

အလွန်ခက်ထန်ကြမ်းတမ်းသည့်အသွင် ရှိသည့် လူ့ဘီလူးကြီးသုံးယောက် ဖြစ်သည်။

သူတို့သည် မြေပေါ် လဲကျသေဆုံးနေသည့် မဟူရာဘီလူးကို မြင်လျှင် ဒေါသချောင်းချောင်း ထွက်သွားကြလေတော့သည်။

တစ်ယောက်က...

"သူ့ကို ဘယ်သူ သတ်ဝစ်လိုက်တာလဲ ပြောစမ်း"

ဟု ငေါက်လိုက်လေသည်။

ထိုလူမှာ ကြယ်သုံးလုံးမှ အမှတ်တစ်ကြယ် ဖြစ်သည်။

ကြယ်သုံးလုံးသည် အလွန်ရက်စက်ကြမ်းကြုတ်သော လူဆိုးဓားပြကြီးများ ဖြစ်ကြလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

"ကျုပ် ဆုံးမလိုက်တာပါဗျာ"

ရှေ့သို့ လှမ်းထွက်ကာ ပြောလိုက်လေသည်။

အမှတ်တစ်က...

"ဒါဆိုယင် မင်းသေဖို့သာ ပြင်ထားပေတော့"

ကြုံးဝါးယင်း တိုက်ခိုက်လိုက်ရာ ကျင်းစန်းက ပြန်လည်



တိုက်ခိုက်လိုက်လေသည်။

ထိုအခါ...

"ကျုပ်တို့လည်း ရှိပါသေးတယ်ဗျာ"

အမှတ်နှစ်နှင့် အမှတ်သုံးတို့ကပါ ကျင်းစန်းအား တိုက်ခိုက်လိုက်ကြလေသည်။

စုထင်း သက်ပြင်းချလိုက်သည်။

"သည်လူငယ်လေးရဲ့ သိုင်းပညာ ဘယ်လောက်ပဲ ထက်မြက်ပါစေ၊ ကြယ်သုံးလုံးက ဝိုင်းပြီး တိုက်ခိုက်ယင် အခက်ကြုံရမှာ သေချာတယ်"

ချင်းယဉ် လက်ခံလေသည်။

"ဟုတ်တယ်၊ သူတစ်ယောက်ထဲ လွှတ်ထားလို့ မဖြစ်ဘူး ထင်တယ်"

ထိုစဉ်မှာပင်...

"ကျင်းစန်း၊ ကျုပ်တို့ ရောက်လာပြီဗျို့"

ကျယ်လောင်သော စကားသံနှင့်အတူ လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ဝီကျောင်းနှင့် နဂါးလေးတို့ ဖြစ်လေသည်။

ကျင်းစန်း ဝမ်းသာသွားလေသည်။

"မင်းတို့နှစ်ယောက် ရောက်လာတာ အတော်ပဲ"

ဝီကျောင်း၊ နဂါးလေးတို့နှင့်အတူ လက်တွဲကာ တိုက်ခိုက်လိုက်လေသည်။

သူတို့သုံးယောက် လက်တွဲလိုက်ကြသည်နှင့်...

"ဝုန်း"

"အား"

"အမယ်လေး"

ကြယ်သုံးလုံး လူဆိုးကြီးသုံးယောက်မှာ မရှုမလှ အထိနာကာ မြေပေါ် လဲကျသွားကြလေတော့သည်။

➤ ➤ ➤

ကျင်းစန်းသည် နဂါးလေး၊ ဝီကျောင်းတို့နှင့် လက်တွဲကာ ကြယ်သုံးလုံးအား အနိုင်ယူလိုက်ပြီ ဖြစ်လေသည်။

စုထင်း ဝမ်းသာသွားလေသည်။

ကျင်းစန်းကို ဦးညွှတ်လိုက်သည်။

"ကျုပ်တို့ကို ကူညီတာ ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ၊ ကျုပ်က စုထင်းပါ"

ကျင်းစန်းကလည်း ပြန်လည်ဦးညွှတ်လိုက်လေသည်။

"ဆရာကြီးဟာ နာမည်ကျော်သိုင်းသမားကြီးတစ်ယောက်ပဲကိုး၊ ကျွန်တော်က ကျင်းစန်းပါ၊ ဟောဒီက ကျွန်တော့်မိတ်ဆွေနှစ်ယောက် ဖြစ်တဲ့ နဂါးလေးနဲ့ ဝီကျောင်းပါ"

ဝီကျောင်းနှင့် နဂါးလေးတို့ကလည်း ဦးညွှတ်လိုက်ကြလေသည်။

ကျင်းစန်းက...

"သူငယ်ချင်းတို့၊ သည်က ဆရာစုထင်းမှာ အခက်အခဲ ရှိနေ



ပုံရတယ်၊ ကျုပ်တို့ကလည်း သိုင်းလောက အတွေ့အကြုံ ရှာချင်နေကြတာဆိုတော့ အတူလိုက်သွားပြီး ကူညီကြယင် မကောင်းဘူးလားဗျာ"

ဝီကျောင်းနှင့် နဂါးလေးတို့အား မေးလိုက်လေသည်။

ဝီကျောင်းတို့ ဘုမသိ ဘမသိ ထောက်ခံလိုက်ကြသည်။

"ဟာ ကူညီရမှာပေါ့"

"ကျုပ်တို့က လူဆိုးဓားပြတွေဆိုယင် ဆုံးမနှိမ်နင်းချင်နေတာနဲ့ အတော်ပဲ"

စုထင်း ပြုံးလိုက်သည်။

ကျင်းစန်းက အဘယ်ကြောင့် သူ့အား ကူညီလိုနေကြောင်း နားလည်ထားလေသည်။

ထို့ကြောင့် ချက်ချင်း လက်ခံလိုက်လေသည်။

"ကျုပ်တို့ကို ကူညီမယ်ဆိုလို့ ဝမ်းသာလိုက်တာဗျာ၊ မိတ်ဆွေလေးတို့ လိုက်ခဲ့မယ်ဆိုယင် လမ်းခရီးမှာ ဘယ်လိုအန္တရာယ်မျိုးကိုမှ မှုစရာ မလိုတော့ဘူးပေါ့"

တဖန် ချင်းယဉ်ဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"သခင်မလေးကကော သဘောတူတယ် မဟုတ်လားဗျာ"

ချင်းယဉ် ပြုံးလိုက်လေသည်။

"ကျွန်မတို့ကို စေတနာနဲ့ ကူညီတာပဲ ငြင်းပယ်လို့ ဘယ်ဖြစ်ပါ့မလဲရှင်"

သူမလည်း သဘောတူလိုက်ခြင်းကြောင့် ကျင်းစန်းတို့သုံးယောက် လိုက်ပါခွင့် ရရှိသွားကြလေတော့သည်။

➤ ➤ ➤

## မရေရာတဲ့ခရီး

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့သုံးယောက် သူငယ်ချင်း ဖွဲ့လိုက်ကြလေသည်။

ဝီကျောင်းတို့မှာ ကျင်းစန်းနှင့် ပတ်သက်ပြီး စုထင်းတို့လူစုနှင့် လိုက်ခွင့်ရသဖြင့် ဝမ်းသာပျော်ရွှင်နေကြ၏။

သိုင်းလောက အတွေ့အကြုံများ ရရှိလိမ့်မည်ဟုလည်း ယုံကြည်ထားကြလေသည်။

သို့သော်...

ခရီးဆက်ခဲ့ပြီး မကြာမီ စုထင်းတို့လူစုသည် လျှို့ဝှက်သော လူစုကဲ့သို့ ရှိနေပြီး ချင်းယဉ်မှာလည်း မာနကြီးသော မိန်းကလေး တစ်ယောက်အသွင်မျိုး ရှိနေကြောင်း သတိပြုမိလာကြလေတော့၏။

ဝီကျောင်းက...



"ကျင်းစန်း၊ သူတို့လူစုက ဘယ်လိုပစ္စည်းတွေ သယ်လာကြတာလဲကွ၊ ဘယ်ကို သွားမလို့လဲ"

ဟု မေးလိုက်လေသည်။

ကျင်းစန်းက...

"သူတို့က နယ်ခြားကို သွားကြမှာပါ၊ မြင်းလှည်းထဲမှာ ဘာပစ္စည်း ပါလာသလဲဆိုတာတော့ ငါလည်း မသိဘူး"

နဂါးလေးက...

"မြင်းလှည်းထဲမှာ အဖိုးတန်ပစ္စည်းပါလာလို့ သူတို့က အနီးကပ် စောင့်ရှောက်နေကြတာမျိုး ရှိတယ်၊ မြင်းလှည်းနားကို ဘယ်သူ့ကိုမှ အကပ်ခံတာ မဟုတ်ဘူး"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ဘယ်သူမဆို ကိုယ့်ပစ္စည်းကို ကိုယ်ဂရုစိုက်ကြမှာပဲ မဟုတ်လား၊ သူတို့ကို အပြစ်ပြောလို့ မရဘူးလေ"

နဂါးလေးက...

"ငါကတော့ မြင်းလှည်းထဲမှာ အဖိုးတန်ပစ္စည်းထက် လူတစ်ယောက် လိုက်ပါလာတယ်လို့ ထင်မိတာပဲ"

"ဟေ"

ဝီကျောင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

နဂါးလေးကို မျက်လုံးပြူးကြည့်လိုက်၏။

"မင်းက ဘာကြောင့် သည်လို ထင်ရတာလဲ"

နဂါးလေးက...

"ချင်းယဉ်ကော၊ မြင်းလှည်းမောင်းတဲ့ မိန်းကလေးကော

ထူးခြားနေတယ်၊ ချင်းယဥ်ကတောင် မြင်းလှည်းအနားက ခွာသေးတယ်၊ မြင်းလှည်းမောင်းတဲ့ မိန်းကလေးကတော့ လုံးဝမခွာဘူးကွ"

ဝီကျောင်း ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်တယ်၊ ခရီးတစ်ထောက်နားလို့ မြင်းလှည်းကို ရပ်တန့်ထားတဲ့ အချိန်မျိုးမှာတောင် သူက မြင်းလှည်းအနားက ခွာတာ မဟုတ်ဘူး"

နဂါးလေးက...

"သူတို့ဟာ မိန်းမသားတွေ ဖြစ်ပေမယ့် ပစ္စည်းဥစ္စာကို သည်လောက်တောင် မက်မောစရာအကြောင်းမရှိဘူး၊ ပြီးတော့ သိုင်းပညာ မခေကြတာ သေချာတယ်၊ သူတို့ ခုလို ဖြစ်နေကြတာ မြင်းလှည်းထဲမှာ လိုက်ပါလာတဲ့လူကို စိတ်မချလို့ဘဲ ဖြစ်မယ်"

ကျင်းစန်း ကြားဝင်လိုက်လေသည်။

"ဒါတွေ ထားလိုက်ပါတော့လေ၊ သူတို့ကို ဒုက္ခပေးချင်သူတွေ ရောက်လာယင် ငါတို့က ဆုံးမလိုက်မယ်၊ ဒါဆိုယင် တိုက်ပွဲတွေနဲ့ ရင်ဆိုင်ရမယ်၊ သိုင်းလောက အတွေ့အကြုံရမယ်၊ ဒါပဲပေါ့"

"ဟုတ်တယ်၊ ဒါပဲပေါ့"

ဝီကျောင်းက ပြောလိုက်လေသည်။

ကျင်းစန်းက...

"ကဲ သွားကြစို့"

"ကောင်းပြီ"

သုံးယောက်သား မြင်းကိုယ်စီ ဒုန်းစိုင်းနှင်လိုက်ကြလေ၏။

ချင်းယဥ်က အန္တရာယ်များနှင့် မကြာခဏ ကြုံတွေ့နေရ



ခြင်းကြောင့် အမြန်ဆုံး ခရီးဆက်ရန် ဆုံးဖြတ်ထားလေသည်။

ထို့ကြောင့် လမ်းခရီးတစ်လျှောက်၌ ရပ်နားခြင်း မပြုဘဲ ခရီးဆက်ရန် ဆုံးဖြတ်ထားလေသည်။

ကျင်းစန်းတို့သုံးယောက်လည်း ရပ်နားခွင့် မရတော့ပါ။

သူတို့သုံးယောက်အား ရှေ့ဆုံးမှ ဦးစွာ သွားစေခဲ့သည်။

အကယ်၍...

လမ်းခရီး၌ အန္တရာယ်ကြုံရပါက ကျင်းစန်းတို့ ဦးစွာ ရင်ဆိုင်ကြရလိမ့်မည် ဖြစ်လေသည်။

ကျင်းစန်းတို့ မည်သို့မျှ သဘောမထားကြပါချေ။

ချင်းယဥ်တို့လူစု ဘေးအန္တရာယ်ကင်းရှင်းစေဖို့ ကာကွယ်စောင့်ရှောက်သွားရန် ဆုံးဖြတ်ထားကြ၏။

ချင်းယဉ်က ရပ်နားခြင်း မပြုဘဲ ခရီးဆက်ရန် ဆုံးဖြတ်ပြီး သည့်နောက် လိုက်ပါလာကြသူအားလုံး ပင်ပန်းနွမ်းနယ်ကြလေတော့သည်။

ရှေ့ဆက်သွားရသည့် လမ်းခရီးကလည်း ခက်ထန်ကြမ်းတမ်းနေပါတော့သည်။

တောတောင်များကို ဖြတ်ကျော်ရသည်။

မြစ်ချောင်းဒေသအိုင်များကို ဖြတ်သန်းရသည်။

မြွေဆိုးများ၊ သားရဲတိရစ္ဆာန် ပေါများသော နေရာများမှ စွန့်စားသွားလာရသည်။

လူဆိုးဓားပြများနှင့် ရင်ဆိုင်ရသည်။

အလွန်ခက်ခဲ ပင်ပန်းကြမ်းတမ်းသော ခရီးကြမ်းကို ဖြတ်သန်းသွားရခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဝီကျောင်းနှင့် နဂါးလေးတို့ ညည်းညူလာကြလေတော့သည်။

ဝီကျောင်းက...

"ကျင်းစန်း၊ တို့တတွေ သည်အတိုင်းပဲ ဆက်သွားနေရတော့မှာလားကွ"

ဟု မေးလိုက်လေသည်။

နဂါးလေးက...

"ဟုတ်တယ်၊ မင်း ဘာမှ မပြောတော့ဘူးလား"

ကျင်းစန်းက...

"ငါက ဘာကို ပြောရမှာလဲကွ"



"ငါတို့ ခရီးတစ်ထောက် မရပ်နားတော့ဘူးလားလို့ မေးတာလေ"

"ဩော်.. ဒါလား.."

"အေးလေ ငါတို့ ပင်ပန်းလှပြီကွ"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"သိုင်းသမားတွေဟာ ရက်ပေါင်း လပေါင်း အတော်ကြာအောင် သိုင်းလောက တန့်တလျား သွားကြတာပဲ မဟုတ်လား၊ ခုမှ သုံးရက်ပဲ ရှိသေးတာကွ"

နဂါးလေး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

➤ ➤ ➤

# မိစ္ဆာ

နေဝန်းနီသည် အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်သည်။

ဆည်းဆာ၏နေရောင်ခြည်များသည် ဝန်းကျင်တစ်ခုလုံးကို လွှမ်းမောဖွယ်ရာ အလှရှုခင်း ဖြစ်ပေါ်လာစေသည်။

အဝေးတွင် မှိုင်းညို့ညို့ တောင်စဉ်တောင်တန်းများကို တွေ့မြင်နေရလေ၏။

တောင်တန်းများ အနီးတွင် စိမ်းလန်းသော သစ်တောများ၊ ကွင်းပြင်များနှင့် ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသည့် ချောင်းကလေးတစ်ခုကိုလည်း တွေ့မြင်နေရသေး၏။

လေပြည်လေညင်း ဝှေယမ်းတိုက်ခတ်လာသည်။



အိပ်တန်းပြန် ငှက်တစ်အုပ်သည် အသံတစာစာဖြင့် ဦးခေါင်းပေါ်မှ ဖြတ်ကျော်ပျံသန်းသွားသည်။

တစ်နေ့တာ ကုန်ဆုံးသွားပြီး တစ်ညတာ စတင်ပေတော့မည်။

"ကျုပ်တို့ မရပ်မနား ခရီးဆက်လာခဲ့တာ သုံးရက် ရှိပြီ၊ သည်ကနေ့ညတော့ တစ်နေရာရာမှာ အနားယူကြမှနဲ့ တူတယ်"

နဂါးလေးက ပြောလေသည်။

ကျင်းစန်းနှင့် ဝီကျောင်းတို့ ချက်ချင်း သဘောတူလိုက်ကြသည်။

ကျင်းစန်းက...

"ကောင်းပြီ၊ ဟိုဘဝင်မြင့်နေတဲ့ သခင်မလေးကတော့ ဘာပြောဦးမလဲ မသိဘူး"

ဝီကျောင်းက...

"သူ့ဘာသာ ပြောချင်ရာ ပြောပါစေ၊ ငါတို့ကတော့ အနားယူမှ ဖြစ်လိမ့်မယ်၊ သူ့ကို ဂရုစိုက်မနေစမ်းပါနဲ့"

ဟု ခပ်ပြတ်ပြတ် ပြောလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

ဘဝင်မြင့်သော ချင်းယဉ်အား ကြည့်မရသည့် အချက်မှာ သူတို့သုံးယောက်စလုံး တူညီနေသည် မဟုတ်ပါလား။

ကျင်းစန်း မြင်းကို နောက်လှည့်ကာ မြင်းလှည်းဆီသို့ ပြန်လည်မောင်းနှင်သွားသည်။

ကျင်းစန်း နောက်ကြောင်း ပြန်လှည့်လာသည်ကို မြင်လျှင်

ချင်းယဉ် မျက်မှောင်ကြုတ်သွား၏။

ကျင်းစန်း အနီးသို့ ရောက်လျှင်…

"ဘာလဲ သည်တစ်ည ရပ်နားချင်တယ်လို့ ရှင်ပြောမလို့ မဟုတ်လား"

ဟု ဆီးကြိုမေးလိုက်လေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့အတွက် အနားယူဖို့ လိုနေပြီ"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ချင်းယဉ်က…

"ကျွန်မတို့ ရှေ့ခရီးဆက်ရဦးမယ်၊ အချိန်မီ ရောက်သွားဖို့ သိပ်အရေးကြီး…"

သူ၏စကားမဆုံးမီ ကျင်းစန်း ကြားဖြတ်ပြောလိုက်သည်။

"ကောင်းပြီ၊ ခင်ဗျားတို့ ရှေ့ဆက်သွားချင်ရင် သွားကြပါ၊ ကျုပ်တို့ကတော့ ဆက်ပြီး လိုက်မှာ မဟုတ်တော့ဘူး"

စကားဆုံးလျှင် မြင်းကို ပြန်လှည့်ကာ ဝီကျောင်းနှင့် နဂါး လေးတို့ထံ မောင်းနှင်လာ၏။

ကျင်းစန်း၏မျက်နှာထားကို မြင်လျှင် ချင်းယဉ်နှင့် အဆင် မပြေ ဖြစ်လာကြောင်း ဝီကျောင်းနှင့် နဂါးလေးတို့ ရိပ်မိလိုက်ကြ သည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ သဘောကျစွာ ပြုံးလိုက်ကြ၏။

ဝီကျောင်းက…



"ကြီးကျယ်တဲ့ သခင်မလေးက ရပ်နားခွင့်မပြုဘူး မဟုတ် လား"

ဟု မေးလိုက်၏။

ကျင်းစန်းက ပြန်လည်ဖြေကြားရန် ဟန်ပြင်လိုက်လေ သည်။

ထိုစဉ်…

"အားလုံး ရပ်နားကြမယ်"

ချင်းယဉ်၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ သည်။

ဝီကျောင်း မျက်လုံးပြူးသွားသည်။

"ဘယ်လို ဖြစ်တာလဲ"

ဟု တအံ့တသြ ရေရွတ်လိုက်သည်။

ကျင်းစန်း ခေါင်းယမ်းလိုက်သည်။

"သူ့ရဲ့သဘောထားကို သိချင်ရင် မင်းကိုယ်တိုင် မေးကြည့် ပေတော့"

ဝီကျောင်း ပခုံးတွန့်လိုက်သည်။

"တော်ပါပြီကွာ၊ ငါသွားမေးမှ ခရီးဆက်သွားမယ်လို့ ပြော လိုက်ရင် ဟုတ်ပေ့ ဖြစ်နေဦးမယ်"

"ဟား…ဟား…ဟား"

"ဟား…ဟား…ဟား"

နဂါးလေးနှင့် ကျင်းစန်းတို့ သဘောကျစွာ ရယ်မောလိုက် ကြသည်။

ထို့နောက်…

တစ်ညတာ စခန်းချ အနားယူမည့် နေရာ ရှာဖွေလိုက်ကြလေသည်။

ပတ်ဝန်းကျင်ဝယ် စိမ်းလန်းသော သစ်ပင်များ၊ ချုံပုတ်များစွာ ပေါက်ရောက်လျက် ရှိပေသည်။

အတန်ကြာ ရှာဖွေကြည့်လိုက်သောအခါ နေမဝင်မီ တောအုပ်ထဲမှ အိမ်ပျက်ကြီးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့လေတော့သည်။

ရှည်လျားသော နေရောင်ခြည်တန်းများသည် သစ်ပင်ချုံနွယ်ကြားမှ ထိုးကျလျက် ရှိပေသည်။

တောအုပ်အတွင်းဝယ် မြေကွက်လပ်တစ်ခု ရှိနေ၏။

မြေကွက်လပ်ပေါ်တွင် ပျက်စီးယိုယွင်းနေပြီ ဖြစ်သည့် အိမ်အိုကြီးတစ်လုံး ရှိနေသည်ကို တွေ့မြင်နိုင်လေသည်။

အိမ်အိုကြီးမှာ ရှေးယခင်က လွန်စွာမှ ခန့်ညားထည်ဝါခဲ့ဟန်ရှိသည်။

ဖွဲ့စည်းဆောက်လုပ်ထားသည့် အဆောင်ဆောင် အခန်းခန်း စုလစ်မွန်းချွန်များကို တွေ့မြင်နိုင်လေသည်။

ယခုတော့ တံခါးပေါက်တိုင်းလိုလို တံခါးရွက်များ ပြုတ်ကျကာ အပေါက်ဟောင်းလောင်း ဖြစ်နေပြီတည်း။

ဝီကျောင်း၊ ကျင်းစန်းနှင့် နဂါးလေးတို့ အိမ်ပျက်ကြီးရှေ့ဝယ် ခေလှမ်းရပ်လိုက်ကြ၏။

ဝီကျောင်းက…

“တို့တော့ တစ်ညတာနားဖို့ နေရာရပြီ”



ဟု ပြောလိုက်လေသည်။

ကျင်းစန်း ခေါင်းညိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်…

နဂါးလေး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ခေါင်းမညိတ် ဖြစ်တော့ချေ။

နဂါးလေးက…

“သည်နေရာက ထောင်ချောက်တစ်ခု မဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်သလဲ”

“ဟေ”

ဝီကျောင်းက သူ့အား လှည့်ကြည့်လိုက်သည်။

နဂါးလေးက…

“မင်းတို့က ဘယ်ကိုသွားသွား ပြဿနာနဲ့ ကြုံတွေ့နေရတာပဲ မဟုတ်လား၊ သည်နေရာမှာကော ပြဿနာ မဖြစ်ဘူးလို့ ပြောနိုင်သလား”

ကျင်းစန်း သက်ပြင်းချလိုက်သည်။

“မင်းပြောတာ ဖြစ်နိုင်တယ်၊ တို့ အထဲဝင်ပြီး စစ်ဆေးကြည့်ကြရင် ကောင်းမယ်”

“သိပ်ကောင်းတာပေါ့”

သူတို့သုံးယောက် အဆောက်အအုံအတွင်းဘက်သို့ ခပ်သွက်သွက် လှမ်းဝင်လိုက်ကြလေသည်။

အဆောက်အအုံအတွင်းဘက်ဝယ် အမှောင်ရိပ်များ ကြီးစိုးနေလေ၏။

အခန်းနံရံများ ပြိုကျပျက်စီးနေသည်။

သို့သော်…

အမှိုက်သရိုက်များ၊ မြက်ပင်များ ပေါက်ရောက်နေသည်ကိုကား မတွေ့ရချေ။

အဆောက်အအုံအတွင်းဘက်ဝယ် မီးလင်းဖိုတစ်ခု စားပွဲတစ်လုံးနှင့် ကုလားထိုင်သုံးလုံး ပန်းချီကားသုံးချပ် ရှိနေသည်ကို တွေ့ရလေသည်။

ထိုပန်းချီကားသုံးချပ်ဝယ် လူသုံးယောက်၏ပုံ ရေးဆွဲထားၡ၏။

ဝဲဘက်အစွန်ဆုံး ပုံတူပန်းချီကားချပ်ဝယ် အမျိုးသမီးတစ်ယောက်၏ပုံ ရေးဆွဲထား၏။

ထိုအမျိုးသမီးမှာ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

သူမ၏ကိုယ်တစ်ခြမ်းမှာ လူတစ်ယောက်၏ပုံ ဖြစ်ပြီး ရွှန်းလက်ဖြူဖွေးသော အသားအရေ ရှိလေသည်။

သူမ၏ကိုယ်တစ်ခြမ်းမှာမူ အသားအရေ လုံးဝ မရှိ အရိုးစုချည်းသာ ဖြစ်နေ၏။

လူတစ်ခြမ်း အရိုးစုတစ်ခြမ်းပုံ ဖြစ်လေသည်။

ကျန်ပုံတူနှစ်ခုမှာလည်း ထိုနည်းနှင်နှင်ပင်။

အလယ်မှ ပုံသည် အသက်ငါးဆယ်ကျော်အရွယ်ရှိ လူကြီးတစ်ယောက်၏ပုံ ဖြစ်ပြီး ကျန်ပုံတူမှာ အသက်ဆယ့်နှစ်နှစ်ခန့်ရှိ ကလေးငယ်တစ်ယောက်၏ပုံတူ ဖြစ်လေသည်။



ကျင်းစန်းနှင့် ဝီကျောင်း၊ နဂါးလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကျင်းစန်းက…

“တော်တော်ထူးခြားတဲ့ ပန်းချီကားတွေပဲ၊ ပန်းချီကားရေးတဲ့လူက စိတ်မှ နှံ့ရဲ့လား မသိဘူး”

ဟု ဝေဖန်လိုက်လေသည်။

ဝီကျောင်းက…

“စိတ်မနှံ့တဲ့လူ မဟုတ်ဘူးဆိုရင်တော့ အရက်သမားတစ်ယောက် ဖြစ်မှာပဲ”

ဟု ပြောလိုက်၏။

နဂါးလေးက…

“စိတ်မနှံ့တဲ့လူလဲ မဟုတ်ဘူး၊ အရက်သမားလဲ မဟုတ်ဘူးဆိုရင်ကောဗျာ”

ဟု မေးလိုက်လေသည်။

ကျင်းစန်းနှင့် ဝီကျောင်း ပြန်မဖြေတတ်ကြချေ။

နဂါးလေးကို လှမ်းကြည့်လိုက်ကြသည်။

နဂါးလေးက…

“သည်လို ပန်းချီကားမျိုး ခင်ဗျားတို့ ဘယ်နှစ်ခါ တွေ့သလဲ ပြောစမ်းပါ”

ဟု မေးလိုက်လေသည်။

နဂါးလေးက…

“မင်းကော ဘယ်နှစ်ခါ တွေ့ဖူးသလဲ”

ဟု ပြန်မေးလိုက်သည်။

နဂါးလေးက...

"တွေ့ဖူးတယ်"

"ဟေ"

"ဘာကွ"

နဂါးလေးက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်က ပန်းချီအကျော်တစ်ယောက်နဲ့ တွေ့ဖူးတယ်၊ သူက လူတစ်ယောက်ကို မြင်လိုက်တာနဲ့ အဲသည် လူရဲ့ပုံကို ချက်ချင်းမှတ်မိတယ်၊ ရေးဆွဲနိုင်အောင် တော်တယ်၊ ကျုပ်ပြောတာ မှန်တယ်ဆိုရင် အခု တွေ့နေရတဲ့ ပန်းချီကားတွေဟာ ကျုပ်တွေ့ခဲ့ဖူးတဲ့ ပန်းချီအကျော် ဆွဲခဲ့တာပဲ ဖြစ်မယ်၊ သူဟာ ပန်းချီကားရေးဆွဲပြီးယင် ဝဲဘက်ထောင့်မှာ ကြယ်ပုံအမှတ်အသား ထည့်ရေးလေ့ရှိတယ်"

ဟု ပြောလေသည်။

စိတ်မြန်လက်မြန်ရှိသည့် ဝီကျောင်းက ပန်းချီကားများ အနီးသို့ ချဉ်းကပ်သွားကာ စစ်ဆေးကြည့်ရှုလိုက်လေ၏။

ထိုအခါ...

နဂါးလေး ပြောသည့်အတိုင်း ပန်းချီကား၏ဝဲဘက်ထောင့်၌ ကြယ်ပုံ အမှတ်အသား ရေးဆွဲထားသည်ကို တွေ့မြင်ရလေသည်။

သိုင်းပညာ အလွန်တော်သူ ပေါများလှသော်လည်း စာပေပညာ၊ ပန်းချီရေးဆွဲခြင်း ပညာ၌ တစ်ဘက်ကမ်းခတ်တော်သူကား ရှားပါးလှပေသည်။

ထို့ကြောင့် နဂါးလေးသည် ပန်းချီကားများကို ကြည့်ကာ



သူတွေ့ဖူးခဲ့သော ပန်းချီအကျော်ကို သတိရလာခြင်း ဖြစ်ပေသည်။

ဝီကျောင်းက...

"ဟုတ်တယ်ဟေ့ ပန်းချီကားထောင့်မှာ ကြယ်ပုံ အမှတ်အသား ရှိနေတယ်ကွ"

ဟု ပြောလိုက်၏။

နဂါးလေးက...

"ဒါဆို ပန်းချီကားဟာ စိတ်ကူးယဉ် ရေးဆွဲထားတာ မဟုတ်ဘူးကွ"

"ဟေ"

ဝီကျောင်း အံ့သြသွားလေသည်။

ကျင်းစန်းလည်း မျက်လုံးပြူးသွား၏။

နဂါးလေးကို နားမလည်နိုင်စွာ ကြည့်ကာ...

"စိတ်ကူးယဉ် ရေးဆွဲတာ မဟုတ်ဘူးလို့ မင်းက ဘာကြောင့် ပြောနိုင်တာလဲ"

ဟု မေးလိုက်လေသည်။

နဂါးလေးက...

"ကျုပ်တွေ့ဖူးတဲ့ ပန်းချီအကျော်ဟာ စိတ်ကူးယဉ်သမားမှ မဟုတ်တာ၊ သူဟာ ပုံတူရေးဆွဲတဲ့လူပဲ"

"ဒါဆို ပန်းချီကားထဲက လူတွေဟာ အပြင်မှာ တကယ်ရှိနေတာကို ပန်းချီအကျော်က တွေ့ခဲ့လို့ ပုံတူရေးဆွဲခဲ့တာပေါ့ ဟုတ်လား"

ဝီကျောင်းကလည်း...

"သည်လို လူတစ်ပိုင်း အရိုးတစ်ပိုင်း လူစားမျိုးတွေ လောကပေါ်မှာ ရှိနေနိုင်လို့လား"

ဟု မယုံကြည်နိုင်စွာ မေးလေသည်။

နဂါးလေးက...

"မရှိဘဲနဲ့တော့ ပန်းချီအကျော်အမော်က ရေးမှာ မဟုတ်ဘူး"

"ထူးဆန်းလိုက်တာ၊ သည်လို လူစားမျိုးတွေ ရှိနေတယ်ဆိုရင် ကျုပ်က သိပ်ကို တွေ့ချင်တယ်"

ဝီကျောင်းက စိတ်ဝင်စားစွာ ပြောလိုက်သည်။

ကျင်းစန်းလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

နဂါးလေးက...

"အခု တွေ့နေရပြီ မဟုတ်လား"

ဟု ပြောသည်။ ဝီကျောင်း မျက်မှောင်ကြုတ်သွားပြီး...

"အခု ဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းဆိုလိုတာက"

"ပန်းချီကားတွေကို တို့ ဘယ်မှာ တွေ့ရသလဲ၊ သည်အိမ်ထဲမှာ တွေ့ရတယ် မဟုတ်လား၊ ဒါကြောင့် ပန်းချီကားထဲက လူသုံးယောက်ဟာ အိမ်ရှင်ကြီးတွေ ဖြစ်လိမ့်မယ်၊ သူတို့ကို တွေ့ချင်ရင် ဝေးဝေးလံလံ လိုက်ရှာစရာ မလိုဘူး၊ သည်အိမ်ထဲမှာပဲ တွေ့ရနိုင်တယ်"



ကျင်းစန်းနှင့် ဝီကျောင်းတို့ စိတ်လှုပ်ရှားသွားကြလေတော့သည်။

ထိုစဉ်...

"ဘယ်လိုလဲ ရှင်တို့ အိမ်ထဲ ဝင်သွားပြီး ပြန်ထွက်မလာကြတော့ဘူးလား"

ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝီကျောင်း၊ ကျင်းစန်းနှင့် နဂါးလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်...

အပြင်ဘက်သို့ လှမ်းထွက်လိုက်ကြ၏။

ထိုအခါ အိမ်အပေါက်ဝ၌ ခါးထောက်ကာ တင်းမာသည့် မျက်နှာထားဖြင့် ရပ်နေသည့် ချင်းယဉ်အား တွေ့မြင်လိုက်ရလေသည်။

➤ ➤ ➤

အေးမြသော ညဥ့်လေများ တိုက်ခတ်လာသည်။

လေပြည်တွင် ညမွှေးပန်းရနံ့များ ပါဝင်လာ၏။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ ဝင်းလက်တောက်ပနေပြီး လဝန်းသော်တာကို တွေ့မြင်နိုင်၏။

နောက်တစ်ရက်နှစ်ရက်အတွင်း လပြည့်တော့မည် ဖြစ်လေသည်။

လရောင်သည် ကြည်လင်အေးမြလှပေသည်။

လရောင်အောက်တွင် အိမ်ပျက်ကြီး ထီးထီးမားမား ရှိနေသည်။

အိမ်ပျက်ကြီးရှေ့ မြေကွက်လပ်ဝယ် မြင်းလှည်းတစ်စီးရပ်ထားလေသည်။

မြင်းလှည်းပေါ်တွင် မိန်းကလေးတစ်ယောက် မလှုပ်မယှက်ထိုင်နေ၏။

မြင်းလှည်းနှင့် အိမ်ပျက်ကြီးကြားဝယ် လူတစ်စု ဝိုင်းဖွဲ့ထိုင်နေကြသည်။

ထိုလူစုမှာ ကျင်းစန်း၊ ဝီကျောင်း၊ နဂါးလေး၊ ကျားယု၊ စုထင်းနှင့် ချင်းယဥ်တို့ဖြစ်ကြလေသည်။

သူတို့သည် သယ်ဆောင်လာသော စားသောက်ဖွယ်ရာများကို ထုတ်ယူကာ စားသောက်လိုက်ကြပြီဖြစ် လေသည်။

ယခု သူတို့လူစုရှေ့၌ အရက်အိုးသုံးလုံးသာလျှင် ကျန်ရှိနေပေတော့သည်။

ဝီကျောင်းက အရက်တစ်ခွက်ကို ငှဲ့သောက်လိုက်လေသည်။



နဂါးလေးကား အိမ်ပျက်ကြီးဆီသို့ မမှိတ်မသုန် စိုက်ကြည့်နေလေ၏။

သူသည် ပုံတူပန်းချီကားများနှင့် ပတ်သက်ပြီး လေးလေးနက်နက် တွေးကာ စဥ်းစားနေခြင်းဖြစ်ကြောင်း ကျင်းစန်း နားလည်မိလေသည်။

သူက နဂါးလေးအား ခေါ်ထုတ်သွားပြီး မေးမြန်းစုံစမ်းကြည့်ရန် စိတ်ကူးလိုက်၏။

ထိုစဥ်...

ချင်းယဥ်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချင်းယဥ်က...

“သည်ကနေ့ည နားမယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ သည်အဆောက်အအုံပျက်ကြီးကို တွေ့ရတာ သိပ်ကိုကံကောင်းတာပဲ၊ အဆောက်အအုံကြီးထဲက ပန်းချီကားတွေက ပိုလို့တောင် သဘောကျစရာကောင်းသေးတယ်၊ လူမရှိသူမရှိဆိုတော့ ကျွန်မ ယူသွားချင်တယ်ဆိုရင်လည်း ဘယ်သူ့ကိုမှ ခွင့်တောင်းစရာမလိုတော့ဘူးပေါ့”

ဟုပြောလိုက်၏။

သူမ၏စကားကြောင့် အားလုံးက သူမကိုလှည့်ကြည့်လိုက်ကြသည်။

ကြက်သီးထဖွယ်ကောင်းသော ပန်းချီကားများကို ချင်းယဥ်က အဘယ်ကြောင့် ယူသွားချင်ရပါသနည်း။

ချင်းယဉ်က ဆက်ပြောလိုက်၏။

"သည်ပန်းချီကားတွေဟာ ထူးလည်းထူးဆန်းတယ်၊ စိတ် ဝင်စားစရာလည်းကောင်းတယ်၊ ဒါကြောင့် ကျွန်မယူသွားမယ်၊ ရှင် တို့ ဘာပြောချင်ကြသေးသလဲ"

ဟုပြောသည်။

ကျားယုက...

"သခင်မလေး ကျုပ်တို့က သွားရင်းလာရင်း တစ်ညတာ အနားယူဖို့ သည်နေရာကို ရောက်လာကြတာပါ၊ ကျုပ်တို့ သည်နား မှာနားပြီး မနက်မိုးလင်းတာနဲ့ ထွက်သွားကြမှာပါ၊ သည်မှာရှိတဲ့ ပစ္စည်းတွေဟာ ကျုပ်တို့နဲ့ မဆိုင်ပါဘူး၊ ဒါကြောင့် ဘာပစ္စည်းကိုမှ လက်ဖျားနဲ့မတို့ဘဲ သူ့နေရာနဲ့သူ ရှိနေတာဟာ ကောင်းမယ်လို့ထင် ပါတယ်"

ဟုပြောလိုက်သည်။

ချင်းယဉ် မကျေမနပ် ဖြစ်သွားသည်။

မဲ့ပြုံးပြုံးလိုက်ပြီး...

"သည်အဆောက်အအုံမှာ လူမှမရှိတာ၊ ပန်းချီကားတွေ ဟာ ပိုင်ရှင်မဲ့နေတာပဲ၊ တစ်နေ့မဟုတ်တစ်နေ့ ပျက်စီးသွားမှာပဲ ဒါကြောင့် ကျွန်မ ယူသွားမယ်လို့ ဆုံးဖြတ်လိုက်တာပေါ့"

ဟုပြောလိုက်သည်။

ကျားယုက ထပ်ပြောလိုက်ပြန်သည်။

"သခင်မလေး..သည်အဆောက်အုံဟာ ဘယ်လိုအ ဆောက်အအုံဆိုတာ ဘယ်သူမှ မသိကြပါဘူး၊ ဒါကြောင့် ဝင်မရှုပ်ဘဲ



ကိုယ့်လမ်းကိုယ်ဆက်သွားကြတာ ကောင်းပါလိမ့်မယ်"

ချင်းယဉ်က မတ်တတ်ထရပ်လိုက်၏။

"ကိစ္စမရှိဘူး၊ ပန်းချီကားကို ကျွန်မယူသွားမယ်၊ သည် ကိစ္စဟာ ကျွန်မတို့နဲ့ပဲဆိုင်တယ်၊ တစ်ခုခုအမှားအယွင်းဖြစ်လာရင် ကျွန်မပဲ တာဝန်ယူဖြေရှင်းမယ်"

စကားဆုံးလျှင် မီးတုတ်တစ်ခုယူကာ အဆောက်အအုံအ တွင်းသို့ လှမ်းဝင်သွားတော့သည်။

ကျားယုက ကျင်းစန်းကို လှမ်းကြည့်လိုက်၏။

ကျင်းစန်းက မသိချင်ဟန်ဆောင်နေလိုက်၏။

ကျားယု စိတ်ပျက်သွားသည်။

ချင်းယဉ်အား တားဆီးခြင်းမပြုတော့ဘဲ ငြိမ်သက်၍နေ လိုက်လေသည်။

စုထင်းကမူ ချင်းယဉ်အား ဖျောင်းဖျရကောင်းနိုးဖြင့် နောက်မှ လိုက်သွား၏။

သူတို့နှစ်ယောက် အဆောက်အအုံအတွင်းသို့ ဝင်သွားကြ သောအခါ ကျင်းစန်းတို့မှာ အပြင်ဘက်၌ အရက်သောက်ကျန်ခဲ့ ကြတော့သည်။

➤ ➤ ➤

အဆောက်အအုံအတွင်းဝယ် အမှောင်ရိပ်များ ကြီးမိုးနေလေသည်။

ချင်းယဉ်က မီးတုတ်ကိုကိုင်ကာ အဆောက်အအုံအတွင်းသို့ လှမ်းဝင်လာခဲ့၏။

မီးတုတ်မှ အလင်းရောင်ကြောင့် အဆောက်အအုံအတွင်းဝယ် လင်းလင်းချင်းချင်း ဖြစ်လာ၏။

ပန်းချီကားများ ရှိနေသည့်အခန်းတွင်းသို့ ချင်းယဉ်ရောက်ရှိလာ၏။

နံရံပေါ်ဝယ် ပန်းချီကား သုံးချပ်ရှိနေ၏။

မီးတုတ်မှ ထွက်ပေါ်လာသော အလင်းရောင်ကြောင့် ပန်းချီကားသုံးချပ်ကို ကောင်းစွာတွေ့မြင်နေရ၏။

လေဝှေ့ယမ်းတိုက်ခတ်နေသဖြင့် မီးညွန့်များ ယိမ်းယိုင်နေသည်ဖြစ်ရာ ပန်းချီကားအတွင်းမှ လူရိပ်များလည်း လှုပ်ရှားယိမ်းယိုင်နေသည်ဟု ထင်မှတ်ရ၏။

ပန်းချီအကျော်၏ လက်ရာမြောက်မှုကြောင့် ချက်ချင်းလှုပ်ရှားသက်ဝင်လာတော့မည့်အလား ထင်မှတ်ရ၏။

အမျိုးသမီးပုံသည် သူမအား ပြုံးပြနေ၏။

ထို့ကြောင့်...

အနီးသို့ ကပ်လာပါတော့ဟု ဖိတ်ခေါ်နေသလိုရှိနေသည်ဟု တွေးကာ ချင်းယဉ် ရင်ထဲလှုပ်ရှားသွား၏။

"တော်တော် လက်ရာမြောက်တဲ့ ပန်းချီကားတွေပါပဲလား"

ဟုတီးတိုးရေရွတ်မိ၏။



သူမသည် ပန်းချီကားသုံးချပ်ကို ငေးကြည့်လိုက်လေသည်။

"သည်ပန်းချီကားတွေကို ငါယူသွားမယ်ဆိုရင် တွေ့တဲ့လူတိုင်းက သဘောကျချီးကျူးကြမှာပဲ"

ဟု ရေရွတ်လိုက်ပြန်သည်။

ထို့နောက် ပန်းချီကားချပ်အနီးသို့ လှမ်းသွားရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"ဟင်း"

သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သူမသည် ကြောက်စရာကောင်းလှသည့် ပန်းချီကားချပ်များရှိသည့် အခန်းတွင်းသို့ ရောက်နေသည်သာမက ညအချိန်ဖြစ်နေသောကြောင့် သူမ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ကြက်သီးများလည်း ဖြန်းခနဲ ဖြန်းခနဲ ထသွားမိလေတော့သည်။

နှုတ်မှလည်း...

"ဘယ်သူလဲ"

ဟုလွှတ်ခနဲ မေးလိုက်မိ၏။

ထိုအခိုက်မှာပင် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထို့ကြောင့်...

ချင်းယဉ် လှည့်ကြည့်လိုက်သောအခါ စုထင်း လှမ်းဝင်လာ

သည်ကိုတွေ့မြင်လိုက်ရလေသည်။

"သခင်မလေး ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဟုမေးလာသည်။

ရုတ်တရက်မို့ ချင်းယဉ်မှာ အဖြေမပေးတတ်အောင်ပင် ဖြစ်သွားလေ၏။

သက်ပြင်းချသံသည် စုထင်းထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု သူမ တွေးမိလိုက်ကာ စိတ်သက်သာရာရသွားလေသည်။

စုထင်းကို ပြုံးပြလိုက်ပြီး...

"ဘာမှမဖြစ်ပါဘူးရှင်၊ ပန်းချီကားတွေကို ကျွန်မပိုင်ဆိုင်လိုက်ရင် ဘယ်လောက်ကောင်းမလဲလို့ တွေးနေမိတာပါရှင်"

ဟုပြောလိုက်၏။

စုထင်းက...

"သခင်မလေး သည်ပန်းချီကားတွေဟာ မကောင်းဆိုးဝါး ပန်းချီကားတွေပါ၊ ယူသွားဖို့ကောင်းတဲ့ပစ္စည်းတွေ မဟုတ်ပါဘူး"

ဟုဖျောင်းဖျလိုက်သည်။

ချင်းယဉ် ခေါင်းယမ်းလိုက်သည်။

"ကိစ္စမရှိဘူး၊ ကျွန်မယူသွားမယ်လို့ ဆုံးဖြတ်ပြီးပြီ ယူသွားရတော့မှာပဲ၊ ကဲ ပန်းချီကားတွေကို ဖြုတ်ယူတဲ့အခါ ရှင်က ကူညီပါဦး"

ဟုပြောလေ၏။

စုထင်း သက်ပြင်းချလိုက်သည်။

ချင်းယဉ်အား သူက မည်သို့မျှ ဖျောင်းဖျဟန့်တား၍တော့



မည် မဟုတ်ကြောင်းကိုလည်း နားလည်မိလေသည်။

ချင်းယဉ်က မီးတုတ်ပေးသောအခါ သူက လှမ်းယူလိုက်မိသည်။

ချင်းယဉ်က ပန်းချီကားများကို ဖြုတ်ယူရန် အနီးသို့ ချဉ်းကပ်သွား၏။

အနီးသို့ရောက်လျှင် ပန်းချီကားသုံးချပ်၏အပေါ်ဘက်၌ အလွန်သေးငယ်သော စာလုံးများဖြင့်...

"ကျွန်ုပ်၏ဝိညာဉ်"

ဟူ၍ရေးသားထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်းယဉ်က ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ရှင်တို့ရဲ့ဝိညာဉ်ကို ကျွန်မက ယူသွားပြီ"

ဟု လှောင်ပြောင်ပြောလိုက်သည်။

ထို့နောက်...

သူမသည် ထိုပန်းချီကားချပ်သုံးခုကို ဖြုတ်ယူထားလိုက်လေသည်။

နှုတ်မှလည်း...

"နောက်ဆုံးတော့လည်း ကျွန်မလက်ထဲ ရောက်လာပြီမဟုတ်လား"

ဟုကျေနပ်စွာ ပြောလိုက်သည်။

"မနက်မိုးလင်းလို့ သည်ကထွက်သွားမှ ယူသွားရမယ်"

ဟုပြောလိုက်သည်။

စုထင်း စိတ်ပျက်သွား၏။

ချင်းယဉ်အား မည်သူမျှ ဖျောင်းဖျ၍ ရနိုင်တော့မည်မဟုတ်ပါလား။

ချင်းယဉ်က အခန်းတွင်းဘက်သို့ တစ်ချက်မျှ ငေးကြည့်လိုက်ပြီး...

"ကဲ..ကျွန်မတို့ အပြင်ဘက်ကို ပြန်ထွက်သွားကြစို့"

စကားဆုံးလျှင် ချာခနဲလှည့်ကာ အပြင်ဘက်သို့ထွက်သွားလေ၏။

စုထင်းလည်း အခန်းထောင့်ဝယ် ထောင်ထားသည့် ပန်းချီကားသုံးချပ်ကို တစ်ချက်ကြည့်လိုက်ပြီး ချင်းယဉ်နောက်သို့ လိုက်သွားလေတော့သည်။

➤ ➤ ➤



"ဂစ်"

ညဥ့်ငှက်တစ်ကောင် စူးစူးဝါးဝါးအော်မြည်ကာ ဖြတ်ကျော်ပျံသန်းသွားလေသည်။

အဆောက်အအုံ၏ရှေ့ဝယ် မြင်းလှည်းတစ်စီးရှိနေ၏။

မြင်းလှည်းနံဘေး၌ မီးပုံတစ်ခုရှိနေပြီး မီးကျည်မီးခဲများသာလျှင် ရှိပေတော့သည်။

မီးပုံဘေးဝယ် ကျင်းစန်း၊ ဝီကျောင်း၊ နဂါးလေး၊ စုထင်းနှင့် ကျားယုတို့ အိပ်ရာလိပ်ကိုယ်စီဖြင့် အိပ်စက်နေကြလေသည်။

ချင်းယဉ်ကား မြင်းလှည်းနှင့် အနီးကပ်ဆုံးတွင် နေရာယူထားလေသည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးသည် မြင်းလှည်းမောင်းသူ နေရာ၌ပင် ဂွမ်းစောင်တစ်ထည်ခြုံကာ အိပ်စက်နေ၏။

သူတို့သည် အချိန်မရွေး အန္တရာယ်ကျရောက်လာနိုင်သည်ကို သိထားကြပါ၏။

သို့သော်...

အချိန်ရှိသမျှ အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်ရာ အန္တရာယ်ကို မဖြုံတော့သည့်သဘော ဖြစ်လေသည်။

စားစရာရှိလျှင် စားမည်။

အိပ်စရာရှိလျှင် အိပ်မည်။

သွားစရာရှိလျှင် သွားမည်။

အန္တရာယ်နှင့် တွေ့လျှင် ရင်ဆိုင်မည်ဟု စိတ်ပိုင်းဖြတ်ထားရာ မည်သို့သော ကိစ္စမှ သူတို့၏အရေးကြီးသော ကိစ္စ ဖြစ်သည်ဟု

လှုပ်ရှားသွားအောင် စွမ်းဆောင်ခြင်း မရှိနိုင်တော့ချေ။

ညဉ့်ငှက် ဖြတ်ကျော်ပျံသန်းသွားပြီး မရှေးမနှောင်းမှာပင်…

"တင်းတောင်…တင်းတောင်"

ချိုလွင်သာယာသော ခြူသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

တဆက်တည်း ခြူသံနှင့်အတူ တေးညည်းသံ၊ ရယ်မောသံများ ထွက်ပေါ်လာလေသည်။

ချင်းယဉ် ဖျတ်ခနဲ လန့်နိုးလာသည်။

သူမသည် တေးသံ၊ ခြူသံနှင့် ရယ်မောသံများကို ကောင်းစွာ ကြားလိုက်ရပြီ ဖြစ်လေသည်။

ချက်ချင်းပင် ခေါင်းနပန်းကြီးသွားပြီး အဆောက်အအုံကြီးကို လှမ်းကြည့်မိ၏။

"ဟင်"

မမျှော်လင့်ဘဲ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ချင်းယဉ် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အကြောင်းကား အဆောက်အအုံပျက်ကြီးအတွင်း၌ မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ပင် ဖြစ်လေသည်။

ထို့အပြင်…

အဆောက်အအုံအတွင်းမှ စကားပြောသံ၊ ရယ်မောသံ၊ ပြေးလွှားဆော့ကစားသံများကိုလည်း သူမက ကြားနေရလေသည်။

ထိုအသံများမှာ အမျိုးသမီးတစ်ယောက်၏အသံ ဖြစ်ပြီး



နောက်အသံများမှာ ကလေးငယ်တစ်ယောက်၏အသံများ ဖြစ်လေသည်။

"ဘယ်သူတွေပါလိမ့်"

ချင်းယဉ် လွှတ်ခနဲ ရေရွတ်လိုက်သည်။

မီးပုံအနီး လှမ်းကြည့်လိုက်သောအခါ ကျင်းစန်းတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်းယဉ် ဒေါပွသွားသည်။

"တော်တော့်ကို အားကိုးရလောက်တဲ့ လူတွေပါလား"

ဟု မကျေမနပ် ရေရွတ်လိုက်ပြီး မြင်းလှည်းဘေးမှ ခုန်ထလိုက်သည်။

ထို့နောက်…

အဆောက်အအုံကြီးဆီသို့ ခပ်သွက်သွက်ကလေး လှမ်းသွားလေသည်။

အဆောက်အအုံတံခါးကား ဟာလာဟင်းလင်း ပွင့်နေလေသည်။

အတွင်းဘက်ရှိ အခန်းတစ်ခုမှ မီးရောင်များ ထွက်ပေါ်နေသည်ကို အတိုင်းသား တွေ့မြင်နေရလေသည်။

ချင်းယဉ် စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တော့ဘဲ အဆောက်အအုံပျက်ကြီး အတွင်းဘက်သို့ လှမ်းဝင်လိုက်လေသည်။

အတွင်းဘက်ရောက်မှ ပန်းချီကားများထားရာ အခန်းအတွင်းမှ မီးရောင်များ ထွက်ပေါ်နေခြင်း ဖြစ်ကြောင်း သတိပြုမိလိုက်၏။

"ဘယ်သူတွေ ရောက်နေပါလိမ့်"

ချင်းယဉ်က ခြေဖော့နင်းကာ ခပ်သွက်သွက်ကလေး လျှောက်သွားလေသည်။

မကြာပါချေ။

အခန်းရှေ့သို့ ရောက်ရှိသွားလေသည်။

အခန်းအတွင်းဘက်ဝယ် မီးရောင်များ ထိန်ထိန်လင်းနေလေသည်။

မီးရောင်အောက်ဝယ် လူနှစ်ယောက်သည် စားပွဲ၌ မျက်နှာချင်းဆိုင် ထိုင်နေကြပြီး ကလေးငယ်တစ်ယောက်က စားပွဲကို ပတ်ကာ ပြေးလွှားဆော့ကစားနေသည်ကို တွေ့မြင်ရလေသည်။

မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ချင်းယဉ် ထိတ်လန့်သွား၏။

သူမတို့သည် လူသုံးယောက် အဆောက်အအုံအတွင်း ရောက်နေသည်ကို အဘယ်ကြောင့် မသိခဲ့ရသနည်း။

"ရှင်တို့ ဘယ်သူတွေလဲ"

မေးရင်း အခန်းတွင်း လှမ်းဝင်လိုက်၏။

ဤတွင် ထူးခြားအံ့ဩဖွယ်ကောင်းသည့် ဖြစ်ရပ်တစ်ခုကို တွေ့မြင်လိုက်ရပြန်လေသည်။

သူမ၏စကားသံ ထွက်ပေါ်လာလျှင် ပြေးလွှားဆော့ကစားနေသည့် ကလေးငယ်မှာ ရုတ်တရက် ခြေလှမ်းရပ်သွားလေသည်။

စားပွဲ ဝိုင်းဖွဲ့ထိုင်နေသည့် လူနှစ်ယောက်ကလည်း လှည့်ကြည့်လာသည်။



ထိုလူနှစ်ယောက်မှာ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက်တို့ ဖြစ်ကြလေသည်။

သူတို့နှစ်ယောက်နှင့် ကလေးငယ်သည် ချင်းယဉ်ကို ငေးကြည့်နေကြ၏။

သူတို့၏ရုပ်ဆင်းသွင်ပြင်ကို မြင်ရလျှင် ချင်းယဉ် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

"ဟင် ရှင်..ရှင်တို့ ပန်းချီကားထဲက လူတွေ မဟုတ်လား"

ဟု ချင်းယဉ် လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။

ထိုလူသုံးယောက်မှာ ပန်းချီကားအတွင်းမှ လူများ ဖြစ်နေကြသည် မဟုတ်ပါလား။

သူတို့သည် ပန်းချီကားအတွင်းမှ အဝတ်အစားများအတိုင်း ဝတ်ဆင်ထားကြသည်။

သူတို့၏ခန္ဓာကိုယ်တစ်ခြမ်းမှာ အသားအရေ ပြည့်ဖြိုးနေသော်လည်း ကျန်ခန္ဓာကိုယ်တစ်ခြမ်းမှာ အရိုးချည်းသက်သက် ဖြစ်နေသည်။

လူတစ်ပိုင်း အရိုးစုတစ်ပိုင်း သတ္တဝါများကို တွေ့မြင်လိုက်ရခြင်း ဖြစ်ပေတော့သည်။

ချင်းယဉ် ကြက်သီးဖြန်းခနဲ ထသွား၏။

"ရှင်..ရှင်တို့.."

ထိုလူသုံးယောက် ထိုင်ရာမှ ထရပ်လိုက်ကြ၏။

သုံးယောက်သား ချင်းယဉ်ထံ လှမ်းလာရန် ဟန်ပြင်လိုက်

ကြလေသည်။

"အား မလာနဲ့ သွား..သွား"

ဟု ချင်းယဥ်သည် အထိတ်တလန့် အော်ဟစ်လိုက်လေ၏။

ထို့နောက်...

ချာခနဲလှည့်ကာ အခန်းအတွင်းမှ အပြင်ဘက်သို့ ပြေး ထွက်သွားတော့၏။

➤ ➤ ➤

"ဘာဖြစ်တာလဲ..ဘာဖြစ်တာလဲ"

မေးမြန်းသံနှင့်အတူ ကျားယုနှင့် စုထင်းတို့ ခုန်ထလာကြလေသည်။

ထိုအချိန်တွင်မူ အခန်းတွင်းမှ ပြေးထွက်လာသော ချင်းယဉ်သည် မြင်းလှည်းအနီးသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

သူမ၏အသားများမှာလည်း တဆတ်ဆတ် တုန်ယင်နေလေသည်။

ကျားယုက...

"သခင်မလေး ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ချင်းယဉ်က အဆောက်အအုံဘက်သို့ ညွှန်ပြကာ...

"ပန်းချီကားထဲက လူတွေ"

ဟု ထိတ်လန့်တုန်လှုပ်နေသည့် အသံဖြင့် ပြောသည်။



စုထင်းနှင့် ကျားယု တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"ပန်းချီကားထဲက လူတွေ ဟုတ်လား"

ကျားယုက မေးလိုက်သည်။

ချင်းယဉ် ခေါင်းညိတ်ကာ...

"ဟုတ်တယ်၊ ပန်းချီကားထဲက လူတွေကို ကျွန်မ တွေ့ခဲ့တယ်ရှင့်"

စုထင်း မျက်လုံးပြူးသွားသည်။

ချင်းယဉ်၏စကားကို ရုတ်တရက် ယုံကြည်ရန် ခက်ခဲနေပါသေး၏။

"သခင်မလေး၊ အဲသည် ပန်းချီကားထဲမှာ ရေးဆွဲထားတာဟာ လူတစ်ပိုင်း အရိုးစုတစ်ပိုင်းပုံတွေ မဟုတ်လား၊ သည်လို လူစားမျိုး လူ့လောကပေါ်မှာ ရှိနေနိုင်လို့လားဗျာ"

ဟု မေးလိုက်၏။

ချင်းယဉ် စိတ်ဆိုးသွား၏။

"ရှင် မယုံရင် သွားကြည့်ပေါ့"

ချင်းယဉ်မှာ သူမ မျက်စိနှင့် တပ်အပ် တွေ့မြင်ခဲ့သည်ကို သက်သမကင်း ပြောလာခြင်းကြောင့် ဒေါပွကာ ငေါ် လိုက်သည်။

စုထင်း ခေါင်းညိတ်လိုက်သည်။

"သည်လို လူစားမျိုးတွေ ရှိတယ်ဆိုရင် ကျုပ်က မြင်ဖူးတယ် ရှိအောင် ကြည့်ထားချင်သေးတယ်"

ဟု ပြောလိုက်သည်။

စကားဆုံးလျှင် အဆောက်အအုံအတွင်းသို့ ပြေးဝင်သွားလေသည်။

ကျားယုက...

"ကျုပ်လဲ လိုက်မယ်"

အော်ပြောကာ နောက်မှ ပြေးလိုက်သွားသည်။

ချင်းယဉ်ကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည့် ကျောင်းစန်းတို့ကို ကြည့်ကာ မကျေမနပ် ကြိမ်းမောင်းပြောဆိုရင်း ကျန်ရစ်ခဲ့တော့သည်။

➤ ➤ ➤

အဆောက်အအုံအတွင်းမှ ထွက်ပေါ်နေခဲ့သော မီးရောင်များ ကွယ်ပျောက်သွားပြီ ဖြစ်သည်။

စုထင်းနှင့် ကျားယုတို့သည် အဆောက်အအုံအတွင်းသို့ ရောက်လျှင် မီးတုတ်တစ်ခုကို မီးထွန်းညှိလိုက်၏။

မီးတုတ်မှ အလင်းရောင်ဖြင့် အဆောက်အအုံအတွင်း ဝင်သွားကြသည်။

မကြာပါချေ။

ပန်းချီကားထားရာ အခန်းအတွင်းသို့ ရောက်ရှိသွားကြ၏။

အခန်းအတွင်းဝယ် မှောင်နှင့်မည်းမည်း ရှိနေသည်။

စုထင်းတို့ ရောက်လာကြရာ မီးရောင်ကြောင့် လင်းလင်းချင်းချင်း ဖြစ်သွားတော့သည်။



မီးရောင်အောက်ဝယ် စားပွဲကုလားထိုင်ကိုလည်းကောင်း၊ မီးလင်းဖိုကိုလည်းကောင်း တွေ့မြင်နေရပေသည်။

ပစ္စည်းပစ္စယများသည် သူ့နေရာနှင့်သူ ရှိနေခြင်း ဖြစ်ပေ၏။

ကျားယုက...

"ဘာများထူးခြားလို့လဲ"

ဟု ပြောလိုက်သည်။

စုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သခင်မလေးက အဓိပ္ပါယ်မရှိဘဲ ဘာတွေ လျှောက်ပြောနေတာလဲ မပြောတတ်ဘူး"

သူတို့သည် အခန်းအတွင်း လှည့်ပတ်ကြည့်ရှုလိုက်ကြသည်။

သို့သော်...

ထူးခြားမှု မတွေ့သဖြင့် အပြင်ဘက်သို့ ထွက်ရန် ဟန်ပြင်လိုက်ကြသည်။

ရုတ်တရက် စုထင်း ခြေလှမ်းတုန့်ခနဲ ရပ်သွားပြီး...

"နေဦး"

ဟု ပြောလိုက်သည်။

ကျားယုက...

"ဘာဖြစ်လို့လဲ"

ဟု နားမလည်နိုင်စွာ မေးသည်။

စုထင်းက...

"ပန်းချီကားတွေကို ကြည့်စမ်း"

ဟု ပြောလိုက်၏။

ကျားယုက...

"ရှိသားပဲ ဘာဖြစ်လို့လဲ"

စုထင်းက ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး၊ သခင်မလေးက ပန်းချီကားတွေကို နံရံပေါ်က ဖြုတ်ထားခဲ့တယ်၊ အခုတော့ နံရံပေါ်မှာ ပြန်ရောက်နေပြီ"

မှန်ပေသည်။

ပန်းချီကားချပ်များကို ချင်းယဉ်က နံရံမှ ဖြုတ်ကာ အခန်းထောင့်ဝယ် မှီ၍ ထောင်ထားခဲ့လေသည်။

ယခု ပန်းချီကားများသည် သူ့နေရာ၌သူ အစီအရီ ပြန်လည်ချိတ်ဆွဲထားလျက် ရှိနေသည်ကို တွေ့မြင်ရလေသည်။

ကျားယု ခေါင်းနပန်းကြီးသွား၏။

သူ၏နောက်ကျော၌ အေးစိမ့်သော အအေးလှိုင်းတစ်ခု ခံစားလာရ၏။

ပန်းချီကားများကို လှမ်းကြည့်လိုက်ရာ အသားတစ်ပိုင်း အရိုးတစ်ပိုင်း ရုပ်ပုံများက သူ့အား လှောင်ပြောင်သရော်နေသည့် အသွင် ရှိနေသည်ဟု ထင်မှတ်လာပြန်လေသည်။

"ကျင်းစန်းကို သွားခေါ်မှ ထင်တယ်"

ကျားယု အထိတ်တလန့် ပြောလိုက်သည်။ ထို့နောက်...

အပြင်ဘက်သို့ ခပ်သုတ်သုတ် ပြေးထွက်သွားလိုက်လေသည်။



စုထင်းကလည်း နောက်မှ လိုက်သွား၏။

သူတို့ တံခါးဝသို့ ရောက်ရှိသွားသောအခါ ချင်းယဉ်၊ ဗီကျောင်း၊ ကျင်းစန်းနှင့် နဂါးလေးတို့ လှမ်းဝင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

➢ ➢ ➢

"ပန်းချီကားထဲက လူတွေ ဟုတ်လား"

ကျင်းစန်း နားမလည်နိုင်သော လေသံဖြင့် မေးလိုက်လေသည်။

ချင်းယဉ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ကို ကျွန်မ မျက်စိနဲ့ တပ်အပ်တွေ့လိုက်တာရှင့်"

ကျင်းစန်းက မယုံမကြည် ဖြစ်နေလေလေ သူမက ပို၍ ဒေါသထွက်လေလေပင်။

ကျင်းစန်းက ဗီကျောင်းနှင့် နဂါးလေးကို ကြည့်ကာ...

"ပန်းချီကားထဲကလူက အသက်ဝင် လှုပ်ရှားလာနိုင်ပါ့မလား"

ဟု မေးလိုက်လေသည်။

ဗီကျောင်း ခေါင်းယမ်းလိုက်သည်။

"ဘယ်လိုလုပ် အသက်ရှင်လာနိုင်မှာလဲ၊ အဓိပ္ပါယ်မှ မရှိတာ"

ဟု ပြောလိုက်၏။

နဂါးလေးကမူ…

“ပန်းချီကားထဲက လူတွေ အသက်ရှင်နေသေးတယ်ဆိုရင်တော့ သူတို့ဟာ ပန်းချီကားထဲက ထွက်လာတယ်လို့ ထင်ရလောက်အောင် ဟန်ဆောင်နိုင်တာပေါ့”

သူ၏စကားကို ကျင်းစန်း သဘောကျသွားလေသည်။

“ဟုတ်တယ်၊ သူတို့က အသက်ရှင်နေသေးတာပဲ ဖြစ်မယ်၊ ဒါပေမယ့် လူတစ်ခြမ်း အရိုးတစ်ခြမ်းက ဘယ်လိုလဲ”

ဟု မေး၏။

“ဒါကတော့ သူတို့နဲ့ တွေ့ရင် သေသေချာချာ သိရမှာပေါ့”

“ကောင်းပြီ”

ကျင်းစန်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အဆောက်အအုံပျက်ကြီးအတွင်းသို့ ပြေးဝင်လိုက်လေသည်။

ဝီကျောင်းနှင့် နဂါးလေးတို့လည်း ထပ်ကြပ်မကွာ ပြေးလိုက်သွားကြလေသည်။

ထိုအခါ…

ချင်းယဉ်လည်း မနေနိုင်ပါတော့ချေ။

နောက်မှ ပြေးလိုက်သွားလေတော့သည်။

➤ ➤ ➤



အဆောက်အအုံပျက်အတွင်းဝယ် မီးရောင်များ ထိန်ထိန်လင်းသွားလေသည်။

ချင်းယဉ်က…

“သူတို့က ဟောသည် စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်နေကြတယ်၊ ကလေးလေးက စားပွဲကို ပတ်ပြီး ပြေးနေတယ်”

ဟု ခပ်သွက်သွက် ပြောလိုက်သည်။

သူမ တွေ့ခဲ့ရသော မြင်ကွင်းကို ပြန်လည်မြင်ယောင်လာကာ ကြက်သီးတဖြန်းဖြန်း ထလာသည်။

ကျင်းစန်းက သူမ၏စကားကို အရေးမစိုက်ပါချေ။

ပန်းချီကားသုံးချပ်ရှေ့သို့ လျှောက်သွားပြီး သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ပန်းချီကားသုံးချပ်မှာ ကြောက်စရာကောင်းသည့် ပုံသဏ္ဌာန်များ ရေးဆွဲထားခြင်း ဖြစ်ပေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

“သည်ပုံတွေကို တကူးတက ရေးဆွဲထားတာရယ်၊ တကယ့်လူအောင် ဟန်ဆောင်ရတာရယ် သိပ်ကို ပင်ပန်းတာပဲ”

ဟု ပြောလိုက်၏။

ချင်းယဉ် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ကျင်းစန်း ပြောသည့် စကားကို ရုတ်တရက် နားမလည်နိုင်ပါချေ။ ကျင်းစန်းက ဆက်ပြောလိုက်သည်။

“သည်ပုံတွေကို ခင်ဗျားက ဖြုတ်ချထားခဲ့တယ် ဟုတ်သလား”

"ဟုတ်တယ်"

"အခု နံရံပေါ်မှာ ပြန်ချိတ်ထားတော့ သည်အဆောက်အအုံထဲမှာ တစ်ယောက်ယောက် ရှိနေပြီဆိုတာ သေချာတာပေါ့"

"တစ်ယောက် မဟုတ်ဘူး၊ သုံးယောက်တောင်ရှင်"

"သုံးယောက် ဟုတ်လား"

"ဟုတ်တယ်၊ ပန်းချီကားထဲက သုံးယောက်စလုံးကို ကျွန်မတွေ့ခဲ့ရတာ"

ဟု ပြောသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ သူတို့သုံးယောက် ရှိတယ်ဆိုရင် ကျုပ်ကလဲ သုံးယောက်စလုံးကို တွေ့အောင် ရှာရမှာပေါ့"

ဟု ပြောလိုက်၏။

တဆက်တည်းပင် သူက ကျားယုဘက်သို့ လှည့်လိုက်လေသည်။

"ခင်ဗျား ဓားကို ခဏငှားပါဗျာ"

ဟု တောင်းလိုက်၏။

ကျားယုက ဘုမသိ ဘမသိဖြင့် ဓားထုတ်ပေးလိုက်လေသည်။

ကျင်းစန်းက ဓားကို လက်ထဲဆလိုက်ပြီး...

"အင်း သည်ပန်းချီကားတစ်ချပ် ဖြစ်လာဖို့ လွယ်မှာ မဟုတ်ဘူး၊ ကျုပ်က ဖျက်ဆီးပစ်လိုက်တယ်ဆိုရင်"

စကားဆုံးလျှင် သူက အမျိုးသားပုံ ပန်းချီကားပေါ်သို့ ဓားကို တင်လိုက်လေသည်။



ရုတ်တရက် စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေ၏။

ထွက်ပေါ်လာသည့် အသံနက်ကြီးကြောင့် အားလုံး ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ကျင်းစန်းက...

"မြန်မြန်နောက်ဆုတ်လိုက်"

ဟု အော်ပြောလိုက်လေသည်။

သူကိုယ်တိုင်လည်း နောက်ဆုတ်လိုက်၏။

အားလုံးသည် သူ၏သတိပေးသံကြောင့် ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ထိုစဉ်မှာပင်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

အမျိုးသားပုံ ပန်းချီကားချပ်မှာ တစ်ပတ်လည်ထွက်သွား၏။

တဆက်တည်းပင် အတွင်းဘက်မှ အရိုးတစ်စု ခုန်ထွက်လာပြီး တိုက်ခိုက်လာလေသည်။

အရိုးစုသည် ကျင်းစန်းထံ တန်းတန်းမတ်မတ် တိုးဝင်လာရာ ကျင်းစန်း ဓားဖြင့် ခုတ်ချလိုက်သည်။

"ခြွင်း"

မြည်ဟည်းသံတစ်ချက် ထွက်ပေါ်လာပြီး အရိုးစု အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားလေတော့သည်။

"ကွိ"

ပန်းချီကားချပ်မှာ လည်ထွက်သွား၏။

ပန်းချီကားချပ် အနောက်ဘက်မှ အရိုးစု ထွက်ပေါ်လာသည့် အပေါက်ကို ပန်းချီကားချပ်ဖြင့် ပြန်လည်ပိတ်ထားလိုက်ပြီးသား ဖြစ်သွားလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

"လက်စသတ်တော့ ပန်းချီကားတွေ အနောက်ဘက်မှာ လျှို့ဝှက်တံခါးတွေ ရှိနေတာကိုး၊ ကဲ အထဲက မိတ်ဆွေတို့ အပြင်ဘက် ထွက်ခဲ့ကြပါ"

ဟု အော်ပြောလိုက်၏။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဝီကျောင်းနှင့် နဂါးလေးတို့က လက်နက်ကိုယ်စီဆွဲကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြ၏။

လူတစ်ဝက် အရိုးစုတစ်ဝက် ပန်းချီကား၏လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တော့မည် ဖြစ်ရာ အားလုံး စိတ်လှုပ်ရှားနေကြလေတော့သည်။

ကျင်းစန်း၏စကားသံနှင့် မရှေးမနှောင်းတွင်...

"ခစ်..ခစ်..ခစ်"

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရယ်မောသံသည် နောက်ကျောဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။



အားလုံး ချာခနဲ လှည့်ကြည့်လိုက်ကြ၏။

ထိုအခါ...

အခန်းတံခါးပေါက်ဝယ် အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။

အခန်းဝ၌ အမှောင်ရိပ်ကျဆင်းနေသည် ဖြစ်ရာ သူမ၏ မျက်နှာကို သဲသဲကွဲကွဲ မတွေ့မြင်ရပါချေ။

သို့သော် သူမသည် ပန်းချီကားချပ်ထဲမှ အမျိုးသမီးနှင့် ခွဲမရအောင် တူသူ ဖြစ်သည်ကို အားလုံး တွေ့မြင်လိုက်ရ၏။

ထိုအမျိုးသမီးသည် လူတစ်ပိုင်း အရိုးစုတစ်ပိုင်း အသွင်ရှိနေ၏။

သူမ၏ခန္ဓာကိုယ်တစ်ခြမ်းက အကောင်းပကတိတစ်ယောက်ပမာ ရှိနေပါသော်လည်း ကျန်တစ်ခြမ်းမှာမူ အသားအရေမရှိ အရိုးစုချည့်သက်သက် ဖြစ်နေပေတော့၏။

ကျင်းစန်း ခေါင်းကုတ်လိုက်သည်။

"ခင်ဗျားက တကယ့် ပန်းချီဆရာတစ်ယောက်ကို ရထားတာဗျ"

ဟု လှမ်းပြောလိုက်၏။ အမျိုးသမီးက...

"ကျွန်မတို့ သည်အိမ်ကြီးမှာ နေရတာ ပျင်းလှပါပြီရှင်၊ ဒါကြောင့် ရှင်တို့ကို အဖော်ခေါ်ထားရတော့မှာပဲ၊ ကျွန်မတို့နဲ့အတူ သည်ဘဝမှာ လာနေကြပါလား"

သူမ၏စကားသံမှာ ငိုညည်းသံနှင့်ပင် တူလှပေတော့သည်။

ချင်းယဉ် မျက်နှာပျက်သွားသည်။

နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

အမျိုးသမီးက…

"ရှင်တို့ ရောက်လာလို့ ကျွန်မ သိပ်ပျော်သွားတာပဲရှင်၊ လူ့ဘ၀နဲ့ မကောင်းဆိုးဝါးဘ၀ နှစ်ခုကြားက ကျွန်မတို့ အရိုးစုဘ၀ထဲ ဝင်လာခဲ့ကြပါလား၊ လာပါရှင် လာကြပါ"

ပြောပြောဆိုဆို အရိုးစုချည့် ရှိသော လက်ကို ဝှေ့ယမ်းခေါ်လေသည်။

ရှေ့သို့လည်း တိုးလာ၏။

"သွား…သွား…မလာနဲ့"

ချင်းယဉ်က အော်ငေါက်လိုက်လေ၏။

ထိုစဉ် ထူးခြားသော အသံတစ်ချက် ထွက်ပေါ်လာ၏။

အသံသည် ပန်းချီကားများဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

အမျိုးသမီးထံ အာရုံရောက်နေကြသည့် သူတို့လူစုအား နောက်ကျောဘက်မှ တိတ်တဆိတ် တိုက်ခိုက်လာခြင်း ဖြစ်ပေတော့သည်။

ကျင်းစန်း ချာခနဲ လှည့်လိုက်၏။

ထိုအခါ အမျိုးသားပုံ ပန်းချီကားမှာ လည်ထွက်သွားပြီး အနောက်ဘက်နံရံ၌ အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာလေ၏။

ထိုအပေါက်ထဲမှ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။



ကျင်းစန်းက တုန့်ဆိုင်းမနေဘဲ ကြေးစုတ်တံကို ဝှေ့ယမ်းကာ လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ခုန်ထွက်လာသူမှာ ယခုလို လျင်လျင်မြန်မြန် တုန့်ပြန်တိုက်ခိုက်လာနိုင်မည်ဟု ထင်မှတ်ခဲ့ပုံ မရချေ။

ကျင်းစန်း တိုက်ခိုက်လာသောအခါ မရှောင်နိုင်တော့ဘဲ…

"အား"

ကြေးစုတ်တံနှင့် ရိုက်ချခြင်း ခံလိုက်ရပြီး ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွား၏။

သို့သော်…

သူက ချက်ချင်း ပြန်လည် ခုန်ထပြီး ပန်းချီကား အနောက်ဘက် အပေါက်ကြီးထဲ ခုန်ဝင်လိုက်၏။

"ဝုန်း"

ပန်းချီကား လည်ထွက်သွားပြီး အပေါက်ကြီး ပြန်ပိတ်ပြီးသား ဖြစ်သွား၏။

ထိုအချိန်တွင် အမျိုးသမီးဘက် လှည့်ကြည့်လိုက်သောအခါ အမျိုးသမီးမှာလည်း ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

➤ ➤ ➤

## ထူးဆန်းသူများ

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

လူတစ်ပိုင်း အရိုးစုတစ်ပိုင်း အမျိုးသမီး ကွယ်ပျောက်သွားပြီ ဖြစ်သည်။

ကျင်းစန်း၏တိုက်ခိုက်မှုကြောင့် ပန်းချီကားနောက်ကွယ်မှ ထွက်လာခဲ့သည့် အမျိုးသားလည်း ပန်းချီကားအနောက်ဘက်ရှိ လှို့ဝှက်တံခါးပေါက်အတွင်းသို့ ပြန်လည်ဝင်ရောက် ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

"သူဟာ မကောင်းဆိုးဝါး မဟုတ်တာ သေချာသွားပြီ"

ဟု ပြောလိုက်သည်။



ဝီကျောင်းနှင့် နဂါးလေးတို့ ထောက်ခံလိုက်ကြလေသည်။

"ဟုတ်တယ်၊ မကောင်းဆိုးဝါးဆိုရင် လူလိုအော်မှာ မဟုတ်ဘူး"

"အေး သူက ခွေးအော်ဝက်အော် အော်သွားတာကွ"

နဂါးလေးက ပြောရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

သူတို့ စကားကြားမှ ကျားယု၊ စုထင်းတို့ သက်ပြင်းချနိုင်တော့သည်။

သူတို့သည် မကောင်းဆိုးဝါးများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းမဟုတ်ဘဲ ထူးဆန်းသူများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်း နားလည်သဘောပေါက်လာကြပြီ ဖြစ်သည်။

ချင်းယဉ်မှာလည်း ယခုမှ အကြောက်ပြေသွားသည်။

သို့သော် သူမသည် ကြောက်ရွံ့ထိတ်လန့်ခဲ့သည်ကို လူသိမခံနိုင်ဘဲ...

"ရှင်တို့ လုပ်လိုက်တာနဲ့ သူတို့ ထွက်ပြေးလွတ်မြောက်သွားကြပြီ"

ဟု ပြစ်တင်ပြောဆိုလိုက်လေသည်။

ကျင်းစန်းက သူမအား လှည့်ကြည့်လိုက်ပြီး...

"သူတို့ လွတ်မြောက်သွားလို့ ခင်ဗျား စိတ်ပူနေသလား၊ မပူပါနဲ့ဗျာ၊ သူတို့က ဝေးဝေးမပြေးနိုင်ပါဘူး"

စကားဆုံးသည်နှင့် ကြေးစုတ်တံကို ဝှေ့ယမ်းလိုက်လေသည်။

"ဝုန်း…ဝုန်း…ဝုန်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် နံရံပေါ်၌ ချိတ်ဆွဲထားသည့် ပန်းချီကားသုံးချပ်စလုံး ပျက်စီးသွားလေတော့သည်။

ကျင်းစန်း၏လုပ်ရပ်ကြောင့် အားလုံး ကြောင်အမ်းအမ်းဖြစ်ကုန်ကြ၏။

သို့သော် ပန်းချီကားနောက်ကွယ်မှ လျှို့ဝှက်တံခါးပေါက်သုံးပေါက် ရှိနေလေ၏။

ကျင်းစန်းက အလယ်မှ အပေါက်ကို ညွှန်ပြရင်း…

"ဒီတံခါးပေါက်က ဝင်သွားရင် အမျိုးသားတစ်ယောက်ကို တွေ့ရလိမ့်မယ်၊ ဟိုဘက်က အမျိုးသမီး၊ ဒီဘက်က ကလေးငယ်၊ ကြိုက်တဲ့လမ်းကို ဝင်ကြ၊ ကျုပ်ကတော့ အလယ်ပေါက်ကိုဝင်မယ်"

ဟု ပြောလိုက်လေသည်။

မှန်ပေသည်။

လူတစ်ပိုင်း အရိုးစုတစ်ပိုင်း ထူးဆန်းသော သတ္တဝါများနှင့် ထိပ်တိုက်ရင်ဆိုင်ရတော့မည် ဖြစ်ပေသည်။

ထိုလူများအား အလွတ်ပေးလိုက်ပါက သူတို့အား အမျိုးမျိုး နှောင့်ယှက်ဒုက္ခပေးကြမည် ဖြစ်လေသည်။

ကျင်းစန်းက အမျိုးသားနှင့် ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

ကျင်းစန်း၏စကားဆုံးလျှင် ချင်းယဉ်က…

"ကျွန်မက သရဲမနဲ့ ရင်ဆိုင်မယ်"



ဟု ပြောလိုက်သည်။

သူမတစ်ယောက်တည်း သွားမည်ဆိုပါက အန္တရာယ် ဖြစ်နိုင်ပေသည်။

ထို့ကြောင့် ကျင်းစန်းက နဂါးလေးကို ခေါင်းညိတ်ပြလိုက်လေသည်။

နဂါးလေး၏မျက်နှာ ရှုံ့မဲ့သွား၏။

သို့သော် ငြင်းပယ်ခြင်း မပြုချေ။

ကျင်းစန်း၏စကားကို တစ်သဝေမတိမ်း နားထောင်မည်ဟု သူနှင့် ဝီကျောင်းတို့ ကတိပေးခဲ့ကြသည် မဟုတ်ပါလား။

ကျားယုက…

"ဒါဆိုရင် ကျုပ်တို့က ကလေးလေးကို လိုက်ဖမ်းဖို့ပဲ တာဝန်ရှိတော့တာပေါ့"

ဟု ပြောလိုက်သည်။

ကျင်းစန်းက ဝီကျောင်းကို ခေါင်းညိတ်ပြလိုက်ပြန်၏။

ကျားယုနှင့်အတူ လိုက်သွားစေလိုသည့်သဘော ဖြစ်သည်။

သူတို့အားလုံး တာဝန်ကိုယ်စီ ခွဲဝေယူလိုက်ကြပြီး ဖြစ်လေသည်။

ကျင်းစန်းက…

"ကဲ အချိန်မရှိဘူး၊ ကော်ကြာ သူတို့ ထွက်ပြေးသွားလိမ့်မယ် မြန်မြန်လိုက်ကြရအောင်"

ဟု လောဆော်လိုက်သည်။

တဆက်တည်းမှာပင် ကြေးစုတ်တံကို ဝှေယမ်းကာ အ

လယ်တံခါးပေါက်ကို ရိုက်ချလိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ကြေးစုတ်တံဖြင့် ပြင်းထန်စွာ ရိုက်ချခြင်း ခံလိုက်ရသဖြင့် တံခါးပျက်စီးကာ အပေါက်ဟောင်းလောင်း ဖြစ်သွားသည်။

"ကျုပ်သွားပြီ"

ကျင်းစန်းက လှမ်းပြောရင်း...

တံခါးပေါက်ကို ကျော်ဖြတ်ကာ အတွင်းဘက် ခုန်ဝင်သွားသည်။

တခဏအတွင်းပင် မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

ကျင်းစန်း ထွက်သွားသည်ကို ကြည့်ကာ ချင်းယဉ်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

အကြောင်းမှာ အလယ်ပေါက်တံခါး ဟောင်းလောင်း ဖြစ်သွားသော်လည်း အတွင်းဘက်၌ မှောင်မည်းနေခြင်းကြောင့် ဖြစ်ပေသည်။

"သွားကြစို့"

နဂါးလေးက လောဆော်လိုက်သည်။

ချင်းယဉ် ခေါင်းယမ်းလိုက်သည်။

"မီးမပါဘဲ ကျွန်မ မသွားနိုင်ဘူး"

ဟု ငြင်းဆန်လိုက်သည်။

နဂါးလေးက...

"လွယ်ပါတယ်၊ မီးတုတ်တစ်ခု ယူသွားတာပေါ့"



ပြောပြီး မီးတုတ်တစ်ခု ဆွဲယူလိုက်လေ၏။ ချင်းယဉ် မျက်နှာပျက်နေသည်။ နဂါးလေးက...

"သွားကြမယ်၊ တော်ကြာ သူထွက်ပြေးသွားလိမ့်မယ်၊ မီးတုတ်ကိုင်ထား၊ ကျုပ်ရှေ့က ဝင်မယ်"

မီးတုတ်ကို ချင်းယဉ်ထံ လှမ်းပေးလိုက်သည်။

ထို့နောက် လက်နှစ်ဖက်တွင် အတွင်းအားစုသည်းကာ တံခါးပေါက်ဆီသို့ ရိုက်ချလိုက်သည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

တံခါးပေါက်မှာ အစိတ်စိတ်အမွှာမွှာ ကျိုးပဲ့ပျက်စီးသွားလေတော့သည်။

"သွားစို့"

နဂါးလေးရှေ့မှ ခုန်ဝင်သွား၏။

ချင်းယဉ် မတတ်သာတော့ပါချေ။

ရှုပုပ်နေသော မျက်နှာထားဖြင့် နဂါးလေးနောက်သို့ လိုက်သွားလေတော့သည်။

သူတို့ ထွက်သွားကြလျှင် ဝီကျောင်းက ကျားယုနှင့် စုထင်းကို ကြည့်လိုက်ပြီး...

"ဘယ်လိုလဲ ကျုပ်တို့လည်း သွားကြမလား"

ဟု ပြောလိုက်သည်။

ကျားယုနှင့် စုထင်းတို့ ခေါင်းညိတ်လိုက်ကြသည်။

"ကောင်းသားပဲ"

ဝီကျောင်းက လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ တံခါးပေါက်ဝကို ရိုက်ချလိုက်သည်။

"ဝုန်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာပြီး တံခါးပေါက် ဟာလာဟင်းလင်း ဖြစ်သွားသည်။

ဝီကျောင်းက...

"ကလေးတစ်ယောက်ကို ဖမ်းဖို့ တာဝန်ယူတာ သိပ်တော့ နေရာမကျဘူးဗျို့၊ ဒါပေမယ့် ကျုပ်တို့ လုပ်သင့်တာ လုပ်ရမှာပဲ"

ပြောပြီးလျှင် ခပ်သွက်သွက် လှမ်းဝင်လိုက်သည်။

ကျားယုနှင့် စုထင်းတို့ကလည်း သူ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြတော့သည်။

➤ ➤ ➤

အတွင်းဘက်သို့ ခြေဆယ်လှမ်းခန့် လှမ်းဝင်လိုက်သည်နှင့် အရှေ့ဘက်တွင် အလင်းရောင်အချို့ ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

ကျင်းစန်း ပြုံးလိုက်သည်။

သူတို့၏တိုက်ခိုက်မှုကြောင့် ထိုလူ ဒဏ်ရာရသွားခဲ့သည် မဟုတ်ပါလား။

ကျင်းစန်း ခပ်သွက်သွက်လေး လှမ်းသွားသည်။

ဥမင်လိုဏ်ခေါင်းပမာ ရှိနေသည့် စင်္ကြံလမ်းကို ကျော်ဖြတ်



ပြီးသည်နှင့် အခန်းတစ်ခုအတွင်း ရောက်ရှိသွားသည်။

အခန်း၏မျက်နှာကျက်ဝယ် မှန်အိမ်တစ်လုံး ချိတ်ဆွဲထားသည်။

ထို့ကြောင့် အခန်းတွင်းဝယ် လင်းလင်းချင်းချင်း ရှိနေပေတော့သည်။

ကျင်းစန်းက အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

"ခင်ဗျား ဘယ်မှာလဲ၊ ခင်ဗျားက ကျုပ်တို့ကို ဒုက္ခမပေးဘူးဆိုရင် ခင်ဗျားကို ဘာမှ မဖြစ်စေရဘူးလို့ ကျုပ်ကတိပေးတယ်၊ ဒါမှမဟုတ်ဘဲ ကျုပ်တို့ကို ဒုက္ခပေးမယ်ဆိုရင်တော့ ခင်ဗျား မြေကြီးထဲ ဝင်ပုန်းနေရင်တောင် ကျုပ်က တွေ့အောင် ရှာမှာပဲ"

ဟု အော်ပြောလိုက်လေသည်။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် တုံ့ပြန်သံ ထွက်ပေါ်လာခြင်း မရှိချေ။

ကျင်းစန်းက အခန်းတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။

အခန်းတွင်းဝယ် စားပွဲတစ်လုံး၊ ဗီရိုတစ်လုံးနှင့် ပန်းချီဆွဲသည့် ပစ္စည်းကိရိယာများ ရှိသည်ကို တွေ့ရ၏။

ကျင်းစန်း ပြုံးလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားက ပန်းချီအကျော်တစ်ယောက်ပဲကိုး"

ဟု ပြောလိုက်ပြန်လေသည်။

တုံ့ပြန်စကားသံ ထွက်ပေါ်လာခြင်း မရှိ။ ဝဲတိဆိတ်ငြိမ်သက်နေလေသည်။

ကျင်းစန်းက...

"ကောင်းပြီ၊ ခင်ဗျား ထွက်မလာဘူးဆိုရင်တော့ ခင်ဗျားရဲ့ ပန်းချီပစ္စည်းတွေကို ကျုပ်ဖျက်ဆီးပစ်ရလိမ့်မယ်"

ဟု ပြောလိုက်၏။

ယခုတစ်ကြိမ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာ၏။

"ချက်"

မြည်သံနှင့်အတူ ဗီရိုတံခါး ပွင့်သွားပြီး အတွင်းဘက်မှ လူ တစ်ယောက် ခုန်ထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူမှာ ကျင်းစန်း တိုက်ခိုက်လိုက်သူ ဖြစ်ပေတော့သည်။

ထိုလူ၏မျက်နှာ ညိုမည်းနေသည်။

ကျင်းစန်းအား စိုက်ကြည့်ကာ...

"မင်းက ဘယ်သူလဲ"

ဟု မေးလေသည်။

စကားဆုံးလျှင် မောဟိုက်နွမ်းနယ်သွားသည့်အလား ချောင်းတဟွတ်ဟွတ် ဆိုးနေ၏။

ကျင်းစန်း၏လက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာ ရသွား ကြောင်း သိသာနိုင်ပေတော့သည်။

ကျင်းစန်းက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်နာမည် ကျင်းစန်းပါ"

ဟု ပြောလိုက်သည်။

ထိုလူက...

"ကျင်းစန်း ဟုတ်လား၊ ဒါဆို မျောက်ကလေးပေါ့"



"ခင်ဗျား ကြိုက်သလို ပြောနိုင်ပါတယ်ဗျာ"

"မင်း..မင်းက နေဝန်းအာမခံဌာနနဲ့ ဘယ်လိုပတ်သက်နေ သလဲ"

ကျင်းစန်း ပြုံးလိုက်သည်။

"နေဝန်းအာမခံဌာနအကြောင်း ခင်ဗျား သိနေတာကိုး၊ ဒါ ဆိုရင် ခင်ဗျားလဲ မြင်းလှည်းကို လုယူဖို့ ကြိုးစားချင်တာပေါ့"

"ဟုတ်တာပေါ့ကွာ၊ မိုးကြိုးဓားကို ဘယ်သူမဆို လိုချင်ကြ တာပဲ မဟုတ်လား"

"ဘာ..ဘာဓား"

"မိုးကြိုးဓားလေ"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

ထိုလူက ဆက်ပြောလိုက်လေသည်။

"မိုးကြိုးဓားကို ရရင် သိုင်းလောကမှာ လက်မ,ထောင်နိုင် တယ်ဆိုတာ လူတိုင်း သိကြပါတယ်ကွာ၊ ငါက တောထဲတောင်ထဲမှာ နေရတာကို ပျော်ပိုက်တယ်များ ထင်နေသလား၊ မိုးကြိုးဓားရရင် သိုင်းလောကထဲ ဆင်းမယ်လို့ ဆုံးဖြတ်ထားတယ်လေ၊ ငါမှားသလား မှန်သလား စဉ်းစားစမ်းပါ"

ကျင်းစန်း ခေါင်းယမ်းလိုက်သည်။

"ကျုပ်အနေနဲ့ ပြောရရင် ခင်ဗျားမှားတယ်"

"ဘာ..ဘာကွ"

"သိုင်းပညာဆိုတာ အဓိက မဟုတ်ပါဘူးဗျာ၊ လူသာလျှင် ပဓာနပါ၊ မိုးကြိုးဓားမရှိလဲ အများအကျိုး၊ သိုင်းလောကအကျိုး

ဆောင်ရွက်မယ်ဆိုရင် သိုင်းလောကတစ်ခုလုံးက ကြည်ညိုလေးစားလာကြမှာပါပဲ"

ထိုလူ မဲ့ပြုံးပြုံးလိုက်သည်။

"မင်းငယ်ပါသေးတယ်ကွာ၊ သိုင်းလောကသားတွေ အကြောင်း မင်းကောင်းကောင်း မသိသေးပါဘူးကွာ"

ကျင်းစန်း ရယ်မောလိုက်သည်။

"ခင်ဗျားပြောချင်သလို ပြောနိုင်ပါတယ်၊ ကျုပ်တို့ကို နှောင့်ယှက်ဖို့ ဆက်ပြီး မကြိုးစားရင် ပြီးတာပါပဲ"

"မင်းမှားပြီ၊ မိုးကြိုးဓားကို အရယူမယ်လို့ ငါဆုံးဖြတ်ထားတယ်ကွ"

စကားဆုံးလျှင် လက်နှစ်ဘက် ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

တစ်ယောက်နှင့်တစ်ယောက် နီးနီးကပ်ကပ် ရှိနေသည့်အပြင် မီးရောင် ရှိနေခြင်းကြောင့် ထိုလူအား ကောင်းစွာ တွေ့မြင်နေရသည်။

ထိုလူသည် အသားတစ်ခြမ်း အရိုးတစ်ခြမ်း ရှိသူ မဟုတ်ပါ။

အမှန်ဆိုလျှင် ထိုလူသည် အထူးဆေးရေးခြယ်ထားသော အဝတ်အစားများ ဝတ်ဆင်ထားခြင်းသာ ဖြစ်၏။

အသားတစ်ခြမ်း အရိုးတစ်ခြမ်း ရေးခြယ်ထားခြင်းကြောင့် ရုတ်တရက် ကြည့်လျှင် ထူးဆန်းသူတစ်ယောက်ဟု ထင်မှတ်ရခြင်း ဖြစ်ပေတော့သည်။



ကျင်းစန်းမှာ ထိုလူ ဒဏ်ရာရထားမှန်း သိသော်လည်း မပေါ့ဆရဲပါချေ။

ကြေးစုတ်တံကို ထုတ်ယူကာ ပြန်လည်တိုက်ခိုက်လိုက်၏။

ကြေးစုတ်တံသည် လိုသလို ကျုံ့၍ ရသလို ဆန့်ထုတ်၍ ရနိုင်သော လက်နက်တစ်ခု ဖြစ်သည်။

ထိုအချက်ကို တစ်ဘက်ရန်သူ မသိခဲ့ခြင်းကြောင့် ကျင်းစန်း တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာပြီး ထိုလူ မြေပေါ် လဲကျသွားတော့သည်။

ကျင်းစန်းက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကြေးစုတ်တံကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

ထိုလူကို ကြည့်ကာ...

"ခင်ဗျားစိတ်လျှော့လိုက်ဖို့ ကောင်းပါပြီဗျာ"

ဟု ပြောလိုက်သည်။

"ကျုပ်စိတ်လျှော့ရမယ် ဟုတ်လား"

ပြောရင်း လူးလိမ့်ထလာသည်။

ကျင်းစန်းက သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ထိုလူက...

"မင်းက ဘယ်လောက်အထိ ကျုပ်ကို တားဆီးနိုင်မလဲ ကြည့်ကြသေးတာပေါ့"

အော်ငေါက်ရင်း ကျင်းစန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

သူသေကိုယ်သေ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေတော့သည်။

ကျင်းစန်း မည်သို့မျှ မတတ်သာတော့ပါချေ။

ကြေးစုတ်တံကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်…

"အား"

ထိုလူမှာ စူးရှစွာ အော်ဟစ်ကာ မြေပေါ် လဲကျသွား၏။

ယခုတစ်ကြိမ်း ပြန်ထမလာနိုင်ပါတော့ချေ။

"ဝေါ့"

ပါးစပ်မှ သွေးများ အန်ထုတ်လိုက်သည်။

ထို့နောက် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားသည်။

ကျင်းစန်း စိတ်မကောင်း ဖြစ်သွားသည်။

မည်သို့မျှ မတတ်သာသည့် နောက်ဆုံး ကျောခိုင်းကာ ထွက်လာခဲ့ရတော့သည်။

ကျင်းစန်းနှင့် အရိုးတစ်ခြမ်း အသားတစ်ခြမ်းရှိသူတို့ တိုက်ခိုက်နေကြချိန်ဝယ် နဂါးလေးနှင့် ချင်းယဉ်တို့သည် ဥမင်လိုဏ်ခေါင်းနှင့်တူသော လမ်းအတိုင်း ခပ်သွက်သွက် လျှောက်သွားနေကြပြီ ဖြစ်သည်။

န ါးလေးက မီးတုတ်ကို လက်တစ်ဘက်က ကိုင်ကာ ကျန်



လက်တစ်ဘက်က ရန်သူနှင့် ရင်ဆိုင်ရလျှင် ခုခံတိုက်ခိုက်နိုင်ရန် ရင်ဝရှေ့၌ ကာကွယ်ရင်း အသင့်ပြင်ထားသည်။

ချင်းယဉ်၏ရင်ထဲ တထိတ်ထိတ် ခုန်နေသည်။

နဂါးလေးက သူမနှင့် လိုက်လာသည်ကိုပင် ကျိတ်၍ ကျေးဇူးတင်မိသည်။

နဂါးလေးသာ လိုက်လာခြင်းမရှိလျှင် သူမတစ်ယောက်တည်း ရှေ့ဆက်နိုင်ဖို့ လွယ်မည် မထင်ချေ။

သူတို့ ခပ်သွက်သွက် လှမ်းသွားကြရာ မကြာပါချေ။ အရှေ့ဘက်တွင် မီးရောင်များ လင်းထိန်နေသည့် အခန်းတစ်ခုသို့ ရောက်ရှိသွားကြတော့သည်။

နဂါးလေးက…

"သတိထား"

ပြောရင်း အခန်းတွင်းသို့ ခပ်သွက်သွက် ခုန်ဝင်လိုက်၏။

ချင်းယဉ် စိတ်လှုပ်ရှားနေသော်လည်း အန္တရာယ်နှင့် ကြုံတွေ့ရလျှင် ရင်ဆိုင်မည်ဟု ပိုင်းဖြတ်ထားသည် ဖြစ်ရကား နဂါးလေးနောက်မှ ထပ်ကြပ်မကွာ လိုက်ပါခုန်ဝင်လိုက်သည်။

သူတို့နှစ်ယောက် အခန်းတွင်းသို့ ရောက်ရှိသွားသည်နှင့် ပါးစပ်အဟောင်းသား ဖြစ်သွားစရာ အကြောင်းနှင့် ကြုံတွေ့လိုက်ရတော့သည်။

"ဟာ"

"ဟင်"

နှစ်ယောက်သား လွှတ်ခနဲ ရေရွတ်လိုက်ကြ၏။

အကြောင်းကား အခန်းတွင်းဝယ် အရိုးတစ်ခြမ်း အသား တစ်ခြမ်းရှိသော အမျိုးသမီးဆယ်ယောက်မက ရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေတော့သည်။

နှစ်ယောက်စလုံး ခြေလှမ်းရပ်လိုက်ကြသည်။

တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားလိုက်ကြလေသည်။

အမျိုးသမီးဆယ်ယောက်သည် အရပ်အမောင်း အဝတ် အစား၊ ကိုယ်လုံးကိုယ်ထည်မှအစ တထေရာတည်း တူညီနေကြလေသည်။

အားလုံးသည် တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်နေကြ၏။

နဂါးလေးက...

"ခင်ဗျားတို့ ဘယ်ပြေးမလဲ"

သူ၏စကားသံ ဟိန်းထွက်လာသည်။

သို့သော် အမျိုးသမီးဆယ်ယောက်ကား တုတ်တုတ်မျှပင် မလှုပ်ကြပါချေ။

နဂါးလေးက...

"ခင်ဗျားတို့ ဆယ်ယောက်မကဘူး၊ အယောက်နှစ်ဆယ် ရှိနေရင်လဲ၊ ကျုပ်က မကြောက်ဘူးဆိုတာ မှတ်ထားပါ"

ဟု ပြောလိုက်ပြန်သည်။

အမျိုးသမီးဆယ်ယောက်ကား တုတ်တုတ်မျှပင် မလှုပ်ပါချေ။

နဂါးလေး ဒေါပွသွားလေသည်။

"ကောင်းပြီ၊ ခင်ဗျားတို့ ဘယ်လောက်အထိ ပါးစပ်ပိတ်



ထားနိုင်မလဲ၊ ကြည့်ကြသေးတာပေ့ါ"

စကားဆုံးလျှင် မီးတုတ်ကို ချင်းယဉ်ထံ လှမ်းပေးလိုက်သည်။

ချင်းယဉ်က မီးတုတ်ကို ယူထားလိုက်လေသည်။

နဂါးလေးက လက်ဝါးနှစ်ဘက်တွင် အတွင်းအားစုစည်းလိုက်ပြီး...

"ယား"

ဩသံပေးကာ အမျိုးသမီးဆယ်ယောက်ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သူက လှုပ်ရှားတိုက်ခိုက်လိုက်သည်နှင့် လေတိုးသံ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

အမျိုးသမီးဆယ်ယောက်မှာ ယခုတိုင် လှုပ်ရှားခြင်း မပြုကြသေးချေ။

နဂါးလေး အံ့ဩသွားသည်။

ခုခံမှု မရှိသူအား တိုက်ခိုက်ရမည်ကို ဝန်လေးမိ၏။

ထို့ပြင် အမျိုးသမီးများ ငြိမ်နေကြသည်မှာ အကြောင်းတစ်ခုခု ရှိရမည်ဟုလည်း တွေးမိလိုက်လေသည်။

သို့သော် သူ၏တိုက်ခိုက်မှုကို ပြန်လည်ရုပ်သိမ်းရန် မဖြစ်နိုင်တော့ပါချေ။

"ဂုန်း...ဂုန်း"

ကျယ်လောင်သော ပေါက်ကွဲသံနှစ်ချက် ထွက်ပေါ်လာလေသည်။

နဂါး၏လက်ဝါးနှစ်ဘက် ရိုက်ထုတ်လိုက်သည်နှင့် အမျိုးသမီးနှစ်ယောက်ကို ထိမှန်သွား၏။

ထိုနှစ်ယောက်မှာ တကယ့် လူအစစ် မဟုတ်ဘဲ ရွှံ့ဖြင့် ပြုလုပ်ထားသော အမျိုးသမီးရုပ်တုများ ဖြစ်နေ၏။

လက်ဝါးရိုက်ချက်ကြောင့် ရွှံ့ရုပ်များ ကွဲကြေသွားလျှင် တဝုန်းဝုန်း မြည်သံနှင့်အတူ အတွင်းဘက်မှ အနီရောင်အခိုးအငွေ့များ ပန်းထွက်လာတော့သည်။

နဂါးလေး ရင်ထိတ်သွား၏။

ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းရန် ကြိုးစားလိုက်လေသည်။

သို့သော် သူ နောက်ကျသွားပြီ ဖြစ်လေသည်။

အနီရောင်အခိုးအငွေ့များကို ရှူရှိုက်မိသွားပြီး...

"အဟွတ်..အဟွတ်"

အသက်ရှူကျပ်ကာ ချောင်းတဟွတ်ဟွတ်ဆိုးလာလေတော့သည်။

ချင်းယဉ်သည် အခြေအနေ မဟန်မှန်းသိလျှင် ချက်ချင်းပင် နောက်သို့ ခုန်ဆုတ်သွားလေသည်။

အမျိုးသမီးများကား မလှုပ်မယှက် ရှိနေဆဲ...

အနီရောင်အခိုးအငွေ့များသည် တခဏအတွင်း လွင့်ပါးပျောက်ကွယ်သွားလေသည်။

နဂါးလေးသည် ခါးကုန်းသွားသည်အထိ အပြင်းအထန် ချောင်းဆိုးလိုက်၏။ သူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။



တခဏအတွင်းပင် လူမမာတစ်ယောက်အသွင် ဖြစ်သွားလေတော့သည်။

ချင်းယဉ်မှာ နဂါးအတွက် စိုးရိမ်ပူပန်သွားပြီး...

"ရှင် ဘယ်လို ဖြစ်သွားတာလဲ"

ဟု မေးလိုက်၏။

နဂါးလေး အံကြိတ်လိုက်သည်။

"တောက် သူက ထောင်ချောက်ဆင်ထားတာဗျ"

ဟု မကျေမနပ်ဖြင့် ပြောလိုက်၏။

ချင်းယဉ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတို့ ဒီက မြန်မြန်ထွက်သွားမှ ဖြစ်မယ်"

ဟု ပြောလိုက်၏။

နဂါးလေး ခေါင်းခါယမ်းလိုက်လေသည်။

"ဘာဖြစ်လို့ ထွက်သွားရမှာလဲ၊ သူ့ကို မတွေ့မချင်း မသွားနိုင်ဘူး၊ ကျုပ်က သူ့ကို ဘယ်တော့မှ အရှုံးမပေးဘူးဆိုတာ သူသိသွားစေရမှာပေါ့"

"ရှင် အဆိပ်မိနေပြီဆိုရင်ကော"

"ဘာထူးဆန်းလို့လဲ၊ ကျုပ်က သူ့ဆီမှာ အဆိပ်ဖြေဆေး ပြန်တောင်းရမှာပေါ့ဗျ"

ချင်းယဉ် စိတ်ပျက်သွားသည်။

နဂါးလေး ခံလိုက်ရသည်ကို ကြည့်ကာ သူမ၏ရင်ထဲ စိုးရွံ့ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာတော့သည်။

နဂါးလေးက...

"သူ့ကို လိုက်ရှာကြမယ်"

ဟု ပြောလိုက်၏။

ဤတွင် ချင်းယဉ်၏မျက်နှာ တင်းမာသွားပြီး...

"ရှင်လိုက်ရှာချင်ရှာ၊ ကျွန်မ ပြန်ထွက်သွားတော့မယ်"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

"ခင်ဗျားထွက်သွားတော့မယ် ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားက ဘာသဘောလဲဗျ"

"အန္တရာယ်များတဲ့ ဒီအထဲမှာ မနေချင်တော့လို့ပေါ့ရှင်"

နဂါးလေး မဲ့ပြုံးပြုံးလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားက မရဲဘဲ ကျွဲပြိုစီးခဲ့တာကိုး၊ အန္တရာယ်များလှတဲ့ခရီးကို ခင်ဗျားဦးဆောင်လာခဲ့တော့ သတ္တိ ကောင်းလှပြီ ထင်နေတာ၊ အခုမှပဲ ခင်ဗျားကြောက်တတ်တာ သိရ တော့တယ်"

"ရှင်...ရှင်"

"ဖြန်း"

ချင်းယဉ်သည် သူမအား ဝေဖန်သည်ကို လက်မခံနိုင်ဘဲ နဂါးလေးအား ပါးရိုက်ချလိုက်လေတော့သည်။

နဂါးလေး ဒေါသထွက်သွား၏။

ချင်းယဉ်အား တိုက်ခိုက်ရန်ပင် ဟန်ပြင်လိုက်လေသည်။

သို့သော် ကျင်းစန်း၏မျက်နှာကို မြင်ယောင်လာသဖြင့် ချက်ချင်းပင် ဒေါသကို ချုပ်တည်းထားလိုက်ပြီး...



"ခင်ဗျားသွားမယ်ဆိုရင် သွားပါ၊ ကျုပ်နေခဲ့မယ်"

ဟု ပြောလိုက်၏။

ချင်းယဉ်က နဂါးလေးအား စိုက်ကြည့်လိုက်သည်။

ထို့နောက် စကားတစ်လုံးမှ မပြောဘဲ ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

➤ ➤ ➤

ချင်းယဉ် ထွက်သွားပြီ ဖြစ်လေသည်။

သူမ၏ခြေသံ တဖြည်းဖြည်းဝေး၍ သွားကာ ကွယ်ပျောက် သွားမှ နဂါးလေး သက်ပြင်းချလိုက်သည်။

အမျိုးသမီးရုပ်တုများဘက် ပြန်လှည့်လိုက်သည်။

အမျိုးသမီးရုပ်တုများသည် မလှုပ်မယှက် ရှိနေဆဲ။

နဂါးလေး မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ကို တစ်ယောက်မကျန် ဖျက်ဆီးပစ်မယ်ဗျ"

ဟု ပြောလိုက်ပြီး ရှေ့တိုးသွား၏။

သူ၏ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်နေလေသည်။

အမျိုးသမီးရုပ်တုများအနီးသို့ ရောက်လျှင် သူ၏မျက်လုံး များက ထူးခြားမှုတစ်ခုကို အမှတ်မထင် တွေ့မြင်သွားလေသည်။

ရုပ်တုများအနက် ဟစ်ခုသော ရုပ်တုမှာ အရိုးတစ်ခြမ်း ဘက်ဝယ် ပြည့်ပြည့်ဖြိုးဖြိုး ရှိနေသည်ဟု သတိပြုမိခြင်း ဖြစ်သည်။

နဂါးလေးက အခြားအမျိုးသမီးရုပ်တုများကို အာရုံစိုက်နေ

သည့်အသွင် ဟန်ဆောင်ရင်း ထူးခြားနေသော အမျိုးသမီးရုပ်တုကို မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

ထိုအမျိုးသမီးရုပ်တုသည် အသားတစ်ခြမ်း အရိုးတစ်ခြမ်း ရှိသော ရုပ်တုများနှင့် မတူဘဲ ထူးခြားနေ၏။

နဂါးလေး ပြုံးလိုက်သည်။

"လက်စသတ်တော့ အင်္ကျီပေါ်မှာ အရိုးစု ရေးဆွဲထားပြီး ဝတ်ထားတာကိုး၊ ရုတ်တရက် ကြည့်လိုက်ရင် အသားတစ်ခြမ်း အရိုးတစ်ခြမ်း ရှိနေတယ် ထင်ရမှာပဲ၊ သူက အရုပ်တွေ ကြားထဲ ဝင်ပုန်းနေတာကိုး"

ရင်ထဲကျိတ်ပြီး ရေရွတ်လိုက်သည်။

တဆက်တည်းမှာပင် အရုပ်များကြားသို့ဝင်ကာ ဟိုဟို သည်သည် စစ်ဆေးကြည့်လိုက်သည်။

"အင်း ချင်းယဉ် ပြန်ထွက်သွားတာ မှန်တယ်၊ အရုပ်တွေထဲမှာ ထောင်ချောက်ဆင်ထားတယ်ဆိုတော့ ငါက ဖျက်ဆီးပစ်ရင် ငါပဲ ဒုက္ခရောက်မှာ ပြန်ထွက်သွားတာပဲ ကောင်းလိမ့်မယ်"

ဟု ဟန်ဆောင်ကာ ခပ်ကျယ်ကျယ်လေး ပြောလိုက်လေသည်။

ထို့နောက် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

အမှန်တော့ ထွက်သွားရန် ဟန်ဆောင်ပြီး အင်္ကျီအိတ်ထဲမှ လက်နက်ပုန်းများ ထုတ်ယူလိုက်သည်။

ထို့နောက် ပုန်းအောင်းနေသည့် အမျိုးသမီးထံ လက်နက်ပုန်းများဖြင့် တရစပ် ပစ်လိုက်လေတော့သည်။



သူသည် ရှိသမျှ အင်အား အစွမ်းကုန်ထုတ်ကာ တအားပစ်ခတ်လိုက်ခြင်း ဖြစ်ပေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာသည်။

လက်နက်ပုန်းများသည် အမျိုးသမီး၏တစ်ကိုယ်လုံး လွှမ်းခြုံပစ်လွှင့်သွားလေတော့သည်။

အမျိုးသမီးမှာ ဆက်လက်ဟန်ဆောင်နိုင်ခြင်း မရှိတော့ချေ။

"ယား"

ဩသံတစ်ချက်ပေးကာ ခုန်ရှောင်လိုက်၏။

နဂါးလေး၏လက်နက်ပုန်းပစ်ပညာသည် အလွန်ထက်မြက်လှပေသည်။

အမျိုးသမီး မည်သို့မျှ လွတ်မြောက်နိုင်မည် မဟုတ်ပါချေ။

သို့ပါသော်လည်း နဂါးလေးမှာ အဆိပ်မိထားပြီ ဖြစ်ရာ သူ၏သိုင်းအား ကျဆင်းနေသဖြင့် ထိထိရောက်ရောက် စွမ်းဆောင်နိုင်ခြင်း မရှိပါတော့ချေ။

အမျိုးသမီးသည် သူ၏လက်နက်ပုန်းများကို အလွယ်တကူ ရှောင်တိမ်းသွားနိုင်ခဲ့လေတော့သည်။

နဂါးလေး ရင်ထိတ်သွားသည်။

အမျိုးသမီးသည် သူ၏လက်နက်ပုန်းမှ လွတ်မြောက်သွားသည်နှင့် သူ့အား တန်ပြန်တိုက်ခိုက်လာတော့မည် မဟုတ်ပါလား။

အမျိုးသမီး၏တိုက်ခိုက်မှုကို ခုခံရန် အသင့်ပြင်ထားလိုက်

၏။ သူတွေးထင်ထားသည့်အတိုင်းပင် အမျိုးသမီးကလည်း ချက်ချင်း ဟန်ပြင်တိုက်ခိုက်လာလေတော့သည်။

နဂါးလေး အခက်ကြုံသွား၏။

သိုင်းအား ကွယ်ပျောက်နေခြင်းကြောင့် အမျိုးသမီး၏ လက်ချက်ဖြင့် သေဆုံးရမည့် အခြေအနေ ရောက်ရှိသွားလေသည်။

ထိုစဉ်မှာပင်…

"ယား"

လူရိပ်ပၥစ်ခုသည် ရုတ်ခြည်း ထွက်ပေါ်လာပြီး အမျိုးသမီးအား တိုက်ခိုက်လိုက်လေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အမျိုးသမီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဘေးသို့ ခုန်ကာ ရှောင်တိမ်းရန် ကြံရွယ်လိုက်၏။

သို့သော် ခုန်ဝင်လာသူက အလွတ်မပေးဘဲ တိုက်ခိုက်လိုက်သဖြင့်…

"ဝုန်း"

"အား"

စူးရှကျယ်လောင်သော အော်သံများ ထွက်ပေါ်လာသည်။

အမျိုးသမီးသည် ကြားဖြတ်တိုက်ခိုက်လာသူ၏လက်ချက်ဖြင့် ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

နဂါးလေး ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ့အား ကယ်တင်လာသူကို ကြည့်ပိုက်လေသည်။

"ဟင် ချင်းယဉ်"



လွှတ်ခနဲ ခေါ်လိုက်မိ၏။

မှန်ပေသည်။ သူ့အား ကယ်တင်လာသူမှာ ချင်းယဉ် ဖြစ်နေ၏။

ချင်းယဉ်က သူ့အား ပြုံးပြလိုက်ပြီး…

"ရှင်က သူ့ကို ဖော်ထုတ်နိုင်မယ်ဆိုတာ ကျွန်မတွေးမိတယ်၊ သူထွက်လာတဲ့ အချိန်မှာလည်း ရှင်တစ်ယောက်တည်း ရင်ဆိုင်နိုင်မှာ မဟုတ်ဘူးဆိုတာလဲ ကျွန်မတွေးမိတယ်၊ ဒါကြောင့် ပြန်ဝင်လာခဲ့တာ၊ ကျွန်မထင်တဲ့အတိုင်း ဖြစ်နေတာပဲ"

နဂါးလေးက…

"တော်သေးတာပေါ့ဗျာ"

ဟု ပြောလိုက်သည်။

စကားဆုံးလျှင် ဒူးများ ပျော့ခွေသွားပြီး ကြမ်းပြင်ပေါ် လဲကျကာ သတိလစ်မေ့မျောသွားလေတော့သည်။

➢ ➢ ➢

မီးရောင်ဖြာကျနေ၏။

ဝိကျောင်းက အခန်းတွင်းသို့ ရှေ့ဆုံးမှ လှမ်းဝင်သွားလေသည်။

အခန်းတွင်းဝယ် လူသူကင်းရှင်းနေပါ၏။

ပစ္စည်းပစ္စယများ ရှုပ်ထွေးနေခြင်းမရှိဘဲ အခန်းထောင့်ဝယ် ကလေးငယ်တစ်ယောက်အိပ်သည့် ပုခက်တစ်လုံးရှိနေသည်ကိုသာ

တွေ့ရလေသည်။

ဝီကျောင်၊ ကျားယုနှင့်စုထင်းတို့ အခန်းတွင်းသို့ ရောက်လာချိန်ဝယ် ပုခက်မှာ လှုပ်ယမ်းနေသည်။

ဝီကျောင်းက...

"သရဲလေးတော့ ပုခက်ထဲမှာ အိပ်နေပြီထင်တယ်"

ဟုပြောလိုက်လေသည်။

ဝီကျောင်းက...

"ဟေ့ကောင်လေး...ပုခက်ထဲက ထွက်စမ်း"

ဟုအော်ပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဘယ်သူလဲဟင်"

ကလေးတစ်ယောက်၏ ရှူးရှူးရှရှစကားသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

တဆက်တည်းပင် ပုခက်လှုပ်ယမ်းသွားပြီး ကလေးငယ် ထထိုင်လိုက်သည်ကိုတွေ့ရ၏။

ကျားယုနှင့် စုဆင်းတို့ ခြေလှမ်းတုန့်ခနဲရပ်သွား၏။

ပုခက်အတွင်းမှ ခေါင်းပြူလာသူမှာ အသက်နှစ်နှစ်ခန့်ရှိ ကလေးငယ်တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

ကလေးငယ်တစ်ယောက်အား ဘယ်သောအခါမှ သူတို့ တိုက်ခိုက်ကြလိမ့်မည် မဟုတ်ပါချေ။

ဝီကျောင်းက...

"ဟေ့ကောင်လေး...မင်းအဖေနဲ့အမေကော"



ဟုမေးလိုက်လေသည်။

ပုခက်ထဲမှ ကလေးသည် အရိုးတစ်ခြမ်း အသားတစ်ခြမ်းရှိ သူဖြစ်၏။

သို့သော် သူသည် လက်ရာမြောက်စွာ ရေးဆွဲထားသည့် အဝတ်အစားများ ဝတ်ဆင်ထားသည်ကို ကြည့်ရုံဖြင့် သိနိုင်လေသည်။

ကလေးငယ်သည် သူတို့အားတွေ့မြင်သည်နှင့် ဝါးခနဲ ငိုချလိုက်လေသည်။ ဝီကျောင်း မျက်လုံးပြူးသွားသည်။

ချက်ချင်း နောက်သို့ခြေလှမ်းဆုတ်လိုက်လေသည်။

ကလေးငယ်က နားမခံသာအောင် တဝါးဝါးငိုကြွေးနေလေတော့သည်။ ဝီကျောင်း စိတ်ပျက်သွား၏။

သူက ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်လိုသော်လည်း ကလေးငယ်တစ်ယောက် အငိုတိတ်အောင် ချော့မော့လိုသူကား မဟုတ်ချေ။

ကျားယုက...

"တိတ်ပါ ကလေးရယ်၊ တို့က မင်းကိုဒုက္ခမပေးပါဘူး၊ မင်းရဲ့မိဘတွေနဲ့တွေ့ချင်လို့ပါ"

ဟုချော့မော့ ပြောလိုက်လေသည်။

ကလေးငယ်ကား ချော့၍မရဘဲ တဝါးဝါးငိုကြွေးနေလေသည်။

စုထင်းက...

"သူ့ကိုခေါ်သွားကြမယ်၊ လူကြီးတွေနဲ့တွေ့မှကြည့်လုပ်ကြတာပေါ့"

ဟုပြောလိုက်သည်။

ကျားယုက…

"ကဲပါ ကလေးရယ် ငိုမနေပါနဲ့၊ မင်းရဲ့မိဘတွေဆီကို လိုက်ပို့ပေးပါ့မယ်"

ပြောပြောဆိုဆို ပုခက်ထဲမှ ကလေးကို ပွေ့ချီရန် ဟန်ပြင်လိုက်လေသည်။

ကလေးက ငိုကြွေးနေရာမှ ကျားယုကို မျက်လုံးတစ်ချက်လှန်၍ကြည့်လိုက်လေသည်။

ဇီကျောင်း မျက်မှောင်ကြုတ်သွား၏။

တစ်စုံတစ်ခုကို သတိရမိသဖြင့်…

"နောက်ဆုတ်လိုက်"

ဟု အသံကုန်အော်ပြောလိုက်သည်။

ကျားယု ရင်ထိတ်သွား၏။

နောက်ဆုတ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် မမျှော်လင့်သော ပြောင်းလဲမှုဖြစ်ပေါ်လာလေသည်။

ပုခက်ထဲမှ ကလေးက လက်တစ်ဘက်ဆန့်ထုတ်လိုက်၏။

သူ၏လက်ထဲ၌ ဝင်းလက်တောက်ပြောင်နေသည့် ဓားတစ်လက်ပါလာလေသည်။

ကလေးငယ်က လက်ကိုဆန့်ထုတ်လိုက်သည်နှင့် ဓားဦးသည် အနီးသို့ရောက်ရှိနေသည့် ကျားယု၏ရင်ဝကို ဖောက်ထွင်းသွားလေတော့သည်။



"အား"

ကျားယု စူးစူးရှရှ အော်ဟစ်လိုက်လေသည်။

သူ၏ရင်ဝ၌ သွေးချင်းချင်းနီရဲသွားသည်။

ကလေးငယ်က ဓားကိုဆွဲနုတ်ကာ ပုခက်ထဲမှ ခုန်ထွက်လိုက်၏။

ကျားယု ညည်းညူရင်း ကြမ်းပြင်ပေါ် ခွေခနဲလဲကျသွားလေသည်။

စုထင်းနှင့်ဇီကျောင်းတို့ မျက်လုံးပြူးသွားကြသည်။

ပထမဦးဆုံး သတိဝင်လာသူမှာ ဇီကျောင်းဖြစ်လေသည်။

"ခွေးကောင်လေး သေပေတော့"

အော်ငေါက်ရင်း ကလေးငယ်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေ၏။

ကလေးငယ်က သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား..ဘယ်သူက ခွေးကောင်လေးလဲ၊ ငါက မင်းတို့အဘထက်တောင် အသက်ကြီးသေးတယ်ဆိုတာ မှတ်ထား"

ပြောရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဇီကျောင်းနှင့် ထိပ်တိုက်ရင်ဆိုင်မိလိုက်လျှင်…

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဇီကျောင်း နောက်ဆုတ်လိုက်ရ၏။

စုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ကလေးငယ်၏ အတွင်းအားသည် ဝီကျောင်းထက်ပင် သာလွန်နေသေးသည် မဟုတ်ပါလား။

ဝီကျောင်း အံကြိတ်လိုက်သည်။

"ခင်ဗျားရဲ့မျက်လုံးကို သေသေချာချာကြည့်မိမှ ခင်ဗျားဟာ ကလေးမဟုတ်ဘဲ ကလေးဟန်ဆောင်နေတဲ့ သက်ကြီးပုတစ်ယောက်ဆိုတာ ကျုပ်ရိပ်မိလိုက်တယ်၊ ဒါပေမယ့် ကျုပ်ဟန့်တားတာ နောက်ကျနေခဲ့ပြီ၊ ခင်ဗျားကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ မှတ်ထားပါ"

ကလေးငယ် တဟားဟား ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား..မင်းက ဘာတတ်နိုင်မှာလဲ"

ပြောရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် ထိပ်တိုက်တွေ့လျှင်...

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ ဝီကျောင်းပင် နောက်သို့ ပြန်ဆုတ်လာရပြန်တော့သည်။

ဝီကျောင်း၏မျက်နှာ နီမြန်းသွားသည်။

ခါး၌ချိတ်ထားသည့် အရိုးရှည်တပ်ရဲဓားကို ထုတ်ယူလိုက်လေသည်။

ထိုစဉ်...

"ဝီကျောင်း..မင်းဘယ်မှာလဲ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ထိုစကားသံမှာ ကျင်းစန်း၏စကားသံ ဖြစ်သည်။

ဝီကျောင်း ဝမ်းသာသွား၏။

"ကျင်းစန်း မြန်မြန်လာ၊ ဒီမှာ ငါးကြီးကြီးတစ်ကောင် မိထားပြီ"

ဟုအော်ပြောလိုက်၏။

သူ၏အသံနှင့် မဝေးမနှောင်းမှာပင် ပြေးလွှားလာသည့် ခြေသံများ ထွက်ပေါ်လာလေသည်။

ကလေးငယ် မျက်မှောင်ကြုတ်သွား၏။

"မင်းက အဖော်တွေခေါ်လိုက်တာကိုး"

ပြောပြီး အခန်းနံရံဘက်သို့လှည့်ကာ ထွက်ပြေးလေသည်။

ဝီကျောင်း ပြုံးလိုက်သည်။

"ခင်ဗျားက နံရံကိုဖောက်ပြီး ထွက်ပြေးတော့မလို့လား"

ဟုလှမ်းမေးလိုက်၏။

ကလေးငယ်က ဘာမှပြန်မပြောဘဲ အုတ်နံရံကို လက်ဖြင့် တွန်းထုတ်လိုက်လေသည်။

"ကျွိ"

မြည်သံတစ်ချက် ထွက်ပေါ်လာ၏။

အုတ်နံရံ၌ရှိနေသော လျှို့ဝှက်တံခါးပေါက်တစ်ခု ပွင့်သွား၏။ ကလေးငယ်က တံခါးပေါက်ကိုဖြတ်ကာ တစ်ဘက်သို့ဝင်ပြေးသွား၏။

သူ တစ်ဘက်သို့ရောက်သွားသည်နှင့် တံခါးပြန်ပိတ်သွားလေတော့သည်။

ရုတ်တရက်ကြည့်လျှင် တံခါးပေါက်ရှိသည်ဟု မမြင်တွေ့ရဘဲ အုတ်နံရံကြီးကာဆီးနေသည်ဟုသာ တွေ့မြင်ရမည်ဖြစ်လေသည်။

ကလေးငယ်ကား လွတ်မြောက်သွားပြီ ဖြစ်လေသည်။

ထိုအချိန်တွင် ကျင်းစန်း ရောက်လာတော့သည်။

နဂါးလေး သတိလစ်မေ့မျောနေ၏။

သူ့အား ချင်းယဉ် ပြုစုပေးနေသည်။

ကျားယုကား သေဆုံးသွားချေပြီ။

ကျားယု သေဆုံးသွားခြင်းကြောင့် စုထင်းမှာ ဖြေမဆည်နိုင်အောင် ဖြစ်နေပေတော့သည်။

ဝီကျောင်းနှင့် ကျင်းစန်းတို့ကား တက်တစ်ခေါက်ခေါက် ဖြစ်နေကြလေသည်။

ဤအဆောက်အအုံပျက်၌ လူထူးလူဆန်း သုံးယောက်ကို တွေ့ရသည့်အနက် ကလေးငယ်မှာ အဓိကလူ ဖြစ်ကြောင်း တန်ဖိုးကြီးစွာ ပေးဆပ်ပြီးမှ သိခဲ့ရလေသည်။

ကလေးငယ်ကား ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်သည်။

ဝီကျောင်းက...

"သူဟာ တကယ့် ကလေးငယ်တစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်သိလိုက်တယ်၊ ဒါပေမယ့် ကျုပ်သိတဲ့အချိန်ဟာ အတော်ကြီး နောက်ကျသွားပြီဗျ"

ဟု မကျေမနပ် ပြောလိုက်လေသည်။



ကျင်းစန်းက...

"မင်းမှာ အပြစ်မရှိပါဘူးကွာ၊ သူတို့က ဒီလောက် ကောက်ကျစ်စဉ်းလဲလိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ"

"ကလေးငယ်ဟာ ခေါင်းဆောင်ပဲဗျ၊ သူ့ကို မရရင် ကျုပ် ဘယ်တော့မှ ကျေနပ်နိုင်မှာ မဟုတ်ဘူး"

ဝီကျောင်းက ခေါင်းမာမာဖြင့် ပြောလိုက်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"စိတ်ချ၊ သူ့ကို မရဘဲ ဒီက ထွက်မသွားဘူးလို့ ငါကတိပေးတယ်"

ထိုစကားကြားမှ ဝီကျောင်း ကျေနပ်သွားလေသည်။

ကျင်းစန်းက...

"နဂါးလေးရဲ့ အခြေအနေ ကြည့်ရအောင်"

သူတို့သည် နဂါးလေးကို စစ်ဆေးကြည့်လိုက်လေသည်။

ထိုအခါ နဂါးလေးမှာ အသက်ကို ဖြည်းညင်းစွာ ရှူရှိုက်ကာ သတိလစ်မေ့မျောနေသည်ကို တွေ့ရှိရလေသည်။

ကျင်းစန်း မျက်နှာပျက်သွားသည်။

နဂါးလေး အခြေအနေ မဟန်သည်ကို ရိပ်မိလိုက်သည်။

ဝီကျောင်းလည်း နားလည်သဘောပေါက်ထားလေသည်။

"တို့ ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်လေသည်။

ကျင်းစန်းက...

"ကလေးငယ်ကို တွေ့ရမှ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

ဝီကျောင်း ခေါင်းညိတ်လိုက်သည်။

"တို့ သူ့ကိုလိုက်ရှာကြမယ်၊ တစ်အိမ်လုံး မြေလှန်ပစ်လိုက်ရပါစေ တွေ့အောင်ရှာမယ်"

ဟုပြတ်သားစွာ ပြောလိုက်လေသည်။

သူတို့နှစ်ယောက် ကလေးငယ်အား ရှာဖွေရန်ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်မှာပင်...

"အား"

စူးရှသောအော်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝီကျောင်း မျက်နှာပျက်သွားသည်။

"ဒါ..ဒါ..ကလေးငယ်ရဲ့အသံပဲ"

ဟုလွှတ်ခနဲ အော်လိုက်သည်။

ကျင်းစန်း ဘာမှမပြောဘဲ အပြင်ဘက်ပြေးထွက်သွား၏။

ဝီကျောင်းလည်း သတိဝင်လာပြီး နောက်မှ ပြေးလိုက်သွားလေတော့သည်။

➤ ➤ ➤



"အား"

စူးရှသောအော်သံသည် တိတ်ဆိတ်နေသော ညဉ့်ယံကို ထိုးဖောက်ထွက်ပေါ်လာလေသည်။

ကျင်းစန်းနှင့်ဝီကျောင်းတို့က အဆောက်အအုံအတွင်းမှ ရိပ်ခနဲ ရိပ်ခနဲ ခုန်ထွက်လာကြသည်။

အပြင်ဘက်သို့ရောက်လျှင် အော်ဟစ်သံမှာ မြင်းလှည်းအနီးမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

တဒင်္ဂအတွင်းပင် သူတို့နှစ်ယောက် မြင်းလှည်းအနီးသို့ ရောက်ရှိသွားကြသည်။

ထိုအခါမှ မြင်ကွင်းကို သေသေချာချာ တွေ့မြင်လိုက်ရလေတော့သည်။

မြင်းလှည်းဘေးဝယ် လူတစ်ယောက် ခွေခွေကလေးလဲကျနေသည်။

ထိုလူမှာ ကလေးငယ်ဖြစ်လေသည်။

"ဟာ...ဟိုကောင်လေးပဲ"

ဝီကျောင်းက အော်ပြောလိုက်သည်။

ကျင်းစန်းက ခပ်သွက်သွက်ချဉ်းကပ်သွားပြီး ကြည့်လိုက်၏။

ကလေးငယ်၏ရင်ဝ၌ သွေးချင်းချင်းနီရဲနေသည်။

တစ်ချက်ကြည့်လိုက်ရုံဖြင့် သေဆုံးနေပြီဖြစ်ကြောင်း သိနိုင်လေသည်။

ချင်းယဉ်နှင့်စုထင်းတို့လည်း ရောက်ရှိလာကြသည်။

ကလေးငယ်ကို တွေ့လျှင် ချင်းယဉ်က...

"သူ...သူ ကျွန်မတွေ့ခဲ့ရတာ သူပေါ့"

ဟုပြောလေသည်။

မီးတုတ်များ စိုက်ထူထားခြင်းကြောင့် မြင်းလှည်းအနီးဝယ် လင်းလင်းချင်းချင်း ဖြစ်နေသည်။

မြင်းလှည်းပေါ်ဝယ် မြင်းလှည်းမောင်းသည့် မိန်းကလေး မလှုပ်မယှက် ထိုင်နေသည်ကိုတွေ့နိုင်သည်။

ကျင်းစန်းက...

"သူ့ကို ဘယ်သူသတ်ပစ်လိုက်တာလဲ"

ဟုမေးလိုက်သည်။

သူက မြင်းလှည်းမောင်းသည့် မိန်းကလေးကို ရည်ရွယ်ကာ မေးလိုက်ခြင်းဖြစ်သည်။

အားလုံး၏အကြည့်သည် ထိုမိန်းကလေးဆီသို့ ရောက်သွားလေသည်။

ထိုမိန်းကလေးက မလှုပ်မယှက် ထိုင်နေဆဲ...

ချင်းယဉ်က...

"စင်းစင်း...သူက ညည်းကိုနှောက်ယှက်ခဲ့တာလား"

ဟုမေးလိုက်သည်။

ထိုအခါ မြင်းလှည်းမောင်းသည့် မိန်းကလေး သက်ဝင်လှုပ်ရှားလာလေတော့သည်။

ချင်းယဉ်အား ဂါရဝပြုလိုက်ပြီး...

"ဟုတ်ပါတယ်၊ သခင်မလေး၊ သူက မြင်းလှည်းတံခါးကို



ဖွင့်ဖို့ ကြိုးစားခဲ့လို့ ကျွန်မ ဟန့်တားလိုက်ရပါတယ်"

ဟုပြောလိုက်သည်။

ကျင်းစန်း ဒေါပွသွားသည်။

ချင်းယဉ်ဘက်သို့ လှည့်လိုက်ပြီး...

"ခင်ဗျားက ကျုပ်တို့ကို အသုံးချနေတာ ရပ်တန်းကရပ်ဖို့ ကောင်းပြီဗျ"

ဟုအော်ပြောလိုက်သည်။

ချင်းယဉ် မျက်မှောင်ကြုတ်သွားပြီး...

"ရှင် ဘာကိုဆိုလိုတာလဲ"

"ဘာကိုဆိုလိုတာလဲ ဟုတ်လား၊ ခင်ဗျားမှာ ကြောက်စရာကောင်းတဲ့ လူသတ်သမားတစ်ယောက်ရှိနေတာပဲ၊ ကျုပ်တို့ကို မလိုအပ်တော့ပါဘူး"

"ရှင်...ရှင်က"

"သူက ဝီကျောင်းတောင် မနည်းရင်ဆိုင်ခဲ့ရတယ်၊ သူ့ကြောင့် ကျားယု သေခဲ့ရတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့မြင်းလှည်းမောင်းတဲ့ မိန်းကလေးက သူ့ကိုဓားတစ်ချက်နဲ့ အဆုံးစီရင်လိုက်တယ် မဟုတ်လား"

ထိုစကားကြားလျှင် ဝီကျောင်းလည်း နားလည်သဘောပေါက်လာသည်။

"ဟုတ်တယ်၊ ခင်ဗျားရဲ့မြင်းလှည်းမောင်းတဲ့ မိန်းကလေးဟာ ကျုပ်တို့ထက်ပိုပြီး တော်ပါတယ်ဗျာ၊ ဘာကြောင့် ကျုပ်တို့ကို အသုံးချချင်ရတာလဲ"

ဟုအော်ပြောသည်။

စုထင်းကား မျက်နှာပျက်နေတော့သည်။

ကျင်းစန်းက…

"သူ့ကို သုတ်သင်လိုက်တော့ သူ့ဆီက အဆိပ်ဖြေဆေး ဘယ်လိုလုပ်ရနိုင်တော့မှာလဲ၊ ကျုပ်မိတ်ဆွေ နဂါးလေးဟာ အဆိပ်ဖြေဆေးမရရင် အသက်ရှင်ဖို့မလွယ်ဘူးဆိုတာ ခင်ဗျားသိထားတာပဲ"

ချင်းယဉ် ပခုံးတွန့်လိုက်သည်။

"သူ့ကို ကျွန်မ အမိန့်ပေးခဲ့တာမဟုတ်ဘူး၊ သူဟာ မြင်းလှည်းကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်၊ ဒါကြောင့် ဘယ်သူမဆို မြင်းလှည်းကို တိုက်ခိုက်လာရင် သူနဲ့ရင်ဆိုင်ရမှာပဲ၊ နဂါးလေးအတွက် အဆိပ်ဖြေဆေးမရနိုင်အောင် တမင်လုပ်တာမှ မဟုတ်ဘဲ"

ဟုပြန်ပြောလိုက်သည်။

ကျင်းစန်း မည်သို့မှ ပြန်မပြောသာအောင် ဖြစ်သွားရလေ၏။ ချင်းယဉ်က…

"ကလေးငယ်ဆီက အဆိပ်ဖြေဆေးမရနိုင်ပေမယ့် ဘယ်လိုအဆိပ်မျိုးကိုမှမမှုတဲ့ အဆိပ်ဖြေဆေး ကျွန်မဆီမှာရှိပါတယ်၊ ရှင်တို့ ကျွန်မကိုကူညီရင်း ဒုက္ခရောက်ရတယ်ဆိုတော့ ကျွန်မက အဆိပ်ဖြေဆေးပေးပါ့မယ်ရှင်"

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှ ကြွေဘူးကလေးတစ်လုံး နှိုက်ယူလိုက်၏။



ကြွေဘူးထဲမှ ခရမ်းရောင်ဆေးလုံးတစ်လုံး နှိုက်ယူကာ ပေးလေသည်။

"ဒီဆေးကို တိုက်လိုက်ပါရှင်၊ နေ့ဝက်အတွင်း သူ လူကောင်းပကတိ ပြန်ဖြစ်သွားပါလိမ့်မယ်"

ဟုပြောလိုက်၏။

ကျင်းစန်းသည် စောဒကတက်မနေတော့ဘဲ ဆေးလုံးကိုယူကာ နဂါးလေးကို တိုက်ကျွေးလိုက်လေသည်။

ဆေးလုံးတိုက်ကျွေးလိုက်ပြီး မကြာမီ…

"အင့်"

ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။

နဂါးလေးလူးလွန့်လှုပ်ရှားကာ သတိရလာတော့သည်။

ကျင်းစန်း ဝမ်းသာသွား၏။

နဂါးလေးကိုကြည့်ကာ အားရပါးရပြုံးလိုက်လေသည်။

နဂါးလေးကား အသက်ဘေးမှ လွတ်မြောက်ခဲ့ပြီတည်း။

ကျင်းစန်းက ချင်းယဉ်ဘက်သို့ ပြန်လှည့်လိုက်သောအခါ သူ၏မျက်နှာဝမှာ အပြုံးရိပ်များ ကွယ်ပျောက်နေပြီး ခက်ထန်တင်းမာနေသည်ကို တွေ့နိုင်၏။

ချင်းယဉ်ကို စိုက်ကြည့်လိုက်ပြီး…

"ကျေးဇူးတင်ပါတယ်ဗျာ"

ဟု တုံးတိတိ ပြောလိုက်လေတော့သတည်း။

➤ ➤ ➤

## သူတော်

"ခွပ်..ခွပ်..ခွပ်..ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့က ရှေ့ဆုံးမှဦးဆောင်ကာ မြင်းကိုနှင်သွားကြလေသည်။

သူတို့၏နောက်တွင် မြင်းလှည်းမောင်းနှင်လိုက်ပါလာ၏။

စုထင်းတို့သည် ကျားယု သေဆုံးသွားခြင်းကြောင့် အလွန်အမင်း စိတ်ဓာတ်ကျဆင်းနေဟန်ရှိလေသည်။

သူတို့သည် မြစ်ချောင်းများကိုလည်းကောင်း၊ ကွင်းပြင်များကိုလည်းကောင်း ဖြတ်ကျော်လာခဲ့ကြပြီဖြစ်လေသည်။

ကျင်းစန်းက နဖူးပေါ်မှ ချွေးများသုတ်လိုက်ပြီး...



"တို့ ဒီမှာ ခဏနားကြရင်ကောင်းမယ်"

ဟုပြောလိုက်၏။

နဂါးလေးက ရယ်မောလိုက်ပြီး..

"တို့ အနားယူမယ်ဆိုတိုင်း ပြဿနာနဲ့ကြုံရတယ်၊ ဒီတစ်ခါနားမယ်ဆိုရင် ချင်းယဉ်က ဘာပြောဦးမလဲ မသိဘူး"

ဟုပြောလေသည်။

ကျင်းစန်းလည်း ရယ်မောလိုက်သည်။

သူတို့ စကားပြောဆိုရင်း မြင်းကို အရှိန်လျှော့ချလိုက်ကြလေသည်။

ထို့ကြောင့် ချင်းယဉ် စီးနင်းလိုက်ပါလာသည့် မြင်းလှည်းမှာ သူတို့နှင့် နီးကပ်လာလေတော့သည်။

နဂါးလေးက...

"ကျင်းစန်း...မင်းပဲပြောပေတော့"

ဟုပြောလိုက်လေသည်။

ကျင်းစန်းက ရပ်နားဖို့အတွက် ပြောရန်ကြံရွယ်လိုက်၏။

သို့သော် ပြောစရာမလိုတော့ပါချေ။

မရပ်နားဘဲ မဖြစ်နိုင်သည့် အကြောင်းကိစ္စတစ်ခုပေါ်ပေါက်လာသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

"ခွပ်..ခွပ်..ခွပ်..ခွပ်"

အရှေ့ဘက်တူရူမှ မြင်းခွာသံများ ထက်ပေါ်လာလေသည်။

အားလုံး လှမ်းကြည့်လိုက်ကြသောအခါ မြင်းတစ်ကောင်

ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အားလုံး စိတ်ဝင်စားသွားကြသည်။

မြင်းစီးသမားကို လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသူ တစ်ယောက်သည် သူတို့ထံဦးတည်ကာ မြင်းဒုန်းစိုင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့အားလုံး တိုင်ပင်ထားသလို ရပ်တန့်သွားကြလေတော့သည်။

မြင်းစီးသမားသည် တခဏအတွင်းပင် သူတို့အနီးသို့ ရောက်လာလေတော့သည်။

အနီးသို့ရောက်လာမှ ထိုလူသည် အသက်လေးဆယ်ခန့်ရှိပြီးနှစ်လိုဖွယ်ကောင်းသော မျက်နှာထားပိုင်ရှင်ဖြစ်ကြောင်း တွေ့ရ၏။

ထိုလူ၏မျက်နှာ ပြုံးရွှင်နေသည်။

လက်နှစ်ဘက် ဝေ့ယမ်းပြရင်း...

"ကျုပ် အရောက်နောက်ကျသွားတာကို ခွင့်လွှတ်ပါဗျာ၊ သခင်လေးက အကြိုတော်လွှတ်လိုက်ပါတယ်"

ဟုကြည်လင်ပြတ်သားသော အသံဖြင့် အော်ပြောလိုက်လေသည်။

ကျင်းစန်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ထိုစဉ်...



"ရှင့်ကို အကြိုတော်လွှတ်လိုက်တယ် ဟုတ်လား"

ချိုလွင်သာယာသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံး လှည့်ကြည့်လိုက်သောအခါ ချင်းယဉ်မှာ မြင်းလှည်းပေါ်မှ ဆင်းလာပြီး ဖြစ်သည်ကို တွေ့ရ၏။

အဖြူရောင်ဝတ်ဆင်ထားသူက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

မြေပေါ် ဒူးထောက်လိုက်ပြီး...

"ကျုပ်နာမည်ဖုံးဝမ်းပါ၊ သခင်လေးက သခင်မလေးတို့ကို ကြိုဆိုဖို့ စေလွှတ်လိုက်ပါတယ်၊ ထူးဆန်းတောင်ကြားအရှေ့ဘက် ငါးမိုင်အကွာကနေ စောင့်ကြိုနေပါတယ်"

ဟု ပြောလိုက်သည်။

ချင်းယဉ်သည် လွန်စွာမှပင် လျှို့ဝှက်သူ ဖြစ်လေသည်။

သူမအား လိုက်လံစောင့်ရှောက်နေသည့်တိုင် သူမ၏ခရီးစဉ်နှင့် ပတ်သက်ပြီး စိုးစဉ်းမျှ ဖွင့်ဟထုတ်ဖော်သူ မဟုတ်ပါ။

ယခု ဖုံးဝမ်း ရောက်လာသည်မှာ သူမ၏ကြိုတင် အစီအစဉ်ဖြစ်သည်ဟု ကျင်းစန်း နားလည်မိသည်။

ထို့ကြောင့် ဘာမှ မပြောဘဲ နေလိုက်လေသည်။

ချင်းယဉ် ပြုံးလိုက်သည်။

"သခင်လေးက အကြိုတော်လွှတ်လိုက်တာကိုး၊ ကောင်းပြီ၊ သူနဲ့ သွားတွေ့ကြတာပေါ့"

"ကျုပ်နောက် လိုက်ခဲ့ပါဗျာ"

ဖုံးဝမ်းက မြင်းပေါ် ပြန်လည်ခုန်တက်လိုက်သည်။

ထို့နောက် ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။

ချင်းယဉ်က…

"သွားကြမယ်"

ဟု ပြောလိုက်ပြီး မြင်းလှည်းပေါ် ခုန်တက်လိုက်လေသည်။

ကျင်းစန်း၊ နဂါးလေးနှင့် ဝီကျောင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက် မြင်းကို ဒုန်းစိုင်းနှင်ကာ ဖုံးဝမ်းနောက်သို့ လိုက်သွားကြ၏။

ချင်းယဉ် စီးနင်းလိုက်ပါလာသည့် မြင်းလှည်းမှာလည်း နောက်မှ လိုက်ပါလာလေတော့သည်။

➤ ➤ ➤



တောအုပ်မှာ အလွန်ကြီးမားနက်ရှိုင်းလှပေသည်။

ဖုံးဝမ်းက သစ်ပင်များကြားမှ ကွေ့ပတ်ကာ မြင်းကို မောင်းနှင်သွား၏။

ကျင်းစန်းတို့က နောက်မှ လိုက်သွားကြလေသည်။

မကြာပါချေ။

တောအုပ်အလယ်သို့ ရောက်ရှိသွားကြ၏။

တောအုပ်အလယ်တွင် မြေကွက်လပ်ကြီးတစ်ခု ရှိနေပြီး စွက်ဖျင်တဲတစ်လုံး ထိုးထားသည်ကို တွေ့ရလေသည်။

စွက်ဖျင်တဲအနီးဝယ် လှံရှည်ကိုင်ဆောင်ထားကြသည့် အဝါရောင်ဝတ်ဆင်ထားသူများ စီတန်းရပ်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

"သခင်မလေး ကြွလာပြီ"

ဟု အော်ပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းတွင် ခရာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အဝါရောင်ဝတ်ဆင်ထားသူများလည်း လှံရှည်ကြီးများကို မြှောက်ကာ…

"သခင်မလေးကို ကြိုဆိုပါတယ်"

ဟု ပြိုင်တူ ဟစ်ကြွေးလိုက်ကြသည်။

ကျင်းစန်းတို့ မြင်းကို ရပ်တန့်လိုက်ကြ၏။

ဖုံးဝမ်း မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက်…

"ရွက်ဖျင်တဲထဲ ကြွကြပါဗျာ"

ဟု ဖိတ်ခေါ်လိုက်လေသည်။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေး၊ စုထင်းတို့ မြင်းပေါ်မှ ဆင်းလိုက်ကြလေသည်။

သူတို့သည် မြင်းလှည်းဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။

မြင်းလှည်းကား ရပ်တန့်လိုက်ပြီ ဖြစ်သည်။

မြင်းလှည်းမောင်းသည့်မိန်းကလေးသည် နေရာတွင် မလှုပ်မယှက် ထိုင်လျက်။

မြင်းလှည်းတံခါး ပွင့်သွားပြီး ချင်းယဉ် ဆင်းလာသည်ကို တွေ့မြင်ရလေသည်။

ချင်းယဉ်က...

"သခင်လေး ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

ဖုံးဝမ်းက...

"ရွက်ဖျင်တဲထဲမှာ စောင့်နေပါတယ် ခင်ဗျာ၊ အထဲကို ကြွပါ"

"ကောင်းပြီ"

ချင်းယဉ်က ရွက်ဖျင်တဲထဲ လှမ်းဝင်လိုက်၏။

အတွင်းဘက်သို့ ရောက်သွားသည်နှင့်...

"အမယ်လေး"

ရုံးရှုစွာ အော်ဟစ်လိုက်သော အသံ ထွက်ပေါ်လာလေ



သည်။ ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့ ထိတ်လန့်သွားကြ၏။

ဖုံးဝမ်းကို လှမ်းကြည့်လိုက်ကြလေသည်။

ဖုံးဝမ်း သဘောကျစွာ ပြုံးလိုက်သည်။

"မြေကျင်းကြီးတစ်ကျင်း တူးပြီး အပေါ်က မြက်ဖျာအုပ်လိုက်တယ်၊ မြက်ဖျာပေါ်မှာ သဲခင်းထားလိုက်တော့ အောက်မှာ မြေကျင်းကြီး ရှိနေတာကို ဘယ်သူမှ မသိနိုင်တော့ဘူးပေါ့ဗျာ"

ဟု ပြောလေသည်။

ကျင်းစန်းက...

"သူက မြေကျင်းထဲ ကျသွားပြီပေါ့"

"ဟုတ်တယ်"

"ခင်ဗျားက သခင်လေးဆိုတဲ့ လူရဲ့တပည့် မဟုတ်ဘူး ထင်တယ်"

သူ၏စကားကြားလျှင် ဖုံးဝမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား၊ ကျုပ်က ဘယ်သူ့ရဲ့တပည့်မှ မဟုတ်ပါဘူးဗျာ၊ သည့်တောအုပ်ထဲမှာဆိုရင် ကျုပ်ဟာ ဆရာကြီးတစ်ယောက်ပါပဲ"

"ခင်ဗျားက ဘာကြောင့် ကျုပ်တို့ကို ဒုက္ခပေးရတာလဲ"

"ရှင်းပါတယ်၊ မြင်းလှည်းကို လိုချင်လို့ပါ"

"မြင်းလှည်း ဟုတ်လား၊ ဘာလုပ်ဖို့လဲ"

"ဟား..ဟား..ဟား..မင်းက ကျုပ်ကို အတုံးအအများ ထင်နေသလား၊ မြင်းလှည်းပေါ်မှာ သိုင်းလောကတစ်ခုလုံး လိုချင်

မက်မောနေတဲ့ မိုးကြိုးဓားပါလာတယ်ဆိုတာ ကျုပ်မသိဘူး ထင်နေသလား"

ကျင်းစန်း ပြုံးလိုက်သည်။

"ခင်ဗျားက မိုးကြိုးဓားအကြောင်း သိနေတာကိုး"

"ဟုတ်တယ်၊ ကဲ အချိန်ကြာတယ်၊ မိုးကြိုးဓားကိုပေးပါ၊ ခင်ဗျားတို့ သခင်မလေးကို ပြန်လွှတ်ပေးလိုက်မယ်"

ကျင်းစန်း ခေါင်းယမ်းလိုက်သည်။

"ခင်ဗျားက ဘယ်သူ့တပည့်မှမဟုတ်သလို ကျုပ်တို့က လည်း ဘယ်သူ့တပည့်မှမဟုတ်ဘူး၊ ဘယ်သူ့စကားမှ နားထောင်စရာမလိုဘူး၊ ကျုပ်တို့လုပ်ချင်ရာ လုပ်နိုင်တယ်"

"ဘာ..ဘာပြောတယ်"

"ချင်းယဉ်ဟာ ခင်ဗျားလက်ထဲရောက်နေပြီဆိုတော့ ခင်ဗျားကြိုက်သလို စီရင်နိုင်တယ်၊ မိုးကြိုးဓားကိုတော့ ရမှာ မဟုတ်ဘူး"

"မင်း..မင်း"

ဖုံးဝမ်း မျက်နှာပျက်သွားလေသည်။

ကျင်းစန်းက...

"မိုးကြိုးဓားကို လိုချင်တယ်ဆိုရင် ကျုပ်တို့ကို ကျော်ဖြတ်နိုင်မှဖြစ်မယ်ဗျ"

ဖုံးဝမ်း အံကြိတ်လိုက်သည်။

"ကောင်းပြီ"

- သူက လက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ အဝါရောင်ဝတ်ဆင်ထားသူများမှာ လှံရှည်များကို



ဝှေ့ယမ်းကာ ရှေ့သို့တိုးလာကြလေသည်။

ကျင်းစန်း ပြုံးလိုက်ပြန်သည်။

"ခင်ဗျားလူတွေကို နောက်ဆုတ်ခိုင်းလိုက်ရင် ကောင်းမယ် သူတို့ ဘာမှတတ်နိုင်ကြမှာ မဟုတ်ပါဘူးဗျာ"

"ကြည့်ကြသေးတာပေါ့"

ဖုံးဝမ်းက ပြောပြီး လက်ဝှေ့ယမ်းပြလိုက်လေသည်။

"ယား"

အဝါရောင်ဝတ်ဆင်ထားသူများသည် ဩသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။

သူတို့သည် ပရမ်းပတာ တိုက်ခိုက်လာခြင်းမျိုး မဟုတ်ပါချေ။

ကျင်းစန်း၊ နဂါးလေး၊ ဇီကျောင်းနှင့်စုထင်းတို့အား စက်ဝိုင်းပုံ အထပ်ထပ် ဝိုင်းရံထားလိုက်ကြလေသည်။

ပထမစက်ဝိုင်း၌ ပါဝင်သူများက လျှပ်တပြက် တိုက်ခိုက်ပြီးသည်နှင့် ဒုတိယစက်ဝိုင်း၌ ပါဝင်သူများက ရှေ့တိုးလာကြသည်။

ပထမစက်ဝိုင်း၌ ပါဝင်သူများ နောက်ဆုတ်လိုက်မှ ထိုလူများက တိုက်ခိုက်လိုက်ကြ၏။

သူတို့သည် ပင်လယ်တွင်းမှ လှိုင်းလုံးကြီးများပမာ တစ်သုတ်ပြီးတစ်သုတ် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် အဝင်အထွက် အရွေ့အပြောင်း စည်းကမ်းစနစ်တကျ ရှိလှပေသည်။

ဥပမာ ပထမဦးစွာ တိုက်ခိုက်လိုက်သူများကို ခုခံလိုက်

သည်နှင့် ဒုတိယအုပ်စု၏ တိုက်ခိုက်မှုက ထပ်မံရောက်ရှိလာ၏။

သူတို့အား ပြန်လည်တိုက်ခိုက်ရန် မဆိုထားနှင့် ခုခံရန်ပင် မလွယ်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကျင်းစန်း ရင်ထိတ်သွား၏။

ဝီကျောင်း၊ နဂါးလေး၊ စုထင်းတို့နှင့်အတူ ကျောချင်း ကပ်ကာ လေးပွင့်ဆိုင်ပြန်လည် ခုခံလိုက်ရလေတော့သည်။

အဝါရောင် ဝတ်ဆင်ထားသူများ၏ သိုင်းအဆင့်မြင့်မားလှသည်တော့ မဟုတ်ပါချေ။

သို့သော် သူတို့၏ တိုက်ခိုက်နည်း ပရိယာယ်ကြွယ်ဝခြင်းကြောင့် ကျင်းစန်းတို့ အခက်ကြုံသွားရလေတော့သည်။

သူတို့သည် လက်နက်များ ဝှေ့ယမ်းကာ ပြင်းထန်လွန်းနေရာ တစ်ဘက်နှင့်တစ်ဘက် မည်သူမျှ အသာမရဘဲ သူတပြန် ကိုယ်တပြန် တိုက်ခိုက်ခြင်းဖြင့် အချိန်များကုန်ဆုံးသွားရလေ၏။

ဖုံးဝမ်း မျက်မှောင်ကြုတ်သွားသည်။

သူ၏တပည့်များကို စနစ်တကျ လေ့ကျင့်ပေးထားခြင်းဖြင့် ရန်သူများကို အနိုင်ယူနိုင်ခဲ့သည်ချည်းပင် ဖြစ်သည်။

ယခုမှ ရှုံးနိမ့်သွားခြင်းမရှိသော်လည်း အနိုင်မရနိုင်သည်ကို တွေ့ရသောအခါ ဒေါပွသွားလေသည်။

"လက်နက်ပုန်းနဲ့ ပစ်ကြ"

ဟုအော်ဟစ် အမိန့်ပေးလိုက်လေသည်။

အဝါရောင်ဝတ်ဆင်ထားသူများသည် လှံရှည်များနှင့် တိုက်ခိုက်နေရာမှ လက်နက်ပုန်းများထုတ်ယူကာ ပစ်ခတ်တိုက်ခိုက်ကြ



လေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

လက်နက်ပုန်းများသည် မိုးသီးမိုးပေါက်များပမာ ကျင်းစန်းထံသို့ တရစပ် ပစ်လွှင့်သွားလေသည်။

ကျင်းစန်း ရင်ထိတ်သွားသည်။

"သတိထား"

အော်ပြောရင်း ကြေးစုတ်တံကို ရှည်ထွက်လာအောင် ဆန့်ထွက်၍ဝှေ့ယမ်းလိုက်သည်။

ဝီကျောင်း၊ နဂါးလေးနှင့် စုထင်းတို့ကလည်း လက်နက်ကိုယ်စီ ဝှေ့ယမ်းကာကွယ်လိုက်ကြ၏။

ထိုအချိန်တွင် အဝါရောင်ဝတ်ဆင်ထားသူများက လှံရှည်များဖြင့် တိုက်ခိုက်လာပြန်သည်။

ဘက်ပေါင်းစုံမှ ဝိုင်းရံတိုက်ခိုက်ခြင်းခံလိုက်ရသည်ဖြစ်ရာ ကျင်းစန်းတို့လူစု အခက်ကြုံသွားလေသည်။

ဤအတိုင်း ဆက်လက်ခုခံနေပါလျှင် သူတို့သာလျှင် ဒုက္ခရောက်ရမည်ဖြစ်ကြောင်း နားလည်လာကြလေသည်။

ထို့ကြောင့် ကျင်းစန်းက...

"တိုက်ခိုက်ပြီး ဖောက်ထွက်ကြမယ်"

ဟုပြောလိုက်လေ၏။

သူက ဦးအောင် ကြေးစုတ်တံကို ဝှေ့ယမ်းကာ ထိုးဖောက်တိုက်ခိုက်လိုက်သည်။

ကျန်လူများလည်း တရကြမ်း ထိုးဖောက်လိုက်ကြလေ

သည်။ သူတို့သည် ကျောက်တုံးကျောက်ခဲများကို ဦးခေါင်းဖြင့် ဝင်ဆောင့်သည့်အလား ရူးသွပ်မိုက်မဲစွာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်ပေသည်။

ကျင်းစန်း၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာတစ်ချက်ရသွားသလို ဇီကျောင်း၏ ကိုယ်ပေါ်၌လည်း ဒဏ်ရာသုံးလေးချက်ရသွားလေသည်။

စုထင်းက ထိုးဖောက်ရင်း လက်နက်ပုန်းတစ်ခု ခြေထောက်၌စိုက်ဝင်သွားသည်ဖြစ်ရကား...

"အား"

အော်ဟစ်ရင်း မြေပေါ်လဲကျသွားသည်။

ဤတွင် အဝါရောင်ဝတ်ဆင်ထားသူများသည် လှံရှည်ကိုယ်စီဖြင့် သူ့အား ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

စုထင်းက ပြန်လည် တိုက်ခိုက်လိုက်ပါသော်လည်း မည်သို့မျှ မလွတ်မြောက်နိုင်ခဲ့ချေ။

စူးရှသော အသံနက်ကြီး ထွက်ပေါ်လာလေသည်။

ကျင်းစန်း၊ ဇီကျောင်းနှင့် နဂါးလေးတို့ ထိတ်လန့်သွားကြလေသည်။

လှမ်းကြည့်လိုက်သောအခါ စုထင်းမှာမြေပေါ်တွင် လဲကျသေဆုံးနေပြီဖြစ်သည်ကို တွေ့မြင်လိုက်ရလေသည်။

"တောက်"

ကျင်းစန်း ဒေါသတကြီး တက်ခေါက်လိုက်သည်။

ဇီကျောင်းသည် နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ထားလိုက်



သည်။ နဂါးလေးကား ကျင်းစန်းတို့ကဲ့သို့ ဒေါသမဖြစ်အားသေးပါချေ။

အရိုးတစ်ခြမ်း အသားတစ်ခြမ်း လူဆိုးများနှင့် တိုက်ခိုက်ခဲ့ရခြင်းကြောင့် အဆိပ်မိခဲ့ရာ သူ၏သိုင်းအား လျော့ကျခဲ့သည်။

ထို့ကြောင့် ကျင်းစန်းတို့ကဲ့သို့ ရန်သူ၏ဝိုင်းရံထားမှုမှ ထိုးဖောက်ထွက်သွားနိုင်ခြင်း မရှိခဲ့ချေ။

အဝါရောင်ဝတ်ဆင်ထားသူများသည် စုထင်းအား သုတ်သင်ရှင်းလင်းပြီးသည်နှင့် နဂါးလေးဘက်သို့ပင် လှည့်လာကြလေသည်။

ကျင်းစန်း ရင်ထိတ်သွားသည်။

"နဂါးလေး မြန်မြန်ဆုတ်လိုက်"

ဟု အော်ပြောလိုက်လေသည်။

နဂါးလေးက...

"ဆုတ်လို့ မရဘူးဗျ"

ဟု မကျေမနပ်ဖြင့် ပြန်အော်လိုက်လေသည်။

ကျင်းစန်း အံကြိတ်လိုက်လေသည်။

"ကောင်းပြီ၊ ငါလာခဲ့မယ်"

စကားဆုံးလျှင် ကြေးစုတ်တံကို ဝှေ့ယမ်းကာ အဝါရောင်ဝတ်ဆင်ထားသူများကို တိုက်ခိုက်လိုက်လေတော့သည်။

ယခုတစ်ကြိမ် သူက အဝါရောင်ဝတ်ဆင်ထားသူများ၏ နောက်ဆုံးမှ လူစုကို တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

တိုက်ခိုက်ရင်း...

"ဗိကျောင်း၊ မင်းက အလယ်အူကြောင်းကို ထိုးဖောက်" ဟု အော်ပြောလိုက်လေသည်။

ဗိကျောင်းက...

"ကောင်းပြီ"

ရဲဟင်းကို ဝှေ့ယမ်းကာ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။ သူတို့နှစ်ယောက်သည် အဝါရောင်ဝတ်ဆင်ထားသူများ၏ တိုက်ခိုက်နည်းဗျူဟာကို ဖျက်ဆီးတိုက်ခိုက်လိုက်ခြင်း ဖြစ်ပေတော့သည်။

သူတို့နှစ်ယောက် တရကြမ်း တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။

အဝါရောင်ဝတ်ဆင်ထားသူများမှာ တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျသွားလေသည်။

သူတို့သည် တခဏအတွင်း ဖရိုဖရဲ ဖြစ်သွားကြပြီး နဂါးလေးအား ဝိုင်းရံတိုက်ခိုက်နိုင်ခြင်း မရှိကြတော့ချေ။

နဂါးလေးသည် အားကုန်တိုက်ခိုက်ရင်း ထိုးဖောက်ထွက်လာသည်။

သူတို့သုံးယောက် တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြသဖြင့် အဝါရောင်ဝတ်ဆင်ထားသူများ ဖရိုဖရဲ ဖြစ်ကုန်သည်။



ကျဆုံးကုန်သည်။

နဂါးလေးကိုလည်း ဆက်လက်ဝိုင်းရံထားနိုင်ခြင်း မရှိတော့ချေ။

နဂါးလေး၏လက်ချက်ဖြင့် အဝါရောင်ဝတ်ဆင်ထားသူလေးငါးယောက်ခန့် လဲကျသွားလေသည်။

ထိုနည်းတူ အဝါရောင်ဝတ်ဆင်ထားသူများ၏ တိုက်ခိုက်မှုကြောင့် နဂါးလေး၏တစ်ကိုယ်လုံး ဒဏ်ရာဗလပွရကာ သွေးချင်းချင်း နီရဲနေပေတော့သည်။

အဝါရောင်ဝတ်ဆင်ထားသူများသည် ဩသံပေးကာ ပရမ်းပတာဖြင့် ဝင်ရောက်တိုက်ခိုက်လေသည်။

ကျင်းစန်း၊ ဗိကျောင်းနှင့် နဂါးလေးတို့ကလည်း ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

အဝါရောင်ဝတ်ဆင်ထားသူများသည် ကျင်းစန်းတို့၏ တိုက်ခိုက်မှုကြောင့် တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်ကြသည်။

ဖုံးပမ်း မျက်နှာပျက်သွားလေသည်။

"နောက်ဆုတ်တိုက်ကြစမ်း"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အဝါရောင်ဝတ်ဆင်ထားသူများသည် ချက်ချင်းပင် နောက်

ဆုတ်သွားကြလေသည်။

ဖုံးဝမ်းက...

"မင်းတို့ ရှေ့ဆက်တိုက်ခိုက်နေမယ်ဆိုရင် မြေတွင်းထဲက မိန်းကလေးကို အသက်ရှင်လျက် တွေ့ရတော့မယ် မထင်နဲ့"

ဟု အော်ပြောလိုက်လေသည်။

ကျင်းစန်းတို့ နောက်ဆုတ်လိုက်ကြ၏။

မြေတွင်းထဲသို့ ကျသွားသည့် ချင်းယဉ်အတွက် သူတို့ စိုးရိမ်မိကြသည်ကား အမှန်ပင်။

ကောက်ကျစ်စဉ်းလဲသည့် ရန်သူများနှင့် ဆက်တိုက်တွေ့ဆုံခဲ့ကြရာ သူတို့ဘက်မှ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးကုန်ပြီ ဖြစ်လေသည်။

စုထင်း သေဆုံးသွားပြီ ဖြစ်သလို နဂါးလေးလည်း ဒဏ်ရာပြင်းစွာ ရရှိထားလေသည်။

ဖုံးဝမ်းနှင့် စာရင်းရှင်းပြီးလျှင် ချင်းယဉ်နှင့် ပြတ်ပြတ်သားသား စာရင်းရှင်းရပေလိမ့်မည်။

ထို့ကြောင့် ချင်းယဉ် အသက်ရှင်သန်နေဖို့ အရေးကြီးသည်ဟု ကျင်းစန်း တွေးမိလိုက်လေသည်။

ဖုံးဝမ်းကို ကြည့်ကာ...

"ခင်ဗျားက မြင်းလှည်းကို လိုချင်တယ်ဆိုရင် သွားပါ၊ ချင်းယဉ်ကိုတော့ ပြန်လွှတ်ပေးရလိမ့်မယ်နော်"

ဟု ပြောလိုက်၏။

ဖုံးဝမ်း သဘောကျသွားသည်။



"ကောင်းပြီ၊ မိုးကြိုးဓား ကျုပ်လက်ထဲ ရောက်ပြီဆိုရင် သူ့ကို ပြန်လွှတ်ပေးမယ်"

စကားဆုံးလျှင် မြင်းလှည်းရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

အဝါရောင်ဝတ်ဆင်ထားသူများသည် ရွက်ဖျင်တဲအား ဝိုင်းရံထားကြပါ၏။

သူတို့၏လက်ထဲဝယ် လေးနှင့်မြား အသင့်ကိုင်ဆောင်ထားကြလေသည်။

ချင်းယဉ်အား ကယ်တင်ရန် ကြိုးစားမည်ဆိုပါက သူတို့သည် လေးမြား အသုံးပြုကာ ချင်းယဉ်အား သုတ်သင်ရှင်းလင်းပစ်လိုက်ကြမည် ဖြစ်လေသည်။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့ကလည်း ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားကြလေသည်။

ဖုံးဝမ်းသည် မြင်းလှည်းအနီးသို့ မည်သည့်နည်းနှင့်မျှ ချဉ်းကပ်သွားနိုင်မည် မဟုတ်ကြောင်း နားလည်ထားကြ၏။

ထို့ကြောင့် ဖုံးဝမ်းအား အရေးမစိုက်တော့ဘဲ နဂါးလေးကို ဖေးမလိုက်ကြလေသည်။

နဂါးလေးမှာ ဒဏ်ရာများ ရရှိထားသော်လည်း မားမားမတ်မတ် ရပ်နေဆဲ။

ကျင်းစန်းက...

"မင်းအခြေအနေ ဘယ်လိုလဲ"

ဟု မေးလိုက်လေသည်။

နဂါးလေးက...

"ကိစ္စမရှိပါဘူးကွာ၊ သည်လောက် ဒဏ်ရာလေးနဲ့ ငါ ဘာမှဖြစ်မသွားနိုင်ပါဘူး"

မချိုပြုံးပြုံးပြကာ ပြောလေသည်။

ဘာမှမဖြစ်နိုင်ဟု ပြောသော်လည်း နဂါးလေး ရထားသောဒဏ်ရာ မသေးမှန်း ကျင်းစန်း သိထားလေသည်။

ထိုစဉ်...

"အား"

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာ၏။

ကျင်းစန်းတို့ လှမ်းကြည့်လိုက်သောအခါ ဖုံးဝမ်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

သူ၏ရင်ဝ၌ သွေးချင်းချင်း နီရဲနေသည်။

သူ၏မျက်လုံးအစုံ ပြူးကျယ်နေပြီး မြင်းလှည်းမောင်းသည့်မိန်းကလေးကို ထိတ်လန့်စွာ ကြည့်နေလေသည်။

မြင်းလှည်းမောင်းသည့်မိန်းကလေးမှာ သူမ၏နေရာ၌ မလှုပ်မယှက် ထိုင်နေသည်။

သူ၏လက်ထဲ၌ ဓားတစ်လက် ကိုင်ထားသည်ကိုသာ မတွေ့ရလျှင် ဖုံးဝမ်းအား သူမ တိုက်ခိုက်လိုက်သည်ဟု မည်သူမျှ ထင်မှတ်မိကြမည် မဟုတ်ချေ။

ဖုံးဝမ်းမှာ ထိတ်လန့်တုန်လှုပ်မှုနှင့်အတူ အကြီးအကျယ် ဒေါသထွက်နေတော့သည်။

"မြားနဲ့ပစ်"



ဟု တအားကြုံးအော်လိုက်သည်။

ထိုအခါ အဝါရောင်ဝတ်ဆင်ထားသူများသည် ရွက်ဖျင်တဲအတွင်းသို့ မြားများဖြင့် တရစပ် ပစ်ခတ်လိုက်တော့သည်။

ကျင်းစန်းနှင့် ဝီကျောင်းတို့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူတို့ လုံးဝမမျှော်လင့်သော ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရခြင်း ဖြစ်ပေတော့သည်။

မြားတံများ တဝီဝီမြည်ကာ ပစ်လွှင့်သွားသည်။

မရှေးမနှောင်းမှာပင်...

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

"ချင်းယဉ်"

ကျင်းစန်း လွှတ်ခနဲ အော်လိုက်မိ၏။

မြေကျင်းထဲမှ ချင်းယဉ်ကား မြားတံများကို မည်သို့မျှ ရှောင်လွှတ်နိုင်တော့မည် မဟုတ်ပါချေ။

ကျင်းစန်း ဒေါသထွက်သွားသည်။

ကြေးစုတ်တံကို ဝှေ့ယမ်းကာ အဝါရောင်ဝတ်ဆင်ထားသူများထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

ဝီကျောင်းကလည်း ပြေးဝင်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်၏တိုက်ခိုက်မှုကြောင့် အဝါရောင်ဝတ်ဆင်ထားသူများ ဆက်၍ တိုက်ခိုက်နိုင်ခြင်း မရှိတော့ပါချေ။

"ဝုန်း"

"အား"

"အမယ်လေး"

ရူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အဝါရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျကုန်လေ၏။

ဖုံးဝမ်းက…

"ယား"

ဝမ်းခေါင်းသံကြီးဖြင့် အော်ငေါက်ရင်း ကျင်းစန်းတို့ထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။

ကျင်းစန်းက ကြေးစုတ်တံကို ဝှေ့ယမ်းလိုက်လျှင်…

"ဝုန်း"

"အား"

ရူးရှစွာ အော်ဟစ်ကာ မြေပေါ် လဲကျသွား၏။

ယခုတစ်ကြိမ် မြေပေါ်မှ ပြန်ထမလာနိုင်တော့ဘဲ တစ်ချက်နှစ်ချက် လူးလွန့်ပြီးနောက် ငြိမ်ကျသွား၏။

ဖုံးဝမ်း သေဆုံးချေပြီ။

ထိုနည်းတူ ချင်းယဉ်သည်လည်း…

➤ ➤ ➤

## လမ်းခွဲ

ချင်းယဉ် သေဆုံးသွားပြီ ဖြစ်လေသည်။

သူမ၏ခန္ဓာကိုယ်ဝယ် မြှားတစ်ဆယ့်လေးငါးချောင်း စိုက်ဝင်နေလေသည်။

မည်မျှပင် အစွမ်းထက်သည့် သမားတော် ရောက်လာစေကာမူ သူမအား အသက်ပြန်လည် ရှင်သန်လာအောင် ကုသပေးနိုင်တော့မည် မဟုတ်ပါချေ။

ကျင်းစန်း ခေါင်းငိုက်စိုက်ကျသွား၏။

ချင်းယဉ် သေဆုံးသွားပြီးနောက် ရှေ့မည်သို့ ဆက်လုပ်ရမည်ကို မတွေးတတ်အောင် ဖြစ်နေ၏။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့ ငိုင်နေကြစဉ် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

“ဖုံးဝမ်းဆိုတာ မင်းသားလေးအို့ရန်စန်းရဲ့တပည့်ပဲ၊ သူ့ရဲ့ အကျင့်စရိုက်ကို မကြိုက်လို့ မင်းသားလေးအို့ရန်စန်းက မောင်းထုတ်လိုက်တာ အတော်ကြာပြီ၊ အခု သူက ကျွန်မတို့ကို ဒုက္ခမပေးနိုင်တော့ပါဘူး၊ ရှေ့လဲ ဒုက္ခပေးနိုင်တဲ့လူ မရှိတော့ဘူး၊ ဒါကြောင့် ရှင်တို့ သွားနိုင်ပါပြီ”

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့ လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ မြင်းလှည်းတံခါး ပွင့်သွားပြီး မိန်းကလေးတစ်ယောက် ဆင်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ချောမောလှပသူကလေး ဖြစ်ပေသည်။

ကျင်းစန်း မျက်လုံးပြူးသွား၏။

ထိုမိန်းကလေးသည် မြင်းလှည်းအတွင်း၌ တစ်ချိန်လုံး လိုက်ပါလာခဲ့သည် မဟုတ်ပါလား။

ထိုမိန်းကလေးမှာ မည်သူ ဖြစ်ပါသနည်း။

ကျင်းစန်း တွေးတောနေစဉ် ထိုမိန်းကလေးက...

“အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မသွားရမယ့် ခရီးမှာ အန္တရာယ်များလွန်းလို့ ချင်းယဉ်ကို သခင်မလေးအဖြစ် ဟန်ဆောင်ခိုင်းခဲ့ရတာပါ။ တကယ်တော့ သခင်မလေးအစစ်ဟာ ကျွန်မပါ”



“ဗျာ”

ကျင်းစန်း မျက်စိလည်သွား၏။

သူတို့ လှည့်စားမှု ခံလိုက်ရပြီ ဖြစ်သည်ကိုလည်း တဖြည်းဖြည်း နားလည်သဘောပေါက်လာလေသည်။

မိန်းကလေးက...

“ရှေ့ခရီးကို ကျွန်မတို့ဘာသာ ဆက်သွားနိုင်ပါပြီ၊ ဒါကြောင့် ရှင်တို့ သွားနိုင်ကြပါပြီရှင်”

ဟု ထပ်ပြောလိုက်လေသည်။

ကျင်းစန်းက တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်၏။

သို့သော် ဘာမှ မပြောတော့ဘဲ...

“ကောင်းပြီ၊ ကျုပ်က ကူညီမယ်လို့ ကတိပေးခဲ့တာကြောင့် အခုလို ကူညီနေတာပဲ၊ ဆက်ပြီး အကူအညီ မလိုတော့ဘူးဆိုရင်တော့ ထွက်သွားဖို့ပဲ ရှိတော့တာပေါ့ဗျာ၊ ကဲ ကျုပ်တို့ သွားကြမယ်”

သူက ဝီကျောင်းနှင့် နဂါးလေးတို့ဘက် လှည့်ကာ...

“သွားကြစို့”

ဟု အော်ပြောလိုက်၏။

ထို့နောက် မြင်းပေါ် ခုန်တက်လိုက် လေသည်။

ဝီကျောင်းက နဂါးလေးကို ဖေးမကာ မြင်းပေါ် တင်ပေးလိုက်၏။

ဖုံးဝမ်း သေဆုံးသွားသည်နှင့် အဝါရောင်ဝတ်ဆင်ထားသူများသည် ဆက်၍ ဒုက္ခမပေးတော့ဘဲ ထွက်သွားကြပြီ ဖြစ်သည်။

ကျင်းစန်းတို့အား တားဆီးမည့်သူ မရှိတော့ပါချေ။

နဂါးလေးအား မြင်းပေါ်တင်ပေးပြီးလျှင် ဝီကျောင်းက မြင်းပေါ် ခုန်တက်လိုက်သည်။

သူတို့သုံးယောက်သည် မြင်းလှည်းထဲမှ ဆင်းလာသည့် အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေးကို နှုတ်ဆက်ခြင်းပင် မပြုတော့ဘဲ မြင်းကို ဒုန်းစိုင်းနှင်ကာ မောင်းထွက်လာခဲ့ကြလေတော့သည်။

➤ ➤ ➤



## စိတ်ဝမ်းကွဲခြင်း

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ဖြစ်သည်။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့သုံးယောက်က ခြေပစ်လက်ပစ် ထိုင်ကာ အနားယူနေကြလေသည်။

ချင်းယဉ် သေဆုံးသွားပြီးနောက် မြင်းလှည်းအိမ်ထဲ၌ လိုက်ပါလာသော မိန်းကလေးက အပြင်ဘက် ထွက်လာခဲ့ပြီ ဖြစ်လေသည်။

ထိုမိန်းကလေးက သခင်မလေး ဖြစ်နေသည်။

သူမ ရှေ့ဆက်သွားရမည့် လမ်းခရီး၌ ကျင်းစန်းတို့ မလိုအပ်တော့ဟု ပြောခဲ့ခြင်းကြောင့် ကျင်းစန်းတို့ ထွက်လာခဲ့ကြခြင်းဖြစ်လေသည်။

ဝီကျောင်းနှင့် နဂါးလေးတို့ မကျေမနပ် ဖြစ်နေကြသည်။

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် မကြည့်ဘဲ မျက်နှာလွှဲကာ ထိုင်နေကြသည်။

သို့သော်...

အတော်ကလေး ကြာသောအခါ ဝီကျောင်းနှင့် နဂါးလေးတို့ အလိုလို မျက်နှာချင်းဆိုင်မိလိုက်ကြလေသည်။

ဝီကျောင်းက...

"မင်း ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်သည်။

နဂါးလေးက...

"ငါတို့ အသုံးချခံရတာကွ"

ဝီကျောင်း ထောက်ခံလိုက်သည်။

"ဟုတ်တယ်"

နဂါးလေးက...

"ငါ မကျေနပ်ဘူး"

"သည်တော့ မင်း ဘာလုပ်ချင်သလဲ"

"ငါ.."

နဂါးလေးက ကျင်းစန်းကို ကြည့်လိုက်သည်။

ဝီကျောင်းကလည်း ကြည့်လိုက်လေသည်။

ကျင်းစန်းကလည်း သူတို့အား ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ဝီကျောင်းက...



"ငါတို့နှစ်ယောက် မကျေနပ်ဘူးကွ"

ဟု ပြောလိုက်သည်။

နဂါးလေး ခေါင်းညိတ်လိုက်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ငါလည်း မကျေနပ်ဘူး"

ထိုစကားကြောင့် နဂါးလေးနှင့် ဝီကျောင်းတို့ ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြလေသည်။

ဝီကျောင်း မျက်လုံးပြူးလိုက်သည်။

"မင်းလည်း မကျေနပ်ဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဒါက မင်းကပဲ စခဲ့တာလေ"

"ဒါကြောင့် ငါက ပိုပြီး မကျေမနပ် ဖြစ်နေတာပေါ့၊ ငါ့အတွက်ထက် မင်းတို့နှစ်ယောက်အတွက် ပိုပြီး မကျေမနပ် ဖြစ်ရတာ"

ဝီကျောင်းနှင့် နဂါးလေးတို့ အချင်းချင်း ကြည့်လိုက်ကြပြန်လေသည်။

ကျင်းစန်းက...

"တကယ်တော့ စုထင်းကော၊ ချင်းယဉ်ပါ၊ သူတို့အကြောင်းနဲ့ သူတို့ ရှိကြတယ်၊ ငါတို့ကို အသုံးချသလို ဖြစ်သွားတယ်"

နဂါးလေးက...

"သူတို့လည်းမရှိကော မြင်းလှည်းထဲက မိန်းကလေးက ငါတို့ကို မောင်းထုတ်လိုက်တော့ပဲ မဟုတ်လား၊ ဒါကြောင့် မြင်း

လှည်းထဲမှာ အဖိုးတန်ပစ္စည်းတွေထက် လူတစ်ယောက် လိုက်ပါလာတာ ဖြစ်နိုင်တယ်လို့ ငါပြောခဲ့တာ"

သူပြောသည့် စကားက မှန်ကန်နေပါတော့သည်။

ကျင်းစန်း သက်ပြင်းချလိုက်ပြန်သည်။

"ငါတို့က ဇွတ်အတင်း ရှေ့ဆက်လိုက်သွားမယ်ဆိုယင်လည်း သူတို့က လက်ခံမှာ မဟုတ်ဘူး၊ မောင်းထုတ်မှာ၊ ဒါမှမဟုတ်ယင်လည်း ငါတို့ကို မျက်စိလည် လမ်းမှားအောင် လုပ်ပြီး ပထုတ်လိုက်မှာ သေချာတယ်"

နဂါးလေးနှင့် ဝီကျောင်းတို့က ကျင်းစန်း၏စကားကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ကျင်းစန်း ဆက်ပြောသည်။

"မြင်းလှည်းထဲက မိန်းကလေးဟာ တကယ့် သခင်မလေးပါပဲ၊ သူက ချင်းယဉ်ကို ဟန်ပြထားပြီး နောက်ကွယ်က ကြိုးကိုင်ခဲ့တာပဲ၊ ချင်းယဉ်လည်း မရှိတော့ဘူး၊ စုထင်းတို့လည်း မရှိတော့ဘူးဆိုတော့"

ဝီကျောင်းက...

"သူတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် နယ်ခြားကို သွားချင်ရတာလဲ၊ သူတို့မှာ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိရမှာ သေချာတယ်"

"လျှို့ဝှက်ချက်"

ကျင်းစန်း တီးတိုးရေရွတ်လိုက်လေသည်။

ဝီကျောင်းက...



"ဟုတ်တယ်၊ သူတို့မှာ ဘယ်လိုလျှို့ဝှက်ချက် ရှိတယ်ဆိုတာ ငါသိချင်တယ်"

ကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ဒါ ငါတို့နဲ့ မဆိုင်ဘူး၊ ငါတို့ဟာ သိုင်းလောက အတွေ့အကြုံ ရှာဖွေနေတဲ့လူတွေ၊ မကောင်းသူပယ် ကောင်းသူကယ် အများအကျိုး ဆောင်ရွက်မယ့်လူတွေ မဟုတ်လား၊ အခု သူတို့ကို ကူညီပြီးပြီ၊ သူတို့ဟာ ဘယ်လိုလူစားတွေပဲ ဖြစ်ဖြစ် ဘယ်လို လျှို့ဝှက်ချက်ပဲရှိရှိ လမ်းမှာ ဒုက္ခရောက်ခဲ့ကြတာ အမှန်ပဲ၊ ကျုပ်တို့ကလည်း ကူညီနိုင်ခဲ့ကြတာပဲ၊ ဒါဆို ကျုပ်တို့ တာဝန်ကျေပြီပေါ့၊ တခြား ဘာမှ ပြောစရာ မလိုတော့ဘူး"

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်လေသည်။

ဝီကျောင်းက...

"မင်း ဘယ်ကို သွားမလို့လဲ"

ဟု မေးလိုက်သည်။

ကျင်းစန်းက...

"ငါတို့က ချင်းယဉ်တို့လူစုကို ကူညီခဲ့ပြီးပြီ၊ အခု ငါတို့ အကူအညီ မလိုတော့ဘူး၊ ဒါကြောင့် ငါ့ရဲ့ အကူအညီ လိုအပ်နေတဲ့ လူတစ်ယောက်ယောက်ကို လိုက်ရှာပြီး ကူညီရမှာပေါ့၊ ဒါကြောင့် ငါ သွားတော့မယ်"

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားတော့သည်။

ဝီကျောင်းက...

"ငါတို့ လိုက်ခဲ့ကြမယ်ဆိုယင်ကော"

နဂါးလေးက…

"ငါတို့ကို မခေါ်တော့ဘူး ဟုတ်လား"

ကျင်းစန်း ခြေလှမ်းရပ်လိုက်လေသည်။

ဇီကျောင်းတို့အား လှည့်ကြည့်လိုက်သည်။

ဇီကျောင်းက…

"ငါတို့ကို မခေါ်တော့ဘူးလား"

ဟု မေးလိုက်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

ဇီကျောင်းနှင့် နဂါးလေးတို့မှာ သူငယ်ချင်းကောင်းများ ဖြစ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထားပြီး ဖြစ်လေသည်။

သို့သော် သူက ခေါင်းခါယမ်းလိုက်လေသည်။

"ချင်းယဉ်ကို ကူညီခဲ့တဲ့ကိစ္စမှာ ငါ့ကြောင့် မင်းတို့ စိတ်ဆင်းရဲခဲ့ကြပြီးပါပြီ၊ အခက်အခဲ ဒုက္ခတွေနဲ့လဲ ရင်ဆိုင်ခဲ့ရတယ်၊ ဒါ့အပြင် လှည့်စားခံရတယ်လို့ ခံပြင်းခဲ့ကြရတယ်၊ သည်လို အဖြစ်မျိုး နောက်ထပ် မဖြစ်ပွားရလေအောင် ငါတို့ လမ်းခွဲလိုက်ကြတာ အကောင်းဆုံးပါပဲ"

ဤတွင်…

"ဟား..ဟား..ဟား"

ဇီကျောင်းနှင့် နဂါးလေးတို့ ရယ်မောလိုက်ကြလေသည်။

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်းတို့ ဘာရယ်တာလဲ"

"သဘောကျလို့ပေါ့"



"ဘာကွ"

ကျင်းစန်းက မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"သဘောကျတယ် ဟုတ်လား၊ ဘာကို သဘောကျတာလဲ ပြောစမ်းပါဦး"

"မင်းကိုယ်တိုင်က ငါတို့ကို လှည့်စားဖို့ ကြံစည်နေတာကို သဘောကျလို့ပေါ့ကွာ"

"ဟုတ်တယ်၊ မင်းမှာလဲ လျှို့ဝှက်ချက်တွေ ရှိနေတယ်ဆိုတာ ငါတို့ ရိပ်မိထားပါပြီကွာ"

ကျင်းစန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ခွန်အားများ ဆုတ်ယုတ်ကာ တစ်ကိုယ်လုံး နုံးချည့်သွားသည်ဟု ခံစားလိုက်ရလေသည်။

ဇီကျောင်းက…

"ငါတို့ဟာ သူငယ်ချင်းတွေ မဟုတ်လား"

နဂါးလေးက…

"သိပ်ဟုတ်တာပေါ့၊ သိုင်းလောက စကားနဲ့ ပြောရယင် သိုင်းလောက မိတ်ဆွေတွေပေါ့ကွာ၊ ဟဲ..ဟဲ"

နှစ်ယောက်သား ရယ်မောလိုက်ကြပြန်လေသည်။

ကျင်းစန်း မျက်နှာပျက်သွားလေသည်။

"မင်းတို့ ငါ့ကို သဘောမကျယင် ကြိုက်သလို လုပ်နိုင်ပါတယ်ကွာ၊ သည်လိုတော့ မပြောကြပါနဲ့"

ဇီကျောင်းက…

"ငါတို့ဟာ သူငယ်ချင်းတွေပဲ၊ ကောင်းလည်းအတူတူ ဆိုး

လည်းအတူတူပေါ့”

နဂါးလေးက...

“မင်းကို ဘာမှ လုပ်ဖို့ ငါတို့ စိတ်မကူးပါဘူး၊ မင်းက ငါတို့ကို ပွင့်ပွင့်လင်းလင်း မဆက်ဆံဘဲ လျှို့ဝှက်ထားတယ်လို့ ယူဆတာကြောင့် ခုလို ပြောမိကြတာပါကွာ၊ မင်း မကြိုက်ဘူးဆိုယင်လည်း ငါတို့ မပြောတော့ပါဘူးကွာ”

ကျင်းစန်းက...

“ငါသွားတော့မယ်”

ဇီကျောင်းနှင့် နဂါးလေးတို့ ခေါင်းညိတ်လိုက်ကြလေသည်။

“ကောင်းပြီလေ၊ တစ်နေ့ ပြန်တွေ့ကြသေးတာပေါ့”

ကျင်းစန်းက လှည့်ထွက်သွားပြီး သူ၏မြင်းပေါ် ခုန်တက်လိုက်လေသည်။

ထိုစဉ် ဇီကျောင်းက လှမ်းပြောလိုက်သည်။

“ချင်းယဉ်က သေသွားပြီ၊ မြင်းလှည်းပေါ်က ဆင်းလာတဲ့ သခင်မလေးဆိုတာက ချင်းယဉ်ထက် ပိုပြီး လျှို့ဝှက်မယ်၊ ကောက်ကျစ်မယ်ဆိုတာ မယုံမရှိနဲ့ မင်းသပါဒိထားမှ ဖြစ်မယ်”

ကျင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်လေသည်။

သူက မုတ်ဆိတ်ဖြူကြီး ပေးအပ်လိုက်သော လျှို့ဝှက်တာဝန် ထမ်းဆောင်ရလိမ့်မည် ဖြစ်သည်။

ထို့ကြောင့်...

မြင်းလှည်းပေါ်မှ ဆင်းလာသည့် သခင်မလေးဆိုသူနောက်သို့ လိုက်သွားရမည်သာ ဖြစ်လေသည်။



နဂါးလေးနှင့် ဇီကျောင်းတို့အား ခေါ်မသွားလိုတော့ပါ။

အန္တရာယ်များလွန်း၍ ဖြစ်လေသည်။

သို့သော်...

နဂါးလေးနှင့် ဇီကျောင်းတို့က သူ၏ခြေလှမ်းကို သိလိုနေကြပေတော့သည်။

ကျင်းစန်း မြင်းပေါ်မတက်ဖြစ်တော့ဘဲ လှည့်ကြည့်လိုက်လေသည်။

ဇီကျောင်းက...

“သခင်မလေးကို ချင်းယဉ်ထက် ပိုပြီးသတိထားမှ ဖြစ်မယ်ကွ”

နဂါးလေးက...

“သူက မြင်းလှည်းထဲမှာ လိပ်လို ခေါင်းဝှက်ပြီး တစ်ချိန်လုံး လိုက်လာကတည်းက ဘယ်လောက် လျှို့ဝှက်သိပ်သည်းမလဲဆိုတာ စဉ်းစားကြည့်ပေါ့ကွာ၊ သည်လို လူစားမျိုးဟာ အင်မတန် ကြောက်စရာကောင်းတတ်တယ်ကွ”

ကျင်းစန်း ခေါင်းညိတ်လိုက်လေသည်။

“မင်းတို့က ငါ့အတွက် စေတနာနဲ့ သတိပေးနေကြတယ်ဆိုတာ ငါနားလည်ပါတယ်ကွာ၊ မင်းတို့နဲ့ ဘာကြောင့် လမ်းခွဲချင်ရသလဲဆိုတာလဲ ငါ့အပေါ် နားလည်ကြစေချင်တယ်”

ဇီကျောင်းက...

“မင်းနဲ့ လိုက်ယင် အန္တရာယ်များလိမ့်မယ်ဆိုပြီး ငါတို့ကို မလိုက်စေချင်တဲ့သဘော မဟုတ်လား”

နဂါးလေးက...

"သိပ်ဟုတ်တာပေါ့၊ ငါတို့ ဒုက္ခရောက်မှာကို စိုးရိမ်တဲ့ သူငယ်ချင်းကောင်းတစ်ယောက်ပေါ့ကွာ"

ယခုတစ်ကြိမ်...

သူတို့နှစ်ယောက်က နှလုံးသားထဲမှ စကားပြောနေကြခြင်း ဖြစ်ကြောင်း ကျင်းစန်း နားလည်လိုက်လေသည်။

ကျင်းစန်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

မြင်းပေါ် မတက်တော့ဘဲ ဝီကျောင်းတို့ဘက်သို့ လျှောက်သွားလိုက်လေတော့သည်။

➤ ➤ ➤



ကျင်းစန်းက ဝီကျောင်းတို့နှင့်အတူ သစ်ပင်အောက်၌ ပြန်ထိုင်ချလိုက်လေသည်။

လေပြည်လေညှင်း ဖွေယမ်းတိုက်ခတ်လာသည်။

မွှေးကြိုင်သော တောပန်းရနံ့များ လွင့်ပျံ့လာ၏။

အဝေးမှ ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီကျေးသံများကိုလည်း ကြားနေရသည်။

သစ်ရွက်ကလေးတစ်ရွက်က လေထဲဝေ့ကာဝဲကာဖြင့် ကြွေကျလာလေသည်။

ကျင်းစန်းက သစ်ရွက်ကလေးကို ဖမ်းဆုပ်ထားလိုက်လေသည်။

ဝီကျောင်းနှင့် နဂါးလေးတို့က ကျင်းစန်းအား စိုက်ကြည့်နေကြလေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"မင်းတို့ သိချင်တယ်ဆိုယင် ငါ့ဘဝအကြောင်းကို စပြီးပြောပြမှ ဖြစ်မှာ"

ဟု စကားစလိုက်လေသည်။

ဝီကျောင်းက...

"ကောင်းတာပေါ့ကွာ၊ ငါတို့ သူငယ်ချင်းတစ်ယောက်က ဘယ်လို အခြေအနေမျိုးကဆိုတာ ငါတို့ သိရတာပေါ့"

နဂါးလေး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ကျင်းစန်း၊ မင်းဘဝအကြောင်းကို ပြောချင်သလိုသာပြော ငါတို့ စိတ်ဝင်စားတယ်"

ကျင်းစန်းက…

“တကယ်တော့ ငါဟာ ချမ်းသာကြွယ်ဝတဲ့ မိဘနှစ်ပါးက မွေးဖွားလာတဲ့ တစ်ဦးတည်းသောသားပဲ၊ ငါ့ဘဝဟာ ငယ်စဉ်က ဘာဆိုဘာမှ လိုလေသေး မရှိခဲ့ဘူးပေါ့ကွာ”

“ဟာ မင်းကလည်း သူဌေးသားပါဆိုမှ ဘာဆိုဘာမှ လိုလေသေး မရှိတော့ဘူးပေါ့ကွာ၊ မင်းပြောမှလား”

နဂါးလေးက အရွှန်းဖောက်လိုက်လေသည်။ ကျင်းစန်းက

“ဒါပေမယ့် ငါကြီးပြင်းလာချိန်မှာ ငါ့ရဲ့မိဘနှစ်ပါးဟာ မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့ကြတယ်၊ ငါ့ကို ဦးလေးတော်စပ်သူ တစ်ယောက်က စောင့်ရှောက်ခဲ့တယ်၊ ဒါပေမယ့် သူက လောဘကြီးတဲ့ လူတစ်ယောက်ဆိုတော့ ငါ့မိဘတွေရဲ့ ပစ္စည်းဉစ္စာတွေကို အပိုင်စီးပြီး ငါ့ကိုပါ လက်စဖျောက်ဖို့ ကြိုးစားခဲ့တယ်၊ ငါက ထွက်ပြေးယင်း လမ်းပေါ်ကို ရောက်သွားခဲ့တယ်”

ဝီကျောင်းက…

“မင်း ဦးလေးက တော်တော်ယုတ်မာတာပဲ”

နဂါးလေး ထောက်ခံလိုက်လေသည်။

“သည်လို လူစားမျိုးကို ကောင်းကောင်းကြီး ဆုံးမရတယ်ကွ”

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

“စိတ်ချပါကွာ၊ ငါက သူ့ကို ရှာဖွေနေတာပါ၊ ရှာတွေ့တဲ့ တစ်နေ့ကျယင် မှတ်လောက်သားလောက် ဖြစ်အောင် ဆုံးမလိုက်မှာပါ”



နဂါးလေးနှင့် ဝီကျောင်းတို့ ကျေနပ်သွားကြလေသည်။

ကျင်းစန်းက…

“ငါဟာ လမ်းပေါ်မှ လေလွင့်ခဲ့တယ်၊ ဒုက္ခရောက်ခဲ့တယ်၊ အစာရေစာပြတ်ပြီး သေလုမျောပါး ဖြစ်ခဲ့ရတယ်၊ သည်အချိန်မှာ လူထူးလူဆန်းကြီးတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်၊ သူက ငါ့ကို ခေါ်သွားပြီး ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တယ်၊ သိုင်းပညာ သင်ပေးခဲ့တယ်၊ သည်လိုနဲ့ အရွယ်ရောက် ကြီးပြင်းလာခဲ့တယ်၊ သိုင်းပညာ ရခဲ့တယ်”

သူ့အား သိုင်းပညာ သင်ပေးလိုက်သည့် ဆရာမုတ်ဆိတ်ဖြူကြီးမှာ ထိပ်သီးသိုင်းဆရာကြီးတစ်ယောက် ဖြစ်ကြောင်း ဝီကျောင်းနှင့် နဂါးလေးတို့ ရိပ်မိထားကြပြီး ဖြစ်ပေသည်။

ကျင်းစန်းက…

“ငါအရွယ်ရောက်ပြီး သိုင်းပညာ ပြည့်စုံတဲ့ တစ်နေ့မှာ ဆရာကြီးက တာဝန်တစ်ခုပေးပြီး သိုင်းလောကထဲ စေလွှတ်လိုက်တယ်”

ဝီကျောင်း စိတ်ဝင်စားသွားလေသည်။

“မိုးကြိုးဓားနဲ့ ကြေးစုတ်တံ ကိစ္စကို ဖြေရှင်းဖို့ မဟုတ်လား”

“ဟုတ်တယ်၊ သည်ကိစ္စပါပဲ”

ထိုစဉ်…

မလှမ်းမကမ်းမှ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့လိုက်ရလေသည်။

ကျင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

“ဘယ်သူလဲ”

အော်ငေါက်ယင်း ခုန့်ထွက်လိုက်လေသည်။

နဂါးလေးနှင့် ဇီကျောင်းတို့လည်း ချက်ခြင်းပြေးလိုက်သွားကြလေတော့သည်။

➢ ➢ ➢

"ဟူး...ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

ကျင်းစန်း၊ ဇီကျောင်းနှင့် နဂါးလေးတို့ ချက်ခြင်းပင် သစ်ပင်ချုံနွယ်များကြားသို့ ရောက်ရှိသွားကြလေသည်။

ထိုအခါ...

အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်က ထွက်ပြေးဖို့ကြိုးစားနေသည်ကို တွေ့လိုက်ရ၏။

ကျင်းစန်းတို့ ဝိုင်းရံထားလိုက်ကြလေသည်။

"မပြေးနဲ့"

အနက်ရောင်ဝတ်ဆင်ထားသူ ထွက်ပြေးနိုင်ခြင်း မရှိတော့ပါချေ။

"ကျုပ်...ကျုပ်ကို ချမ်းသာပေးပါဗျာ"

မြေပေါ် ဒူးထောက်ချကာ တောင်းပန်လိုက်လေသည်။

ဇီကျောင်းက...

"ခင်ဗျား ဘယ်သူလဲ သေချင်ပြီ ထင်တယ်"

ဟု ငေါက်လိုက်သည်။



ထိုလူက...

"ကျုပ်...ကျုပ်က ဆရာစုထင်းရဲ့လူတစ်ယောက်ပါ၊ မိတ်ဆွေလေးတို့နောက်ကို လိုက်လာခဲ့တာပါ"

ကျင်းစန်း မျက်မှောင်ကုပ်သွားလေသည်။

"ဘာကြောင့် ကျုပ်တို့နောက်ကို လိုက်လာရတာလဲ ပြောစမ်းပါဦး"

ထိုလူက...

"သခင်မလေးက ကျုပ်တို့ကို မောင်းထုတ်လိုက်လို့ပါ"

ကျင်းစန်း၊ ဇီကျောင်းနှင့် နဂါးလေးတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ထိုလူက...

"ဆရာစုထင်း အပါအဝင် ကျုပ်တို့အားလုံးဟာ သူတို့အတွက် အသက်စွန့်ပြီး ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်၊ ဒါပေမယ့် သူတို့အတွက် အသုံးမလိုတော့ဘူးဆိုတာနဲ့ ကျုပ်တို့ကို မောင်းထုတ်လိုက်တာ ဘယ်လိုမှ မကျေနပ်နိုင်ပါဘူးဗျာ၊ ပြီးတော့ သူတို့ဟာ တစ်ချိန်က လူစွမ်းကောင်းငါးယောက်မှာ ပါဝင်ခဲ့တဲ့ ဂူချန်းနဲ့ ပတ်သက်နေတယ်လို့ သိရပါတယ်"

နဂါးလေး မေးလိုက်သည်။

"သခင်မလေးဆိုတာ ဂူချန်းရဲ့သမီးလား"

"ဟုတ်ပါတယ်"

ကျင်းစန်း ကြားဝင်ပြောလိုက်လေသည်။

"ကောင်းပြီလေ၊ သည်ကိစ္စကို ကျုပ်တို့ ဆက်ပြီး ဖြေရှင်း

ပေးပါ့မယ်၊ ခင်ဗျား သွားချင်ရာ သွားနိုင်ပါပြီဗျာ”

ထိုလူက ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်ထွက်သွားလေတော့သည်။

➤ ➤ ➤

စုထင်း၏လူက ထွက်သွားပြီ ဖြစ်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

“သူတို့ရဲ့ လုပ်ရပ်ကို ဘယ်သူကမှ ကျေနပ်ကြတာ မဟုတ်ဘူး”

ဟု ရေရွတ်လိုက်လေသည်။

ဝိကျောင်းက...

“အားလုံးကို အသုံးချသွားတာ ကျေနပ်စရာအကြောင်းမှ မရှိတာ”

နဂါးလေးက...

“ကျုပ်တို့ သိုင်းလောကမှာ ကျင်လည်ကျက်စားယင်း ဂူချန်းနဲ့ နယ်ခြားမြို့စားရဲ့ သတင်းကို ကြားခဲ့တယ်၊ သူတို့ဟာ သိုင်းလောကကို ဒုက္ခပေးမယ့် လူတွေပဲ၊ ခုတော့ သူတို့ကို ကျုပ်တို့က ကူညီခဲ့သလို ဖြစ်နေပြီ”

မကျေမနပ် ပြောလေသည်။

ကျင်းစန်းက...

“ကျုပ်ဆရာက ကျုပ်ကို စေခိုင်းခဲ့တာ သူတို့ကို ကူညီချင်



ဟန်ဆောင်မှ သူတို့အကြောင်းကို ဖော်ထုတ်နိုင်မယ်၊ ဒါကြောင့် ကျုပ်က ကြေးစုတ်တံကို အယင်ဆုံးရအောင် ယူခဲ့တာပါ”

ဝိကျောင်းနှင့် နဂါးလေးတို့က ကျင်းစန်းကို ကြည့်လိုက်ကြ၏။

ကျင်းစန်းက...

“ဂူချန်းက နယ်ခြားမြို့စားနဲ့ မိတ်ဖွဲ့လိုက်တယ်၊ သူတို့နှစ်ယောက် တွေ့ဆုံကြလိမ့်မယ်၊ စုထင်းဟာ နယ်ခြားမြို့စားရဲ့ကျေးဇူးရှိဖူးတော့ ဂူချန်းတို့လူစုကို နယ်ခြားမြို့စားဆီကို လိုက်ပို့ပေးဖို့ တာဝန်ယူခဲ့ရတယ်၊ စုထင်းက နယ်ခြားမြို့စားကို မျက်နှာလုပ်ချင်တော့ ပျောက်ဆုံးသွားတဲ့ ကြေးစုတ်တံဟာ သိုင်းသမားလင်းကျိဆီမှာ တကယ်ရှိမရှိ ကွမ်းကြိုးညီနောင်ကို စုံစမ်းခိုင်းခဲ့တယ်”

ဝိကျောင်းက...

“သည်လူတွေဟာ စောရတွေပဲ၊ သိုင်းဆရာလင်းကျိက ကြေးစုတ်တံကို မတော်တဆ ရထားတာ မှန်နေယင် သူတို့က ရအောင် ခိုးယူပြီး စုထင်းကို ပေးကြမှာ”

ကျင်းစန်း ခေါင်းညိတ်လိုက်လေသည်။

“ဒါကြောင့် ကျုပ်က လက်ဦးအောင် ရယူခဲ့တာ ကြေးစုတ်တံ ကျုပ်ဆီမှာ ရှိနေတာကို တွေ့သွားလို့လဲ စုထင်း အလွယ်တကူ လက်ခံခဲ့တာပေါ့”

နဂါးလေး ပြုံးလိုက်သည်။

“ကြေးစုတ်တံက အတော်နာမည်ကြီးတာပဲ၊ မင်းလက်ထဲမှာ ရှိနေတာကို သိုင်းလောကသားတွေ သိသွားကြယင် ချမ်းသာပေး

ကြမှာ မဟုတ်ဘူး”

စီကျောင်းက…

“ဒါကို ကျင်းစန်း ဂရုစိုက်မယ် မထင်ပါဘူး”

ကျင်းစန်း ခေါင်းညိတ်လိုက်လေသည်။

“ဟုတ်တယ်၊ ကျုပ်က ဂူချန်းနဲ့ နယ်ခြားမြို့စားကို ဆုံးမနိုင်ဖို့က လွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားပါဘူးဗျာ”

စီကျောင်းက…

“ကျင်းစန်း၊ ကြေးစုတ်တံနဲ့ ပတ်သက်ခဲ့တဲ့ ကိစ္စတွေကို ဆက်ပြီး ရှင်းပြယင် ကောင်းမယ်”

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

“ကျုပ်ပြောပြမှာပါ”

သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေတော့သည်။

ပထမပိုင်းပြီး၏။

၃–စာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။